ဗိုလ်မှူးချုပ်

ကျော်ဇော ၏

ပြည်တွင်းငြိမ်းချမ်းရေး

သဘောထား

နှင့်

၁

လက်ရွေးစဉ်မိန့်ခွန်းများ

ပဌမနှိပ်ခြင်း

———o———

အုပ်ရေ— ၆၀၀၀
နိုဝင်ဘာလ— ၁၉၅၇

ဒုတိယနှိပ်ခြင်း

———o———

အုပ်ရေ—၄၀၀၀
ဒီဇင်ဘာလ— ၁၉၆၀

ဗိုလ်မှူးချုပ် ကျော်ဇော

၏

★

ပြည်တွင်းငြိမ်းချမ်းရေး

သဘောထား

နှင့်

လက်ရွေးစင် မိန့်ခွန်းများ။

★

ရန်ကုန်မြို့—၅၃—လမ်း၊ အမှတ် ၄၂။
အောင်မျိုးစာပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

ဖြန့်ချီရာဌာန—
'လင်းထင်' စာပေဖြန့်ချီရေး
အမှတ် ၄၅၊ ရှမ်းလမ်း၊ စမ်းချောင်း
ရန်ကုန်မြို့။

[ထုတ်ဝေသူ မှတ်ပုံတင်နံပါတ်, ရန်ကုန်—၀၃၅၉]

အမှာစာ

ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပါတ်သက်၍ ကျွန်တော်၏ သဘောထားကို အောက်တိုဘာ ၂၇-ရက်နေ့ ထုတ်ပြန်ပြီး၊ နောက်ပိုင်းတွင် စာအုပ်ရိုက်နှိပ်ရန် အဆော်သြများ လာရောက်အကြံပေးကြပါသည်၊ သတင်းစာများတွင်လည်း အချို့သာ အပြည့်အစုံ ပေါ်ပြနိုင်သည်။ ကျန်သတင်းစာများ နေရာမရ၍ အတိုချုံး၍သာ ပေါ်ပြကြသည်.....။ ထို့ကြောင့် စာအုပ်အဖြစ် ရိုက်နှိပ်ရန် ဖြစ်လာပါသည်။ သတင်းစာတွင် စာမျက်နှာ မများရအောင် အကျဉ်းချုပ်၍ပေါ်ပြခဲ့ရ၊ အချို့အချက်များမှာ မူလသဘောရင်းပေါ်လွင်သင့်သလောက်မပေါ်သည်ကိုတွေ့မြင်ရသဖြင့်၊ စာအုပ်တွင် အချို့အချက်များကို မူလထက် အနည်းငယ်ရှင်းလင်းအောင် ဖြည့်စွက် ရေးသားထားပါသည်။

ဤစာအုပ်တွင် ပြည်တွင်းငြိမ်းချမ်းရေး သဘောထားသာမက၊ တိုင်းပြည်အနေဖြင့် သင့်သျော်ညီညွတ်မည့် (၁၆) နှစ်အတွင်း ကျွန်တော်၏လက်ရွေးစဉ် မိန့်ခွန်းအချို့ကိုပါ ထည့်သွင်းပေါ်ပြခဲ့ပါသည်။

ရန်ကုန်မြို့
၁၉၅၇-ခု၊ နိုဝင်ဘာလ ၄-ရက်။

(ပုံ) ကျော်ဇော
ဗိုလ်မှူးချုပ်

ဗိုလ်မှူးချုပ် ကျော်ဇော

ဖြန့်ချီသူ၏ဒုတိယနှိပ်ခြင်းနှင့် ပါတ်သက်၍အမှာစာ။

———o———

ဗိုလ်မှူးချုပ်ကျော်ဇော၏ " ပြည်တွင်းငြိမ်းချမ်းရေးသဘောထားနှင့် လက်ရွေးစဉ်မိန့်ခွန်းများ" စာအုပ်ကို နိုဝင်ဘာ-၁၉၅၇-ခုနှစ်ကစတင် ထုတ်ဝေခဲ့ပါသည်။ စာအုပ်များကုန်ခဲ့သည်မှာအတော်ကြာပြီး ဖြစ်ရာမဘတ်ရသေးသူတို့၏ မေးမြန်းတိုက်တွန်းခြင်းများကြောင့် ဒုတိယ အကြိမ်ပြန်၍ ရိုက်နှိပ်ရန် စဉ်းစားရပါသည်။

ဤစာအုပ်မှာ စိတ်ဝင်စားစရာပြည်တွင်းငြိမ်းချမ်းရေး အတွက်သာမက လက်ရွေးစဉ်မိန့်ခွန်းများတွင် စစ်ရေးစစ်ရာနှင့် ပါတ်သက်၍၎င်း၊ ဗက်ဆစ်ဗျာန်တော်လှန်ရေးတိုက်ပွဲများနှင့်၎င်း၊ အခြားမှတ်သားဘွယ်ရာများပါ ဗိုလ်မှူးချုပ်ကျော်ဇော၏ အတွေ့အကြုံဗဟုသုတအများကိုတိုတိုနှင့်လိုရင်းကို ဖေါ်ပြထားရာ မဘတ်ရသေးသောသူများအတွက် ဘတ်ရန် အထူးသင့်တော်သည့် အတွက် ထပ်၍ ရိုက်နှိပ်လိုက်ပါသည်။

ရန်ကုန်မြို့။ (ပုံ) လှမေ
၁၉၆၀ ဒီဇင်ဘာ ၂ (၁) ရက် ထုတ်ဝေဖြန့်ချီသူ

မာတိကာ

စာမျက်နှာအမှတ်

၁။ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပါတ်သက်၍ သဘောထား၊ .... ၁။

၂။ နေသူရိန်မိန့်ခွန်း၊ .... ၅၁။

၃။ လွတ်လပ်ရေးနေ့မိန့်ခွန်း၊ .... ၇၅။

၄။ အာဇာနည်နေ့မိန့်ခွန်း၊ .... ၈၃။

၅။ ဗိုလ်သင်တန်းကျောင်းဆင်းမိန့်ခွန်း၊ ....၈၈။

၆။ မျိုးချစ်ပြည်သူ့တစ်နှင့်ခါးပိုက်.... ဆောင်တစ်၊ .... ၁၀၅။

ဗိုလ်မှူးချုပ် ကျော်ဇော

၏

★

ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပါတ်သက်၍ သဘောထား။

သတင်းစာကွန်ဖရင့်

၁။ ကျွန်တော်၏ ဇွန်လ သတင်းစာ ကွန်ဖရင့်တွင် သတင်းစာဆရာများက၊ ယခု ဖြစ်နေသော ပြည်တွင်းစစ်ရပ်စဲရေးအတွက် အမြတ်တိုက်ရေးနှင့် ငြိမ်းချမ်းစွာ ဖြေရှင်းရေးတွင် မည်ကဲ့သို့ ဖြေရှင်းလျှင် ကောင်းပါသလဲ၊ ကျွန်တော်၏သဘောထားကို သိလိုပါသည်ဟု မေးမြန်းခဲ့ပါသည်။

တိုင်းပြည်အနေနှင့် လက်ရှိ ပြည်တွင်းစစ်ကို၊ စစ်ရေး-စစ်ရာ အပေါ် မူတည်၍ ကျွန်တော်၏ ထင်မြင်ချက်များကို များစွာသိလိုမည်ဖြစ်သည်။

ကျွန်တော့အနေဖြင့်လည်း **တင်ပြရန်** တာဝန်ရှိသည်၊ ထို့ကြောင့် ငှင်းကိစ္စသည် ကျွန်တော် မကျွမ်းကျင်သော နိုင်ငံရေး၊ စီးပွားရေး ပြဿနာများ ရောပြွမ်းလျက် ရှိပြီးကျယ်ဝန်းသဖြင့်၊ အချိန်ယူလေ့လာပြီး တင်ပြပါမည်ဟု ၂-ပါတ် ၃-ပါတ်မျှ အချိန်ပေးပါဟု သတင်းစာဆရာများအား ဖြေကြားခဲ့ပါသည်။

၂။ ထိုနောက်ပိုင်းတွင် ကျွန်တော်သည် ပြည်တွင်းစစ်နှင့် ပတ်သက်၍ လေ့လာရာ၊ မှန်းဆသည်ထက် အချိန်ပိုကုန်သွားသည်တကြောင်း၊ ပါလီမန်တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောဆိုကြသည်တို့ကို လေ့လာလိုသည်တကြောင်းတို့ကြောင့် ယခုမှ ထုတ်ပြန်ရပါသည်။

နိုင်ငံရေး၊ စီးပွားရေးများ အသင့်အတင့် အခြေခံရအောင် အညီးငယ် လေ့လာပြီး၊ ကျွန်တော်နီးလည်သော စစ်ရေးကို အဓိကမူတည်၍ တင်ပြပါသည်။

အပိုင်း ၄-ပိုင်း

၃။ တင်ပြချက်တွင် ပဌမပိုင်းတွင် ပြည်တွင်းစစ် ၁၀-နှစ်ခရီးကို ဘော်ပြ၍၊ ဒုတိယပိုင်းတွင် ယင်း ၁၀-နှစ် စစ်ကြီးကို အစိုးရနှင့်သူပုန် နှစ်ဦးနှစ်ဘက် လက်ရှိ အခြေအနေများ ဝေဘန်သုံးသပ်ပြီး၊

အကယ်၍ ဆက်လက်၍ တိုက်ခိုက်နေခဲ့သော် အနာဂါတ်တွင်မည်သို့ အလားအလာရှိသည်ကို ဝေဖန်တင်ပြထားသည်။

တတိယမှာ စစ်နှင့် နိုင်ငံရေးအကြောင်း ဘော်ပြပြီး၊ စတုတ္ထတွင် ပြည်တွင်းစစ်၏အဆုံးသတ်ခန်းနှင့် ကျွန်တော်ဆန္ဒသဘောကို တင်ပြထားသည်။

အပိုင်း(၁)
(၁၀-နှစ်ခရီး)

၄။ မြန်မာပြည် ဆူပူမှု ၁၀-နှစ်ခရီးမှာ၊ ၁၉၄၈-ခု ဘီ-စီ-ပီ-ကွန်မြူနစ်များ တောခိုသည်မှစ၍ ဖြစ်ပွားခဲ့သော်လည်း၊ ၁၉၄၆-၄၇-ခု နှင်ကစ၍ ဖျာပုံ၊ ပျဉ်းမနား၊ ပဲခူး၊ ရမည်းသင်း၊ ရခိုင်ပြည် စသည်တို့တွင်၊ ဆူပူမှုများရှိခဲ့သည်။ ယင်းအနက် ရခိုင်ပြည် အလံနီ ဆူပူမှုသည် ကြီးကျယ်ခဲ့သည်။ တစ်အများအပြားလွတ်၍နှိမ်နင်းခဲ့ရသည်။ အကင်းမသေမီ ၁၉၄၈-ခုနှစ်မှစ၍ တပြည်လုံးအနှံ့အပြားမြည်တွင်းစစ်ဖြစ်ခဲ့သည်။

ကွန်မြူနစ်များ တောခိုသွားပြီးနောက်၊ ကွန်မြူနစ်လိုလားသော စစ်တပ်များတောခိုခြင်းနှင့် ဗမာပြည်နိုင်ငံရေးတွင် အတော်အင်အား ကြီးမားသော ရဲဘော်ဖြူများ ဆက်လက် တောခိုကြသည်။ သို့ဖြင့် အလံဖြူ၊ အလံနီကွန်မြူနစ်များနှင့် ရဲဘော်ဖြူများအနှံ့အပြား ပုန်ကန်တိုက်ခိုက်မှုများ ဖြစ်ခဲ့သည်။

ကေ-အင်-ဒီ-အို

၅။ ၁၉၄၈-ခုနှစ်ကုန်ခါနီးမှစ၍ ကေ-အင်-ဒီ-အို ဆူပူမှု၊ ဟိုနေရာ ဒီနေရာ အနည်းငယ်စတင်ခဲ့သည်၊ ၁၉၄၉-ခုနှစ်ဆန်း ဇန်နဝါရီလကစ၍၊ ကရင်အမျိုးသား တပ်ရင်း (၃) တပ် တောခိုပြီးနောက်၊ ကေ-အင်-ဒီ-အို ဆူပူမှုသည် အင်အားကြီးမားစွာဖြင့် တပြည်လုံးစတင်ခဲ့သည်၊ ထိုနှစ်တနှစ်လုံးသည် ပြည်တွင်းစစ်၏ အဆိုးဆုံးကာလဖြစ်သည်၊ အစိုးရ အဘို့လည်း ရန်ကုန်အစိုးရဟု ခေါ်

ရလောက်အောင် တပြည်လုံးလိုလို သူပုန်တို့ သိမ်းပိုက်နိုင်ခဲ့သည်။ အရေးကြီးသောမြို့ကြီးအချို့ကို သိမ်းထားနိုင်သော်လည်း သူပုန်များ အပိုင်းခံရပြီး အဆက်အသွယ်ပြတ်လျက်ရှိသည်၊ ကေ-အင်-ဒီ-အို နှင့် ဘီ-စီ-ပီ ကွန်မြူနစ်တို့သည်၊ ရန်ကုန်မြို့ကို သိမ်းပိုက်ရန် အကျအဆုံးခံ၍၊ အင်းစိန်၊ မှော်ဘီ၊ ပဲခူး စစ်မျက်နှာ များတွင် ၃-လတိုင်တိုင် ကြိုးစားကြသော်လည်း တပ်လန် ဆုတ်ခွါသွားရသည်။ ဤစစ်ပွဲများကား သမိုင်းဝင် တိုက်ပွဲများ ဖြစ်ပေသည်။ ကြောက်မက်ဘွယ် တဘက်နှင့်တဘက် အကြိတ်အနယ် အပြင်းအထန်တိုက်ခိုက်ရသည်။ အထက်ဗမာပြည်တွင်မူ ၎င်းတို့ရည်မှန်းချက်အတိုင်း မိတ္ထီလာ၊ မန္တလေး၊ မေမြို့စသော အချက်အချာ နေရာများကျဆုံးခဲ့လေသည်။

ထို ၁၉၄၉-ခုနှစ်တွင်၊ အရပ်ရပ် သူပုန်၏အင်အားသည် ၅-သောင်းကျော်လိမ့်မည်ဟု မှန်းဆသည်။ အစိုးရဘက်တွင် နဂိုရ်က တပ်အင်အားနည်းရသည့်ပြင်၊ ကရင်တပ်အားလုံးနီးပါးနှင့် ဗမာစစ်တပ်များ တောခိုကြသဖြင့် အတော်ပင် အားနည်းချူချာသည်၊ စစ်ဘက် တပ်ရင်း (၁၀) တပ်မျှ၊ ယူ-အမ်ဒီ (၅) တပ်လောက်နှင့် ဘီ-တီ-အက်ဖ် အနည်း ငယ်ဖြင့်သာ တိုက်ခိုက်ခဲ့ရသည်။

၁၉၄၉-နှစ် တနှစ်လုံး
အစိုးရ'ခံစစ်'

၆၊ ထိုနှစ်တနှစ်လုံး အစိုးရသည်ခံစစ်ဖြစ်၍၊ ရန်ကုန်မြို့လုံခြုံရေးနှင့် မန္တလေး ပြန်ရရေးလောက်ကိုသာ အဓိကထားခဲ့ရသည်။ ရန်ကုန်နှင့် ပဲခူးမြို့တံခါးဝ ရောက်နေသော ကေ-အင်-ဒီ-အိုနှင့်ဘီ-စီတို့ကိုခက်ခဲစွာ မေလတွင်တွန်းလှန်ပြီးနောက်၊ အောက်ဗမာပြည်တွင် ရန်ကုန် တိုးချဲ့ ကာကွယ်ရေး၊ မြို့တော် အစားအသောက် သွားငါးရိက္ခာ ဖူလုံရေးနှင့် နိုင်ငံ ဆန်စပါးရောင်းချနိုင်းရေး အတွက် နိဝင်ဘာလ မကုန်မီ၊ ခရမ်း၊ သုံးခွ၊ ထန်းတပင်၊ ဘွဲတေး၊ ညောင်တုန်း၊ သာယာဝတီ၊ ဒိုက်ဦးတို့ကိုသိမ်းပိုက်ပြီး၊ ဟင်းသာတမြို့ကို ရေလမ်းဆက်သွယ်၍၊ ခိုင်မာလုံခြုံခဲ့စေသည်။

အထက်ဗမာပြည်တွင်လည်း အချက်အချာ မန္တလေး၊ မေမြို့ မိတ္ထီလာ၊ ရေနံမြေတို့ကို သိမ်းပိုက်နိုင်ခဲ့ပေသည်။

၁၉၅၀–ခုနှစ် ထိုးစစ်

၇။ အစိုးရတပ်များသည် ၁၉၅၀–ခုနှစ်တွင်၊ ထိုးစစ်ကိုစတင်ခဲ့သည်။ သူပုန်အင်အားမှာ အစိုးရက ၁၉၄၉ ခုတွင် 'ခံစစ်' ဖြင့် တွန်းလှန်နိုင်ခဲ့သော်လည်း၊ ကျဆင်းသွားခြင်းမရှိ၊ အချို့အပိုင်းတွင် ပိုမို၍ ကျယ်ပြန့်လာခဲ့သည်။ အစိုးရအဘို့ရာလည်း၊ တပ်သစ်အနည်းငယ်မျှတိုးလာသည်။ သို့ရာတွင်သံချပ်ကာ ယန္တယားများ ရေတပ်၊ လေတပ် အဖွဲ့များတိုးလာသည်။ ယခင် အင်းစိန် တိုက်ပွဲတုံးကလို မြေကတုတ် စစ်ပွဲများအစား၊ဒုတိယ ကမ္ဘာစစ်ကြီးကဲ့သို့ သံချပ်ကာ ယန္တယားများ အသုံးပြု၍ တိုက်ပုံတိုက်နည်း သစ်များဖြင့် တိုက်ခိုက်ခဲ့ရာ၊ တိုတောင်းသော အချိန်အတွင်း ယခင် ၁၉၄၉-ခုနှစ် အတွေ့အကြုံအရ အကျအဆုံးများစွာနှင့် ခက်ခဲရှည်ကြာစွာ တိုက်ရမည့် ကေ–အင်–ဒီ–အို မြို့တော် တောင်ငူနှင့် ရောင်စုံ သူပုန်မြို့တော် ပြည်မြို့ကို လျင်မြန်စွာ သိမ်းပိုက်နိုင်ခဲ့သည်။

အထက်ဗမာပြည်၌လည်း ကုန်းလမ်း–ရေလမ်း ဖွင့်နိုင်သည်၊ စီးပွားရေး အချက်အချာ မြစ်ဝကျွန်းပေါ်တွင် ဆန်စပါး ထုတ်ယူနိုင်ရန်အတွက် မြို့ကြီးများ၊ လမ်းမကြီးများသိမ်းပိုက်ဖွင့်လှစ်နိုင်သည်။ အခြား အချက်အချာ နေရာများကိုလည်း သိမ်းပိုက်နိုင်ခဲ့သည်။

ယင်း ထိုးစစ်၏ ရည်မှန်းချက်မှာ သူပုန်တို့အား အစိုင်အခဲ ပြိုကွဲသွားစေရန် တတ်နိုင်သမျှခြေမှုန်း၍ တိုင်းပြည်၏ စီးပွားရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ အချက်အချာ နေရာနှင့် သွေးကြောလမ်းမကြီးများ ပြန်လည်သိမ်းပိုက်ရန် ဖြစ်သည်။ ရည်မှန်းချက်ထက် ပိုမိုအောင်မြင်ခဲ့သည်။

ပဉ္စမအကြိမ် သူပုန်အင်အားကျဆင်းခြင်း။

၈။ ယင်း ၁၉၅၀-ခုနှစ်၊ ထိုးစစ်ပြီးသည့်နောက် အရပ်ရပ် သူပုန်အခြေအနေ အကြီးအကျယ်ကျဆင်းသွားသည်။ ခန့်မှန်းခြေ တပြည်လုံး ငါးသောင်း (၅၀,၀၀၀) မှ သုံးသောင်း (၃၀,၀၀၀)

အထိဖြစ်သည်။

သူပုန်စိတ်ဓါတ်မှာလည်း အတော်ပင်ကျဆင်း၍ အထူးသဖြင့် ကေ–အင်–ဒီ–အိုနှင့် ရဲဘော်ဖြူများ လက်နက်ချကြသည်။

အစိုးရအနေနှင့်လည်း၊ တနှစ်အတွင်း ငြိမ်းချမ်းရေးကြေးကြော်သံမှာ ကြေနပ်ဘွယ်အောင်မြင်မှုကြောင့်၊ ပြည်တွင်း ပြည်ပတွင် ဂုဏ်သရေရှိခဲ့သည်။ ပြည်သူလူထု၏ ယုံကြည်မှုကိုလည်း အတော်ရခဲ့သည်။

၁၉၅၁-ခုနှစ်၊ ဆက်လက် ထိုးစစ်ဆင်ခြင်း။

၉။ ၁၉၅၀–ခုနှစ်၊ ထိုးစစ်ကြီးသည် အချက်အချာနေရာများ သိမ်းပိုက်ခြင်းနှင့် သူပုန်အများ ပြိုကွဲကျဆင်းစေနိုင်ခဲ့သော်လည်း၊ သူပုန်အစိုင်အခဲမှာ၊ ပျောက်ကြား အဆင့်ထိကျဆင်း မသွားသေးဘဲ အလုံးအရင်းနှင့်လမ်းမကြီးများ၏ဘေး၊ မြို့ငယ်များနှင့် ရွာကြီးများတွင် ရှိနေသေးသည်။ ယင်းကို ၁၉၅၁-၅၂-ခုနှစ် တို့တွင် အစိုးရဘက်မှ ဆက်လက်တိုက်ခိုက်ခဲ့ရာ၊ အချို့နေရာတွင် သူပုန်များ ၅၁-ခုကုန်ကထည်းက ပျောက်ကြားအထိကျဆင်းသည်။ အချို့ ၅၂–ခုနှစ် အလယ်လောက်ကျမှ ကျဆင်းသွားသည်။ သို့ရာတွင်အလုံးအရင်းနှင့် ကျဆင်းသွားခြင်းမရှိသေး။ မှန်မှန်သာကျခဲ့သော်လည်း တပြည်လုံးလိုလိုမြို့ငယ် ရွာကြီးများမှစ၍ အနှံ့အပြား အချက်အခြာများနှင့် လမ်းပန်းများပြန်လည်သိမ်းပိုက်နိုင်သည်။ စီးပွားရေး၊ နိုင်ငံရေးများတွင်များစွာအကျိုးရှိခဲ့သည်။ ဆန်စပါးနှင့်သစ်ထုတ်လုပ်ငန်းမှာ အစိုးရ၏ဘဏ္ဍာငွေကို တိုးတက်စေခဲ့သည်။

၁၉၅၂–ခုနှစ်၊ ပျောက်ကြားစစ်ကို ဆက်လက်ခြေမှုန်းခြင်း။

၁၀။ ယေဘူယျအားဖြင့် ၁၉၅၂–ခုနှစ်တွင်စတင်၍ သူပုန်၏ ပျောက်ကြားစစ်ကိုအစိုးရကနှိမ်နင်းသည်။ ၎င်းကိုစစ်အခေါ်အားဖြင့် အထွေထွေရှင်းလင်းသုတ်သင်ရေးဟုခေါ်သည် (Mopping up Campaign)၊ အစိုးရရည်ရွယ်ချက်မှာ သူပုန်တို့အား ပျောက်ကြား

မှ နိုင်ငံရေးကင်းမဲ့သော ဝရမ်းပြေး ဓါးပြများအထိ ကျဆင်းသွားအောင်ရည်ရွယ်သည်။ ဤလုပ်ငန်းမှာ ပျောက်ကြားစစ်ဖြစ်နေ၍ ယခင်ကလို အစိုင် အခဲလိုက် ရင်ဆိုင် လမ်းမကြီးများအပေါ်တွင်တိုက်ခိုက်ရခြင်းမဟုတ်၊ တပြည်လုံးအနှံ့အပြားတောကျိုအကြား တိုက်ကွင်းထင်ရှား မမြင်ရသော သူပုန်တို့ကို တိုက်ခိုက်ရခြင်းဖြစ်၍၊ စစ်ရေး စစ်ရာအရ၊ တကဲ့တိုက်ပွဲကြီးများမှာကဲ့သို့ ခရာခဲဆစ်မရှိသော်လည်း ထိထိမိမိမခြေမှုန်းမတိုက်ခိုက်နိုင်၊ ပင်ပန်း၍ အချိန်ရှည်ကြာသာလုပ်ငန်းဖြစ်သည်။

ထိုစဉ်ကာလ အချို့ပုဂ္ဂိုလ်တို့က ၁၉၅၅-ခုနှစ်လောက်တွင် ပြည်တွင်းစစ် ပြီးနိုင်သည်ဟု မှန်းဆခဲ့သည်။ ယနေ့ ၁၉၅၇- ခုနှစ်ကုန်ခါနီးအထိ သူပုန်အခြေအနေမှာ၊ ပျောက်ကြားစစ် အသွင်ပင်ဆက်လက်ရှိနေသည်။

၁၉၅၂–၅၅–ခုနှစ်၊ သူပုန် ဒုတိယအကြိမ် ကျဆင်းခြင်း။

၁၁။ ၅၂-ခုနှစ်မှ ၅၇-ခုနှစ်၊ ပျောက်ကြားစစ် ကာလအတွင်း၊ အခြေအနေကို အနည်းငယ် သုံးသပ်ကြည့်ဘိုလိုသည်။ ပျောက်ကြားစစ်ကိုခြေမှုန်းခဲ့သည်မှာ (၆)နှစ်ရှိခဲ့ပြီ၊ အစိုးရဘက်မှ၊ ၁၉၅၂-၅၃-ခုနှစ်တွင် ပျောက်ကြားစစ်ကို ခြေမှုန်းရန်တပ်သစ်တော်တော်များများဖွဲ့၍ တိုက်ခဲ့သည်။ ၁၉၅၃-၅၄ ၅၅-တို့တွင်၊ အောက်ဗမာပြည်၌အတော်ဖိ၍ ရှင်းလင်းနိုင်ခဲ့သော်လည်း၊ အထက် ဗမာပြည်တွင် တရုပ်ဖြူကိုတဘက် ပိုက်ခိုက်နေရသဖြင့်၊ ၅၂-ခုနှစ်အစတွင် အထက်ဗမာပြည် မြင်းခြံ၊ မန္တလေး၊ မိတ္ထီလာ ‘မ’ သုံးလုံးအကြား၊ ထိုးစစ်ကြီးမှတပါး၊ သူပုန်ဘက်သို့ ကြီးကျယ်သောအချိန်ရှည် ထိုးစစ်ကြီးများမလုပ်နိုင်။ စစ်ဆင်ရေး အသပ်စားများနှင့် ဒေသန္တရ စစ်ဆင်ရေး အငယ်များကိုသာ ပြုလုပ်နိုင်ခဲ့သည်။

၁၂။ သို့စဉ်လျက် ၁၉၅၂–ခုနှစ်ကုန်ကစပြီး၊ ၅၅–ခုအလယ်အထိ၊ သုံးနှစ်မျှအတွင်း အရပ်ရပ် သူပုန်အခြေအနေများစွာ ကျဆင်း

ခဲ့သည်။ ၁၉၅၂–ခုနှစ်ကုန်တွင်၊ သူပုန် ၂–သောင်းလောက်မှ၊ ၅၅ ခုနှစ်ကုန်ခါနီးတွင် ၁–သောင်းလောက်အထိ ကျဆင်းခဲ့သည်။ အကြောင်းကိုရှာရာ အဓိက အားဖြင့် စစ်ရေးကြောင့် မဟုတ်၊ နိုင်ငံရေးကြောင့် ကျဆင်း သည်ကို တွေ့ရသည်၊ ၎င်းမှာသူပုန်တို့က စစ်ရှုံးနေသော်လည်း၊ ၁၉၅၀–ခုနှစ်ကစ၍ (၂)နှစ်အတွင်း စစ်အနိုင်တိုက်ရေးလမ်းစဉ်ချထားရာ၊ (၂)နှစ်စေ့သောအခါ ထိုလမ်းစဉ်အပေါ် နောက်လိုက်များ ယုံကြည်မှုကင်းမဲ့ပြီး ပြိုကွဲကျဆင်းခြင်းဖြစ်သည်၊ ထို့အပြင် အစိုးရကလည်း ၁၉၅၂–ခုနှစ်နောက်ပိုင်းတွင် စီးပွားရေးတောင့်တင်းသဖြင့်၊ နယ်များ၌ ပြည်တော်သာစီမံကိန်းများ ပြုလုပ်ခြင်းသည်လည်း တစိတ်တဒေသအားဖြင့် သူပုန်ဘက်ကို နိုင်ငံရေး ကျဆင်းစေသည်။

သူပုန်အခြေအနေ တည်ငြိမ်လာခြင်း။

၁၃။ ၁၉၅၅–ခုနှစ်အကုန်က စ၍၊ သူပုန် အခြေအနေ တည်ငြိမ်လာသည်။ လက်နက်ချသူများလည်း အတော်တန့်သွားသည်။ အစိုးရကလည်း ၁၉၅၆–ခုနှစ်အတွင်းတွင် သူပုန်ဘက်ကို ပြင်းထန်စွာ ဖိ၍တိုက်ခိုက်သည်။ အထူးသဖြင့် 'အောင်မာဃစစ်ဆင်ရေးသည် ပြည်တွင်းစစ်ဆင်ရေးများအနက်၊ ကြီးမားသောစစ်ဆင်ရေးတခု ဖြစ်ခဲ့သည်။

ထိုစစ်ဆင်ရေးတွင် အလုံးအရင်းနှင့် ပြင်းထန်စွာ ဧရာဝတီမြစ်အနောက်၊ ပျောက်ကြားများနှင့် ဘီ–စီ–ပီ–ဌာနချုပ်ကို ခြေမှုန်းရန်ကြိုးစားသော်လည်း၊ မှန်းသလိုမအောင်မြင်ခဲ့ချေ၊ ၁၉၅၆ ခုနှစ်ကုန် အရပ်ရပ် သူပုန်အခြေအနေသည် စစ်ရေးနှင့် အစွမ်းကုန်ဖိနေသည့်ကြားထဲမှပင် ကျမသွားဘဲ တန့်နေသည်။

နောက်ဆုံးအခြေအနေ။

၁၄။ ၁၉၅၇–ခုနှစ်တွင် သူပုန်တို့အား ဆက်လက်၍ တပြည်လုံး ဖိနှိပ်တိုက်ခိုက်ခဲ့သည်။ သို့ရာတွင် အရပ်ရပ်သူပုန် အခြေ

အနေကျမသွားဘဲ ဆက်လက်၍တန့်နေရုံမက၊ အချို့နေရာများတွင် ဘိုးတက်လာပုံရသည်။ ယခုနောက်ဆုံးခန့်မှန်းခြေ တပြည်လုံး တသောင်းကျော်ခန့် ရှိလိမ့်မည်ဟု ယူဆသည်။

နိုင်ငံရေးကြောင့် မကျဆင်းခြင်း။

၁၅။ ၅၆–၅၇–ခုနှစ်၊ အောင်မာဃစစ်ဆင်ရေး၊ မင်းရန်အောင်စစ်ဆင်ရေးနှင့် အခြားအထွေထွေ စစ်ဆင်ရေးတို့တွင် ပြင်းပြင်းထန်ထန်ခြေမှုန်းသုတ်သင်သော်လည်း အခြေအနေမကျဆင်းခြင်းမှာ နိုင်ငံရေးကြောင့်ဖြစ်သည်မှာ ထင်ရှားသည်။

အပိုင်း (၂)

ပြည်တွင်းစစ်(၁၀)နှစ်ခရီးကိုဝေဖန်သုံးသပ်ချက် ဘာ့ကြောင့် သူပုန်စောစောပိုင်းလို မကျဆင်းသလဲ။

၁၆။ ပြည်တွင်းစစ် (၁၀) နှစ်ခရီးတွင်၊ ၁၉၄၉–ခုနှစ်မှာ အစိုးရဘက်မှ ခံစစ်၊ ၁၉၅၀–ခုနှစ် ထိုးစစ်။ ၅၁–ခုနှစ်တွင် ဆက်လက်၍ ထိုးစစ်လုပ်ခြင်းဖြင့်၊ ၅၂–ခုနှစ်ကစ၍ ယေဘူယအားဖြင့် ပျောက်ကြားစစ် ဖြစ်ခဲ့ရာ၊ ရည်မှန်းချက် အတိုင်း ပျောက်ကြားမှ တောပုန်း ဓါးပြအထိ ကျဆင်းသွားအောင်၊ ယခုအထိ နှိပ်ကွပ်၍ မရနိုင်ဘဲ၊ လုံးလယ်သိုက်လျက်ရှိကြောင်း ရေးခဲ့ပြီ။ ယခုဆက်လက် ဘာကြောင့် သူပုန်စောစောပိုင်းကလို မကျဆင်းသလဲ၊ စစ်ရေး၊ နိုင်ငံရေး၊ ဘာအခက်အခဲ တွေ့ရှိသလဲ စသော (၁၀) နှစ်ခရီးမှာ အတွေ့အကြုံများ ဝေဖန်သုံးသပ်ပြီး၊ အနာဂါတ်ကို ဆက်လက်မှန်းဆနိုင်ရန် တင်ပြပါမည်။

သူပုန် ကျဆင်းဘူးသော သာဓက ၂ ရပ်။

၁၀–နှစ်ခရီးတွင် သူပုန် ၂–ကြိမ် ကျဆင်းခဲ့ဘူးသည်။ ပဌမအကြိမ် ၁၉၅၀–ခုနှစ် စစ်ရေးကြောင့်ရင်း။ ဒုတိယ ၁၉၅၂–၅၅ ခုနှစ်အတွင်း နိုင်ငံရေးကြောင့်ရင်း ဖြစ်သည်ကို ဖေါ်ပြခဲ့သည်။

စစ်ရေးကြောင့် ကျဆင်းမှုကို ဝေဘန်ချက်

၁၉၅၀–ခု စစ်ကြောင့်၊ သူပုန်ကျဆင်းခြင်းကို လေ့လာလျှင် စစ်အင်အားဖြင့် ဖိနှိပ်သောကြောင့် ကျဆင်းခဲ့သည်မှာ မှန်ကန်သည်။ သို့ရာတွင် ၁၉၅၀–ခုနှစ် တိုက်ပွဲများကိုဝင်ကြည့်လျှင်၊ တိုက်ပွဲအတွင်း၌ သူပုန်အား၊ ထုံးစံ စစ်သဘော အသူအဆအတိုင်း စစ်ပွဲများတွင် ချေမှုန်းနိုင်၍ ကျဆင်းခဲ့ခြင်းမဟုတ်ပေ၊ ထိုကာလ အရပ်ရပ် သူပုန်တို့နှင့် ထိုးစစ်တွင်၊ သူပုန်တို့ကနေရာတွဲ စစ် ၂–နေရာ၊ ၃ နေရာလောက်သာ ရင်ဆိုင်ခုခံပြီး၊ ကျန်ဒေသတွင် ကြိုတင်ဆုတ်ခွါကြသည်သာ ဖြစ်သည်။ အစိုးရတပ်၏ သံချပ်ကာယန္တယားကို ရင်ဆိုင်တားဆီး တိုက်ခိုက်နိုင်ခြင်းမရှိ၊ ထို့ကြောင့် စစ်ပွဲတွင် ချေမှုန်းနိုင်မှုမှာ မပြောပလောက်သော အချိုးအစား ကလေးမျှသာ ဖြစ်သည်။ သို့စင်လျက် ၁၉၅၀–ထိုးစစ်ကြီး ပြီးသည့်နောက်၊ အရပ်ရပ် သူပုန် ၅ သောင်းမှ ၃ သောင်းအထိ၊ ၁၀ လလောက်အတွင်း လျှင်မြန်စွာ ကျဆင်းခဲ့သည်။ အဘယ်ကြောင့် ကိုယ်ထိလက်ရောက် မချေမှုန်းနိုင်ဘဲ ကျဆင်းရသည်မှာ၊ သံချပ်ကာ ယန္တယားတပ်များကို အံ့အားသင့်လောက်အောင် များပြားစွာ အသုံးပြု၍ တောင်၊ ပြည်စသောမြို့ကြီးပြကြီး လမ်းမကြီးများကို ဖြိုးကနဲလျှပ်တပြက်သိမ်းပိုက်လိုက်ခြင်းဖြင့်၊ ပြည်တွင်းစစ် အနေဖြင့် စစ်ခေတ်တခေတ်ကို ယုဘ်တရက် ကျော်တက်လိုက်သလို ဖြစ်သွားခဲ့သည်။ ယင်းအချက်များကို သူပုန်တို့ အဘို့ ယုတ်တရက် မမျှော်လင့်ဘဲ အံ့အားသင့်စေပြီး၊ တုန်လှုပ် လန့်ဖြန့် စိတ်ဓါတ် ကျဆင်းခဲ့သည်။ ထို့အပြင်မြို့ကြီးပြကြီးလမ်းမကြီးများပေါ်မှယုတ်တရက်ဘေးသို့ရှောင်ခွါပြီး မြို့ငယ်ကလေးများ၊ ကျေးရွာများသို့ အနိမ့်သို့ဆင်းပြေးကြရသဖြင့် ပိုမိုစိတ်ဓါတ် ကျဆင်းသည်။

ထို့ကြောင့် အချို့မှာ လက်နက် ချသူချ၍၊ အချို့မှာ ၎င်းတို့ရပ်ရွာ၊ ကိုယ့်အိုး ကိုယ်အိမ်သို့ လက်နက်ကို တခြား တနေရာ

ထားပြီ အေးအေးဆေးဆေး ပြန်နေကြခြင်းဖြင့် သူပုန်အင်အားများစွာ ကျဆင်းသွားခဲ့သည်။

၁၉၄၇-ခုနှစ် ရခိုင်ပြည် အရေးတွင်လည်း

၁၈။ မျက်မှောက် ဗမာပြည်နှိမ်နင်းရေးတွင်၊ စစ်ရေးစစ်ရာဖြင့် သူပုန်ကျဆင်းမှုမှာ ဤတကြိမ်သာမက၊ ပြည်တွင်းစစ်ကြီးမစခင်၊ ၁၉၄၇-ခု ရခိုင်ပြည် အလံနီသူပုန်အရေးတွင်လည်း စစ်အင်အားဖြင့်ဖိ၍ သူပုန်ကျဆင်းနိုင်ခဲ့သော သင်ခန်းစာတရပ် ရှိသေးသည်။

ယင်းကိစ္စတွင်လည်း သူပုန် ကျဆင်းသွားသည့် အကြောင်းရင်းမှာ၊ စစ်ပွဲများ၌ ချေမှုန်းနိုင်၍၊ မဟုတ်ပေ။ သူပုန်များ အတွေ့အကြုံ မရင့်ကျက်သေးမှီ၊ ရခိုင်ဒေသတခုတည်းကိုသာ တပ်များများစွာပို့၍ သူပုန်တို့အဘို့ မျှော်လင့်မထားသော အင်အားနှင့်ယခင် မတွေ့မကြုံဘူးသောအရှိန်ဖြင့် ဆက်တိုက် နေရာတကာ အနှံ့အပြားဖိ၍လိုက်လံတိုက်ခိုက်ခဲ့သည်။

သို့ရာတွင် တိုက်ပွဲ၌သူပုန်တို့အား ကိုယ်ထိလက်ရောက် ချေမှုန်းနိုင်ခြင်းမရှိ၊ စစ်ပွဲအတွင်း သူပုန် အကျအဆုံးနှင့် လက်နက်ချသူ ၃/၄ ဆယ်ပင်ရှိခဲ့သည် မဟုတ်၊ သို့သော်လည်း (၅) လကြာပြီး စစ်ဆင်ရေး ရပ်ဆိုင်းသည့် အခါ၊ သူပုန် ၁၂၀၀ လောက်မှ မပြောပ လောက်သော အင်အားစုကလေးထိ ကျဆင်းသွားခဲ့သည်။

အဘယ်ကြောင့် သူပုန်အင်အား ကျဆင်းရသလဲဆိုလျှင် အထက်ဖေါ်ပြပါ ၁၉၅၀ ခုနှစ်၊ ထိုးစစ်ကဲ့သို့ပင် သူပုန်တို့မှာ မမျှော်လင့်သော စစ်အင်အားနှင့် ၎င်းတို့တွေးခေါ် ကြံဆမထားဘူးသော စစ်လှုပ်ရှားမှုကြောင့်၊ တုန်လှုပ်ချောက်ချား စိတ်ဓါတ်ကျဆင်းပြီး လက်နက်ကို တနေရာစွန့်ပြီး ကိုယ့်အိုး ကိုယ့်အိမ်သို့ အေးဆေးစွာဖြင့် ပြန်နေထိုင်ကြသည်။

၁၉၄၉ ခုနှစ် ရခိုင်သူပုန်၊ တဖန် ပြန်လည်လှုပ်ရှားခြင်းမှာ ရခိုင် ဘီတီ အက်ဖ် တပ်များနှင့် ရခိုင် ယူ အမ်ပီ များ ဗမာပြည်

သူပုန်ထသဖြင့် နောက်ထပ် အလုံးအရင်းနှင့် တောခို၍ ဖြစ်သည်။

စစ်ရည်ရွယ်ချက် ပြည့်ဝသည်သာ ဖြစ်သည်။

၁၉။ မည်သို့ဖြစ်စေ၊ ဤအရေးများကို စိစိသဘောသက်သက်ဖြင့်ကြည့်လျှင် ရည်မှန်းချက်ပြည့်စုံပြီး အောင်မြင်မှုသာဖြစ်သည်။ အကြောင်းမူ စစ်၏နောက်ဆုံးရည်မှန်းချက်မှာ နေရာတကာ ရန်သူချေမှုန်းရန်မဟုတ်၊ ရန်သူသည် တိုက်စိတ်ခိုက်စိတ်ပျက်၍ လက်နက်ချ အရှုံးပေးရေးသာဖြစ်သည်။ အထက်စစ်ပွဲများတွင် မချေမှုန်းနိုင်သော်လည်း စိတ်ဓါတ်ပျက်၍ အင်အားကျဆုံးခြင်းသည် ရည်ရွယ်ချက်မြောက်ပေသည်။ သို့ရာတွင် စစ်အတွေ့အကြုံ များလာသောသူ၊ ရေရှည်ပျောက်ကြား စစ်ပုံအသွင် ရှိသောသူ၊ နိုင်ငံရေးနည်းဖြင့်ဖြစ်စေ၊ တနည်းနည်းဖြင့်ဖြစ်စေ၊ စိတ်ဓါတ်ခိုင်မာသောသူတို့ကို ချေမှုန်းရာတွင် အထက်စစ်ပွဲများကဲ့သို့ အလွယ်တကူစိတ်ဓါတ်ကျဆင်း ပြိုကွဲလိမ့်မည်မဟုတ်ပေ။ ထိုအကြောင်းကို နောင်သောအခါ ကျွန်ုပ်တို့တွေ့မြင်ပေသည်။

၅၆-၅၇ တွင် စစ်ရေးဖြင့် ဖိသော်လည်း သူပုန် ဘာကြောင့် မကျဆင်းသလဲ။

၂၀။ ၁၉၅၅-ခုနှစ်ကုန် ကာလကစ၍ ယခုအထိ ၂-နှစ်မျှ သူပုန်တို့အား စစ်ရေးဖြင့် နောက်နောက်ကထက် ပြင်းထန်စွာ အထူးတပ်များ၊ တိုက်ပုံ တိုက်နည်း သစ်များဖြင့် ဖိ၍တိုက်ခဲ့သည်။ အထူးသဖြင့် ၁၉၅၆-ခု၊အောင်မာလ စစ်ဆင်ရေးသည် အကြီးအကျယ်ဆုံးဖြစ်သည်။ အင်အား အဆများစွာကြီးမားသော တပ်များက ရေယာဒေသတခုအတွင်း အချိန်ရှည် အကွက်ရိုက်၍ စနစ်တကျ ပိုက်စိုင်းချေမှုန်းမှုများကို အကြိမ်ကြိမ် ပြင်းထန်စွာ ပြုလုပ်ခဲ့သည်။ သူပုန်အင်အား၊ အစိုးရအင်အား၊ နေရာအကျယ်အဝန်းနှင့်အချိန်၊ ထို ၄-ချက်ကို အကွက်ချ ကြည့်လျှင်အလွန် ဒုဒယ်နှင့် အရှိန်ကြီးပေသည်။

သူပုန်တို့အဘို့ မမျှော်လင့်သော အတွေ့အကြုံဖြစ်သည်။ ယခင်အတွေ့အကြုံများအရ ဤစစ်ဆင်ရေးမျိုးတွင် စစ်ပွဲအတွင်း ထိရောက်စွာ မခြေမှုန်းနိုင်သည့်တိုင်၊ စစ်ဆင်ရေးပြီးလျှင် စိတ်ဓါတ်ပျက်ပြီး လက်နက်ချခြင်း၊ ကိုယ့်အိုးကိုယ့်အိမ်ပြန်ကြခြင်းဖြင့်၊ ထိုဒေသတွင် သူပုန်မရှိသလောက် ကျဆင်းသွားတို့သာ ဖြစ်သည်။ သို့ရာတွင် ဤစစ်ဆင်ရေးတွင် တပ်မတော် ပြင်းထန်စွာ ကြိုးစားသော်လည်း ထိရောက်စွာ ခြေမှုန်းနိုင်မှုမရှိခဲ့။ စစ်ဆင်ရေးပြီး ကာလတွင် စိတ်ဓါတ်ပျက် ပြိုကွဲမှုလည်းမရှိ၊ စစ်ဆင်ရေးအရှိန် ပြင်းသောကာလ ယာယီပြိုကွဲပြီးနောက်၊ ဆက်၍ အစိုင်အခဲများတည်ရှိလာပြန်သည်။ အဓိက ရည်မှန်းချက်ဖြစ်သော ဘီ-စီ-ပီ-ဌာနချုပ်ကိုလည်း မခြေမှုန်းနိုင်ခဲ့ပေ။ သူပုန်တို့တွင် စစ်ဆင်ရေး နေရာဒေသအချို့ကို သိမ်းပိုက် တပ်စွဲလိုက်သဖြင့် ယခင်ထက် နယ်ကျဉ်းသွားမှု ရှိကောင်း ရှိပေလိမ့်မည်။ အရင်တုန်းကလို စိတ်ဓါတ်ကျဆင်း ပြိုကွဲခြင်းကား မရှိခဲ့ပေ။ ၎င်းတို့တွင် ပျောက်ကြားစစ်နှင့် ပါတ်သက်၍ အတွေ့အကြုံများလည်း ရသွားဟန်တူသည်။

၂၁။ ယခင် ရခိုင်အလံနီသူပုန်နှင့် ၁၉၅၀-ခုနှစ် ထိုးစစ်စသော အတွေ့အကြုံ သင်ခန်းစာတို့ဖြင့် ချိန်ထိုးကြည့်လျှင် ယခုစစ်ဆင်ရေးမှာ ကျဆင်းပြိုကွဲသင့်လျက် မကျဆင်းခဲ့ပေ၊ အလားတူ ၁၉၅၇ ခုနှစ် အရပ်ရပ် စစ်ဆင်ရေးများတွင်လည်း ကျဆင်းသင့်သလောက် မကျဆင်းသည့်အပြင် အချို့နေရာများ 'တိုး' တက်၍ပင်လာသည်ကို တွေ့မြင်ရသည်။

ယင်း အကြောင်းရင်းကို ဆန်းစစ်သောအခါ (က) သူပုန်တို ရေရှည် ပျောက်ကြား၊ စစ်အတွေ့အကြုံကြောင့်၊ (ခ) ၎င်းတို့၏ နိုင်ငံရေး ပေါ်လစီဝါဒကြောင့်၊ စိတ်ဓါတ်တက်ကြွ နိုင်မာနေသောကြောင့်ဟူ၍ ၂-ချက် တွေ့မြင်နိုင်မည်။ သို့သော် ဘယ်တင်းက အဓိကကို တဖန်ကြည့်သော်။

၂၂။ ၁၉၅၂-၅၅ ခုနှစ်၊ သူပုန်တို့ကျဆင်းမှုနှင့် ချိန်ထိုးကြည့်သင့်ပေသည်။ ယင်းနှစ်များတွင် အစိုးရဘက်မှ ထိထိရောက် အချိန်ရှည် ဒုဒယ်ကြီးသော စစ်ဆင်ရေးကြီးများလည်း မရှိ၊ သူပုန်တို့သည် အနှိမ်ရခက်သော ပျောက်ကြားစစ်လည်းဖြစ်နေ၊ အတွေ့အကြုံလည်း ယခုကာလလောက်ရှိသည့်တိုင်၊ အတော်အသင့်လည်းရှိနေပါလျက် အင်အားကျဆင်းသွားခြင်းမှာ စစ်မှုရေးရာကြောင့်မဟုတ်၊ အဓိကမှာ ၎င်းတို့ယာ ၎င်းတို့ ၂-နှစ်စစ်နိုင်ရေး၊ နိုင်ငံရေးပေါ်လစီကြောင့်ဖြစ်သည်မှာ ထင်ရှားသည်။

နိုင်ငံရေးကြောင့် သူပုန်မကျဆင်း။

၂၃။ ယင်းသာဓကကို ထောက်ချင့်လျှင် ၁၉၅၆-၅၇ ခုသူပုန်အား ဖိနှိပ်သော်လည်းမကျဆင်းခြင်းမှာ၊ (က) ရေရှည်ပျောက်ကြား စစ်အတွေ့အကြုံကြောင့် မဟုတ်ပေ။ (ခ) နိုင်ငံရေးသည်သာ အဓိကဖြစ်ကြောင်း ထင်ရှားသည်။ ပျောက်ကြားစစ်အတွေ့အကြုံသည်သာ ညော သာဖြစ်သည်။

၂၄။ အထက်ပါ အချက်များကို စုရုံးဆန်းစစ်လျှင်

(က) ၁၉၅၀-ထိုးစစ်နှင့်၊ ရခိုင်အလံနီ သူပုန်တို့တွင် စစ်ရေးကြောင့် ကျဆင်းခဲ့ဘူးသည်။

(ခ) တဖန် ၁၉၅၀-ခု စစ်ရေးကြောင့် ကျဆင်းပုံမှာ စစ်ထိုးစစ်အတိုင်း စစ်ပွဲတွင် သူပုန်တို့အား ခြေမှုန်းနိုင်စွမ်းကြောင့်မဟုတ်၊ အတွေ့အကြုံနုစဉ် တုန်လှုပ် ချောက်ခြား၍ ကျဆင်းခြင်းဖြစ်သည်။

(ဂ) ၁၉၅၆-နှင့် ၅၇-တို့တွင် စစ်ရေးဖြင့် ဖိသော်လည်း၊ သူပုန်မကျဆင်းခြင်းအကြောင်းမှာ နိုင်ငံရေးကြောင့်ဖြစ်သည်။

(ဃ) ၁၉၅၂-၅၅-ခုနှစ်တို့တွင်၊ စစ်ရေးဖြင့် ပြင်းထန်စွာ မဖိသော်လည်း နိုင်ငံရေးကြောင့်ပင် သူပုန်ကျဆင်းခဲ့ဘူးသည်။

၁၁-နှစ်ခရီးမှအတွေ့အကြုံ နိုင်ငံရေးသည်အဓိက။

၂၅။ အထက်ပါကောက်နုတ်ချက်များအရ။

(က) သူပုန်ကျဆင်းမှုသည် ရေရှည် အတွေ့အကြုံ ရှိလာ

လေ၊ စစ်ရေးစစ်ရာလှုပ်ရှားမှုသည် အဓိကမဟုတ်၊ နိုင်ငံရေး စိတ်ဓါတ်သည် အဓိက ဖြစ်သည်မှာ ထင်ထင်ရှားရှား ဖြစ်သည်။

(ခ) ဒုတိယအချက်မှာ စစ်ရေးစစ်ရာ လှုပ်ရှားမှုသည် အတွေ့အကြုံအရ၊ ခြေမှုန်းနိုင်ရေး ခက်သော်လည်း၊ လန့်ဖြန့်ပြီး စိတ်ဓါတ် ကျဆင်းမှု အတော်ဖြစ်သည်။ သို့ရာတွင် ၎င်းမှာလည်း၊ တဘက်၏ စစ်အတွေ့အကြုံ ပျောက်ကြား စစ်ပုံသဏ္ဍာန်နှင့် နိုင်ငံရေး စိတ်ဓါတ် အတက်အကျ ဒီကရီပေါ် မူတည်သည်။

(ဂ) တဖန် နိုင်ငံရေးတွင် ခိုင်ခန့်မှုမရှိသော ပျောက်ကြားစစ်သည် အတွေ့အကြုံ ရှိသည့်တိုင်အောင် စစ်ရေးဖြင့်ဖိလျှင် အနှေးအမြန် ကျဆင်းသွားရမည်သာဖြစ်သည်။

၂၆။ ထို့ကြောင့် နိုင်ငံရေးသည် ပြည်တွင်းစစ်အတက်အကျ၏ ကျောရိုး မဏ္ဍိုင်ဖြစ်သည်။ စစ်ရေးသည် အထောက်အကူ အပိုင်းသာ ဖြစ်သည်။ သူပုန်ဘက်တွင်၎င်း၊ အစိုးရ ဘက်တွင်၎င်း၊ သူပုန် အရေးနိမ့်စေမည့် ထူးခြားသော နိုင်ငံရေးပြောင်းလဲမှုမပေါ်ဘဲ၊ စစ်ရေးသက်သက်ဖြင့်သာ ရင်ဆိုင်လျှင် သူပုန်အရေးမှာ အချိန်ရှည်ကြာခက်ခဲမည်ဟူသော အဖြေကို ထင်ထင်ရှားရှား၊ မြင်တွေ့ရပေသည်။

၂၇။ နိုင်ငံရေး ကျဆင်း မှုတွင်၊ (က) သူပုန်သည် ၎င်းတို့ဟာ၎င်းတို့ နိုင်ငံရေး လမ်းစဉ်ကို အောက်လူများမထောက်ခံ၍ ကျဆင်းခြင်း (ခ) အစိုးရ၏ နိုင်ငံရေးထိုးစစ်ကြောင်းဟူ၍ ၂-မျိုး ရှိရာတွင်၊ ပြီးခဲ့သော ၁၉၅၂—၅၅ ခုနှစ်တွင် သူ့ဟာသူကြောင့် ကျဆင်းမှုသည်၊ အဓိကဖြစ်၏။ အစိုးရ၏ နိုင်ငံရေးလှုပ်ရှားမှုသည် သာမညသာ ဖြစ်ခဲ့သည်။

၂၈။ နိုင်ငံရေးသည် အဓိက ဖြစ်သော်လည်း၊ လက်ရှိ အခြေအနေတွင် အစိုးရသည် နိုင်ငံရေးအား လုံး၀ လစ်လျူရှုထားသည်ကို တွေ့ရသည်။ စစ်ဇရိယာတွင်လည်း နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စည်းရုံးလှုံ့ဆော်မှု၊ စနစ်တကျ မလုပ်ကြပေ။

ခြုံကြည့်လျှင် စစ်ရေး သက်သက်ကိုသာ အားကိုးပြီးကြည့်

နေကြဟန် တူသည်၊ ထို့ကြောင့်....ကျွန်တော်သည် အနာဂါတ်ကို မှန်းဆနိုင်ရန်၊ စစ်ရေးစစ်ရာသက်သက်ကိုပင် အဓိကထားပြီး ဆက်လက်ဝေဘန်တင်ပြသွားပါမည်။

စစ်ရေးသက်သက် လုပ်ငန်း၏ အခက်အခဲနှင့် အကျိုးကျေးဇူး။

၂၉။ သူပုန်ခြေမှုန်းရာတွင် နိုင်ငံရေး အဓိက၊ စစ်ရေးသည် အထောက်အကူသာ ဖြစ်ကြောင်း ဖေါ်ပြခဲ့ရာ၊ စစ်ရေးစစ်ရာသည် မည်သို့အခက်နှင့် အကျိုးကျေးဇူး ရှိနိုင်သည်တို့ကို အနည်းငယ် ဖေါ်ပြရန် လိုပါသည်။

စစ်ရေးသက်သက် ကြည့်လျှင်၊ စစ်၏ရည်ရွယ်ချက်သည် ရန်သူကို တိုက်စိတ် ခိုက်စိတ် ပျက်ပြီး၊ လက်နက်ချ အညံ့ခံစေရန် ဖြစ်သည်။ ယင်း—ရည်မှန်းချက် ထမြောက်ရန်၊ စစ်တပ်ဖွဲ့—စစ်ကိုယ်သည်ကြီး၏ တာဝန်သည် တဘက်ရန်သူ၏ စစ်စွမ်းအား (သက်ရှိသက်မဲ့)ကို ချေမှုန်းရန်နှင့် အချက်အချာ တိုင်းပြည်နေရာတို့ကို သိမ်းပိုက်ရန်ဖြစ်သည်။ ယင်းတွင် ယေဘူယအားဖြင့် ချေမှုန်း ပြီးမှသာ နေရာသိမ်းပိုက်ရေးသည် ဖြစ်နိုင်သည်။ ပိုမိုစိတ်ချရသည်။ ထို့ကြောင့် ချေမှုန်းရေးသည် အဓိက၊ နေရာသိမ်းပိုက်ရေးသည် အထောက်အကူသာဖြစ်သည်။

ခြေမှုန်းရေးခက်ခဲပုံ

၃၀။ တဘက်ရန်သူကို ချေမှုန်းနိုင်ဘို့မှာ ရန်သူထက်အဆများစွာ အင်အားကြီးမားအောင် ကြိုးစားပြီးနောက်မှသာ ပြုလုပ်ရသည်။ လက်တွေ့သမိုင်းများတွင် ရန်သူထက် အင်အား အပြတ်အသတ် သာအောင် လုပ်ဘို့ကလည်းခက်၊ သာသည့်တိုင်အောင်တပွဲနှစ်ပွဲ ခြေမှုန်းတိုက်ခိုက်ပုံနှင့် စစ်မပြီးနိုင်၊ ဖြေးဖြေးခြင်းသာ ရေရှည် နည်းမျိုးစုံဖြင့် လုပ်ကြရသည်။ ခြေမှုန်းနိုင်သည့်တိုင် စိတ်ဓါတ် မကျလျှင် ရုတ်တရက် စစ်မပြီးဆုံးနိုင်။

ထို့ကြောင့် စစ်၏ဘာခုတည်းသော နည်းလမ်းဖြစ်သည့် ခြေမှုန်းရေးသည် စစ်သဘာဝကိုက ခက်ခဲသည်။ ထိုထက်စိတ်ဓါတ်ကျဆင်းရန် ပိုခက်ပေသည်။

လက်ရှိပြည်တွင် စစ်၏အတွေ့အကြုံအရလဲ ခြေမှုန်းရေးခက်သည်။

ကိုယ်ပိုင် အတွေ့အကြုံအရ ခြေမှုန်းရေးသည် စာတွေ့ထက်ပင် ခက်ခဲပေသည်။ အစိုးရတပ်ဖွဲ့များသည် ၁၉၄၇–ခုနှစ်၊ ရခိုင်အလံနီ သူပုန်မှ နောက်ဆုံးကာလ ယနေ့အထိ၊ ခြေမှုန်းနှိုင်ရေးကို အမျိုးမျိုး ကြိုးစားခဲ့သည်။ သူပုန်တို့အား တခါတရံမြစ်ကို ကျောပေးစေ၍၎င်း၊ ပင်လယ်ကို ကျောပေးစေ၍၎င်း၊ ရှေ့မျက်နှာစာမှ ကုန်းတပ်ဖြင့် အတင်းဖိ၍ မြစ်ထဲ ပင်ယယ်ထဲတွန်းချပြီး၊ ရေတပ်ဖြင့် လိုက်လံခြေမှုန်းတိုက်ခိုက်ခြင်းများကို လုပ်နိုင်ခဲ့သည်။ မဖအောင်ခြင်ခဲ့၊ တခါတရံကျယ်ပြန့်သောမြစ်ကြီးများကို ရေတပ်သင်္ဘောများဖြင့် ပိတ်ဆို့ ဖို့ညှပ်ထားသည့် အကြားမှ ခဲခဲယဉ်းယဉ်းလွတ်မြောက်သွားကြသည်။

သာဓက အချို့မှ၊ ၁၉၅၀-ခုဖေဖေါ်ဝါရီလ တောင်ငူချီတက်ရေး စစ်ဆင်ရေးအစတွင်၊ ပြွန်တီးဆောတိုက်ပွဲ၌ ကေ-အင်-ဒီအို ၂၀၀၀–ကျော်မျှကို အစိုးရဘက်မှ ၈–ထောင်မျှအင်အားဖြင့်၊ များပြားသော သံချပ်ကာယာဉ်များအသုံးပြုပြီး၊ လေတပ်၊ အမြောက်တပ်၊ အကူအညီများပါ ဝိုင်းဝန်းခြေမှုန်းကြသည်၊ သူပုန် (၆၀)လောက်သာ ထိခိုက်ကျဆုံးကျန်ရစ်ခဲ့သည်။ ကျန်လူများမှာ ပြိုကွဲပြီး ဆုတ်ခွါ ထွက်ပြေးကြသည်။

လက်တွေ့အားဖြင့် တပ်အင်အား မလုံလောက်ခြင်း၊ လိုသောအချိန်၊ လိုသလို မချီတက်နိုင်ခြင်း၊ တဘက်ကလည်းကြိုတင်သိမြင်ပြီး တန်ပြန် လှုပ်ရှားခြင်းများကြောင့် ခြေမှုန်းမိဘို့ခက်သည်၊ စစ်၏ မူရင်းသဘောတရား မှာလည်း ထိုနည်းအတိုင်းသာဖြစ်သည်။

သူပုန်သည် ရေရှည် ပျောက်ကြားစစ် ဖြစ်လာသောအခါ

ခြေမှုန်းရေး ပိုခိုခက်ခဲသွားပေသည်။ ၎င်းမှာ အောင်မာဃစစ်ဆင်ရေးတွင် ထင်ရှားစွာ မြင်တွေ့ခဲ့သည်။

ပျောက်ကြား စစ်ရေးစစ်ရာ၏ အရင်းခံအခက်အခဲမှာ ပျောက်ကြားတို့သည် တိုက်ကွင်း၊ပစ်ကွင်းမပေးဘဲ၊ လျှို့ဝှက် လှုပ်ရှားသွားလာနေသဖြင့် ထိထိမိမိ တိုက်ကွင်းရဘို့ ခဲယဉ်းသည်။ တိုက်ကွင်း တွေ့ပြန်လည်း ခြေမှုန်းသတ်ဖြတ်နိုင်ရန်၊ လျှို့ဝှက်ချဉ်းကပ်သောအခါ၊ နေ့အခါကိုက်–၁၀၀၊ ညအခါ ကိုက်–၃၀ အတွင်း ရောက်မှသာ ခေတ်လက်နက်များဖြင့် သတ်ဖြတ်နိုင်မည်။ လက်တွေ့တွင် ဤမျှ အကွာအဝေးအတွင်း ရောက်မှီ ပျောက်ကြားများက တနည်း နည်းဖြင့် ကြိုတင် တိမ်းရှောင်ကြသည်။ တဘက်က ပိတ်ဆို့ရန် အလွန်ခဲယဉ်းသည်။

ဤကား ခြေမှုန်းရေးသည် စစ်၏ အဓိက လက်နက်ဖြစ်သော်သည်း၊ မည်မျှခဲယဉ်းကြောင်း ပေါ်လွင်သည်၊ ပျောက်ကြားစစ် ပိုရှည်ကြာလေ၊ အခက်အခဲပိုလေ ဖြစ်သည်။

မခြေမှုန်းနိုင်သော်လည်း အကျိုးရှိပုံ

၃၁။ ခြေမှုန်းရေးခက်ခဲသဖြင့် တိုက်ပွဲများသည် လုံးဝအကျိုးမရှိဟု ထင်ရသည်။ လက်တွေ့အရအကျိုးရှိသင့်သလောက် ရှိသည်။ ခြေမှုန်းနိုင်ရေး ခက်ခဲ သော်လည်း၊ တဘက်ပျောက်ကြားတို့၏ စစ်ရေးအတွေ့အကြုံ၊ နိုင်ငံရေးစိတ်ဓါတ် ဒီဂရီကိုလိုက်၍၊ အနည်းနှင့်အများ စိတ်ဓါတ်ထိခိုက်ကျဆင်းမှု ဖြစ်နိုင်သည်။ ယင်းကို အထက်တွင်လည်း ဖေါ်ပြခဲ့သည်။ အကယ်၍သာ နိုင်ငံရေးတန့်နေသော် (သို့) ကျနေသော် စစ်ရေးသည် ပိုမို အကျိုးရှိနိုင်ပေသည်။

နေရာသိမ်းပိုက်ရေး

ဒုတိယအကျိုးမှာ ခနေရာသိမ်းပိုက်ရေးအတွင် အနည်း အများ၊ အကျိုးရှိသင့်သလောက် ရှိပြန်သည်။ ပျောက်ကြား စစ်တွင် ၎င်းတို့၏သက်တန်းကိုရှည်လျားအောင် အထောက်အပံ့ ဖြစ်သော

အရာမှာ ကျေးရွာ လူထုများ ဖြစ်သည်။ ၎င်းတို့ထံမှ စိတ်ဓါတ်စွမ်းအား၊ လူအား၊ ပစ္စည်းအား အထောက်အကူရယူသည်။ ယင်းတို့အနက် အချက်အချာ နေရာများကို တစတစ သိမ်းပိုက်ခြင်းဖြင့် တဖြေးဖြေးပျောက်ကြားများ ကြပ်တည်း ညှိုးနွမ်းစေနိုင်သည်။

၃၂။ ယင်းကိစ္စတွင်လည်း၊ ခြေမှုန်းရာတွင် အခက်အခဲရှိ သလို၊ အခက်အခဲများရှိသည်။

တိုင်းပြည်အကျယ်အဝန်း သူပုန်နေရာ ကျယ်ပြန့်မှုနှင့် စစ်တပ်နှံ့ အင်အားတို့ကိုရင်း၊ သူပုန်၏နိုင်ငံရေးနှင့် ခုခံနိုင်သော စစ်ရေးစွမ်းအား ဒုဒယ်ကိုရင်း၊ သိမ်းပိုက်ပြီးသောဒေသ အစိုးရ၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စည်းရုံးမှု အားကိုရင်း၊ မူတည်၍ အကျိုး အနည်းအများ ရှိသေသည်။

သို့ရာတွင် နေရာအနှံ့အပြား တပ်စွဲရန်မှာ တိုင်းပြည်အတော်ကျယ်ပြီး ခေတ်မမီ ပြန့်ကြဲနေသော ဗမာပြည်တွင် ပြည့်စုံနိုင်မည် မဟုတ်ပေ။

တဖန် ခြေမှုန်းရေးမလုပ်ဘဲ၊ နေရာသိမ်းပိုက်ရေး သက်သက်ကြည့်လုပ်နေပြန်လည်း၊ မသိမ်းပိုက်ဘဲ၊ ကျန်နေသော ကွက်လပ်များတွင် အစိုင်အခဲအလိုက် အချိန်ရှည်ကြာစွာ ပျောက်ကြားများ ရပ်တည်နေနိုင်ပြန်သည်။

ရေရှည်၍ ခက်ခဲသည်

၃၃။ ဤကား စစ်ရေးသက်သက်၏ အခက်အခဲ၊ အကျိုးအပြစ် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေး ပြောင်းလဲမှုမရှိဘဲ၊ စစ်ရေးသက်သက်ဖြင့် ကြိုးစားနေပါက၊ သူပုန်၏ ဒီဂရီကို လိုက်၍ အကျိုးအနည်းအများ ရှိသင့်သလောက် ရှိနိုင်သော်လည်း၊ အလွန်ရှည်ကြာ ခက်ခဲမည်ကို တွေ့မြင်နိုင်သည်၊ ဤစစ် ဆက်လက်ဖြစ်နေပါက၊ ပြည်သူတို့ ဆက်လက်၍ မည်မျှပင်ပန်း ဒုက္ခရောက်ကြမည်ကိုလည်း မှန်းဆကြည့်နိုင်ပေသည်။

ဤကား ....၁၀-နှစ်၊ ပြည်တွင်းစစ် အတွေ့အကြုံအပေါ်ရှု မြင်ချက်ဖြစ်သည်၊

အနာဂါတ်ကို မျှော်ရှုချက်

၃၄။ လက်ရှိ ပြည်တွင်းစစ်ကို စစ်ရေး သက်သက်ဖြင့်သာ ဖြေရှင်းပါလျှင် အလွန်ရှည်ကြာခက်ခဲ၍ တိုင်းပြည်–များစွာ ပင်ပန်းဒုက္ခရောက်မည်မှာ၊ ထင်ထင်ရှားရှားမြင်တွေ့နေသော်လည်း၊ လက်ရှိ အစိုးရသည် စစ်ရေးသက်သက်နည်းလမ်းကိုသာ၊ တခုတည်းသော လက်နက်အဖြစ် အမိကစွဲကိုင်ထားခြင်းကြောင့် အကယ်၍ ဤစစ်ကြီး ဆက်ဖြစ်ခဲ့သော် အနာဂါတ်မည်မျှ ရှည်ကြာ ခက်ခဲမည်ကို စစ်ရေးဖြင့် ယခုရောက်ရှိနေသော အချိန်ကာလ အခြေအနေ အနည်းငယ် အသေးစိတ် တွက်ချက်ကြည့်ရန် လိုပေမည်။

ပျောက်ကြားစစ်သဘော

၃၅။ ဤသို့ဆက်လက်ဆန်းစစ်လျှင် လက်ရှိသူပုန်သည် ရေရှည်ပျောက်ကြား ဖြစ်နေသဖြင့်၊ ပျောက်ကြား စစ်သဘောတရားအနည်းငယ် စဉ်းစားသင့်သည်။ ခေတ်သစ်စစ်မှုရေးရာတွင် ပျောက်ကြား စစ်သဘော တရားသည်၊ စစ်လက်ရုံးလုပ်ငန်းကြီး တရပ်ဖြစ်သည်။ ယခုအခါ ခေတ်သစ်တွင် ဘယ်စစ်မျိုးမဆို၊ ပျောက်ကြားစစ်ကို နေရာတကာ၌သမရိုးကျ စစ်၏ တွဲဘက်အဖြစ်–အသုံးပြုကြသည်၊ အကျိုးလည်းရှိသည်။

ပျောက်ကြားစစ်သည် သူ၏ဖြစ်စဉ်တွင် အထွဋ်အထိပ်ရောက်လာခြင်းမှာ၊ တရုပ်ပျောက်ကြားစစ်ကြီး ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အကြောင်းမှာ ရှေးယခင် စစ်သမိုင်းတွင် ပျောက်ကြား စစ်သည်ကြီးမားသော တန်ခိုးစွမ်းရည် ရှိသော်လည်း၊ သူ့ချည်းသက်သက် စစ်အောင်ပွဲရအောင် စွမ်းဆောင်နိုင်ခြင်းမရှိ၊ သမရိုးကျ တပ်ဖွဲ့ကြီးများ နိုင်ငံခြားတပ်များ အကူအညီဖြင့်သာ–တွဲဘက် စခမ်းသွားခဲ့သည်။ နည်းပရိယာယ် အသုံး(Tactical Role)သာဖြစ်ခဲ့သည်။ တရုပ် ပျောက်ကြားများသည်၊ ရေရှည်စစ်ကြီးဆင်နွှဲပြီး၊ သူချည်း

သက်သက် 'စစ်'ကို၊ အောင်မြင်မှုဖြင့် အဆုံးသတ်ခဲ့သည်။ သို့ဖြင့် ပျောက်ကြား စစ်သဘော တရားသည်ပြောင်းလဲခဲ့သည်။

ခေတ်သစ် ပျောက်ကြား၏ ထူးခြားချက်။

၃၆။ တရုပ်ပျောက်ကြားစစ်သည် ယခင် ပျောက်ကြားထက် ထူးခြားချက်မှာ၊ အချိန်ရှည်ကြာခြင်းဖြစ်သည်။ ပျောက်ကြား၏ ပင်ကိုယ်သဘောတရားမှာ၊ လက်နက်စွဲကိုင်၍ စစ်ဖြစ်ကြရာ—အားကြီးသူကထိုးစစ်၊ အားနည်းသူက ခံစစ် ဆင်ကြမည်မှာ ဓမ္မတာဖြစ်သည်။ ပျောက်ကြားအဘို့မှာ ရင်ဆိုင်ခံစစ်မလုပ်နိုင်၊ စစ်ကိုလည်း အရှုံးမပေးချင်၊ ထို့ကြောင့် မိမိအင်အားများကို တဘက်ရန်သူက မခြေမှုန်းနိုင်ရအောင်ထိန်းသိမ်းပြီး မိမိကလည်း တဘက်ရန်သူကို မခြေမှုန်းနိုင်သည့်တိုင်၊ တစတစပြုန်းတီးသွားစေနိုင်သော နည်းလမ်းမှာ ပျောက်ကြားဖြစ်လာပေသည်။ ပျောက်ကြားသည် ထို့ကြောင့် သမရိုးကျခံစစ်၏ အဆက်—အနုစားခံစစ်တမျိုးဖြစ်သည်။ ထို့ကြောင့်သမရိုးကျစစ်ထက်၊ အချိန်ပိုမိုရှည်လျားပြီး၊ စနစ်ပျက်နှာလည်း ပို၍ကျယ်ပြန့်သည်။ ဤနေရာတွင် စစ်ပျက်နှာဆိုရာ၌၊ သမရိုးကျစစ်ကဲ့သို့ ရှေ့မျက်နှာစသသာမက၊ ရှေ့နောက် ဝဲယာ၊ နေရာမလပ်၊ အနှံ့အပြား ဖြစ်သည်။

တရုပ်ပြည်အဘို့မှာ ပျောက်ကြားစစ်သည် သူ၏ထုံးစံ-နည်းပရိယာယ်-တာဝန်သာမက၊ စစ်ကို အဆုံးသတ်အောင် သေနင်္ဂဗျူဟာ၊ (Strategy) တာဝန်ကိုပါ ထမ်းဆောင်ရသည်ဖြစ်၍ ပိုမိုရှည်ကြာသည်။ ၎င်းမှာ တရုပ်ပျောက်ကြားတို့သည် သာမန်ရှေးရှေးက-ပျောက်ကြားစနစ်ကဲ့သို့ သမရိုးကျတပ်ဖွဲ့ကြီးများ၏ လက်အောက်ခံအဖြစ် စခမ်းသွားခဲ့သည်မဟုတ်၊ ၎င်းတို့တွင် မှီခိုအားထားရမည့် သမရိုးကျတပ်ဖွဲ့ကြီးများလည်းမရှိ၊ ၎င်းတို့ဟာ၎င်းတို့ ပျောက်ကြားအဖွဲ့မှ သမရိုးကျ အမြဲတန်း (Regular Army) တပ်ဖွဲ့ကြီးများကို ဖြည်းဖြည်းခြင်း တိုက်ရင်းခိုက်ရင်း ဖွဲ့စည်းတည်ထောင်ကြသည်။ ယင်းနောက်၊ ပျောက်ကြားတိုက်ပွဲကလေးများမှ၊ စစ်၏နောက်ဆုံး

ပွဲ ရောက်လာလေ၊ နင်လားငါလား ရင်ဆိုင်၍ ဖြတ်သွားသော အဆုံး အဖြတ်ပေးမည့် တိုက်ပွဲကြီးများကို ခဲခဲယဉ်းယဉ်း ဆင်နွှဲရင်း၊ နောက်ဆုံးတွင် စစ်ကိုအောင်မြင်မှုဖြင့် အဆုံးသတ်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက် ဖြစ်ပွားသော အရှေ့ရပ် ပျောက်ကြားစစ်တို့သည် တရုပ်ပျောက်ကြားတို့၏သြဇာအရိပ် လွှမ်းမိုးခြင်းခံရသည်။ ထို့ကြောင့် ပျောက်ကြား တို့သည် ရှေးယခင်ထက် ပိုမိုရှည်ကြာ ကျယ်ပြန့်သည်ကို သတိထားမိသည်။

ပျောက်ကြားစစ် ဖြစ်တိုင်း နှိပ်ကွပ်၍ မရမဟုတ်

၃၇။ ပျောက်ကြားစစ်တိုင်း နှိပ်ကွပ်၍မရမဟုတ်ပေ။ (က) မြေအကျယ်အဝန်းသည် တပ်ဖွဲ့အချိုးအစားထက် ကျဉ်းပြီး တောတောင် ရှုံ့နှံ့-ထူထပ်မှုနည်းပါး၍ လမ်းပန်းဆက်သွယ်မှု မခက်ခဲသူနေမှုပြန့်ကြဲမနေဘဲ၊ အုပ်ချုပ်မှု စည်းစနစ်ကျန တည်းရှိသော တိုင်းပြည်များတွင် ပျောက်ကြားများသည် စစ်ရေး၊ နိုင်ငံရေး၊ အတွေ့အကြုံ မရင့်ကျက်သေး မှီ ဖြစ်ပါက၊ လုံလောက်သော စစ်အင်အားဖြင့်ဖိလျှင် အချိန်တိုတိုဖြင့် ဖြေရှင်းနိုင်စွမ်း ရှိပေသည်။

ပျောက်ကြားစစ် ရေရှည်နိုင်သော အချက် ၃-ချက်

၃၈။ ဗမာပြည်တွင် ပျောက်ကြား စစ်ကြီး ရေရှည်နိုင်သော အချက် ၃ ချက်တွေ့ရသည်။ ပဌမမှာ အချိန်ကာလဖြစ်သည်။ထိုင်း ၆နှစ် တာအတွင်း ဖြစ်ပျက်ခဲ့သောအကြောင်းအရာတို့သည် ပစ္စုပ္ပန်နှင့် အနာဂါတ်အခြေအနေကို ဆက်သွယ်လွှမ်းမိုးနိုင်သည့် အချိန်နှင့် ပတ်သက်၍ သူပုန်တို့အဘို့၊

(က) စစ်ရေး၊ နိုင်ငံရေး အတွေ့အကြုံ ရင့်ကျက် လာနိုင်သည်။

(ခ) ရေရှည်ပျောက်ကြားစစ်မှ ပဒိုင်းပြည် အနှံ့အပြား အခြေအမြစ်စွဲလာခြင်း။

(ဂ) အထူးသဖြင့် ၁၀–ယောက်၊ ၁၅–ယောက်လောက် အထိပြန့်ကြဲ တိမ်းရှောင်ပြီး ပြုတ်မသွားအောင်ကာ ကွယ်တိမ်းရှောင် တတ်သောအတွေ့အကြုံဖြစ်သည်။

ထို့ကြောင့် စစ်ရေးဖြင့် ဖိနှိပ်သော်လည်း လျှင်မြန်စွာ စိဘ်ဓါတ်ပြိုကွဲရန် ခက်ခဲသည်။

ဒုတိယအချက်

၃၉။ ဒုတိယအချက်မှာ တိုင်းပြည်၏ သဘာဝ အခြေအနေဖြစ်သည်။ ဗမာပြည်သည် လူဦးရေနှင့်စာလျှင် အတော်ကျယ်ပြန့်သည်။ တောတောင်ထူထပ်ခါ ခေတ်နောက်ကျ၍ လမ်းပန်းဆက်သွယ်မှုခက်ခဲပြီး လူနေထိုင်မှု–တောရွာ ဇနပုဒ်များ ပြန့်ကြဲနေသည်။ ကျေးရွာများတွင် ခေတ်မမီသော အုပ်ချုပ်ရေးစနစ်နှင့် လူနေထိုင်မှု အဆင့်နိမ့်ကျသည်။ ဤအချင်းအရာမှာ ပျောက်ကြားစစ်ကျယ်ပြန့်ပြီး အခြေအမြစ်စွဲနေနိုင်သည်။ လျှင်မြန်စွာ တလုံး တစည်းတည်း နှိပ်ကွပ်ရန် ခက်ခဲသည်။

ဤအချင်းအရာနှင့် ပတ်သက်၍ သာဓကမှာ၊ ဗမာပြည် ခရိုင် ၂–ခု၊ ၃–ခုလောက်တွင်ထကြွသော ဆရာစံ လယ်သမားသူပုန်ကိုပင် ၃–နှစ်မျှ နှိမ်နင်းခဲ့ရသည်။ ထို့ပြင် အင်္ဂလိပ်မြန်မာ တတိယစစ်တွင် အထက်ဗမာပြည်တပိုင်းတည်း ဆူပူထကြွသည်ကို အင်္ဂလိပ်တို့သည် (၁၀)နှစ်မျှ တပ်သား ၄–သောင်း၅–ထောင်ဖြင့် နှိမ်နင်းခဲ့ရသည်။

မဟာမိတ် ပြဿနာ

၄၀။ တတိယအချက်မှာ နိုင်ငံရေးဖြစ်သည်။ ၎င်းမှာ များသောအားဖြင့်၊ အစိုးရဘက်မှ ချို့ယွင်းချက်ကြောင့်ဖြစ်သည်။ စစ်အနေဖြင့်ကြည့်လျှင် မိမိအတွက် မဟာမိတ်များစေ၍၊ တဘက်ရန်သူတွင် မဟာမိတ်နည်းစေခြင်း၊ ပြိုကွဲစေခြင်းဖြစ်ရန် နိုင်ငံရေးအားဖြင့်အထူး ဂရုပြုရမည် ဖြစ်သည်။

လက်ရှိအစိုးရကိုကြည့်ပါမူ ဤအချက်နှင့် ပါတ်သက်၍ လုံးဝဆုံးရှုံးနေပေသည်။ တချိန်တည်းတွင် အဘက်ဘက်တွင်အားလုံးနှင့်ရန်ဖြစ်တိုက်ခိုက်နေသည်။ ပဋိပက္ခနိမြူနစ် အနီ–အဖြူ၊ နောက် ရဲဘော်ဖြူ၊ နောက် ရခိုင်ပြည်သူပုန်၊ နောက်ကရင်၊ မွန်၊ မူဂျာဟစ်၊ ရှမ်းတောင်သူ၊ ပအိုဝ်းစသည်ဖြင့်၎င်း၊ နေရာအားဖြင့်လည်း ဗမာပြည်တွင်း မြစ်ကြီးနားခရိုင်နှင့် ချင်းပြည် တစိတ်တဒေသမှ တပါး၊ ကွက်လပ်မကျန်အောင် တိုက်ခိုက်နေရသည်။ ထို့အပြင် နောက်ထပ်မြည်ထောင်စုကြီးမပြိုကွဲရန် အနိုင်နိုင် ထိန်းသိမ်းနေရသည်။ မြေပေါ်နိုင်ငံရေးတွင်လည်း အဘက်ဘက်တွင် အတိုက် အခံ ဖြစ်နေသည်။ နောက်ဆုံးအစိုးရထဲ၌ပင်လည်း စည်းလုံးညီညွတ်မှု မရှိသည်ကိုပင် မြင်တွေ့နေကြရပေမည်။ ဤအချင်းအရာသည် အစိုးရအတွက် နိုင်ငံရေးအားဖြင့် အားနည်းသောအချက် ဖြစ်ပေသည်။

ဤအချက်များကား ပြည်တွင်းစစ်ကြီး ရှည်ကြာမည့် အလားအလာများဖြစ်သည်။

၄၁။ တဖန် ဤအတိုင်းဆိုလျှင်စစ်ရေးဖြင့်သာ ရေရှည် သွားလျှင် နှိမ်နင်းရန်ခက်ခဲရုံမက၊ သူပုန်ပင် တိုးတက် လာနိုင်သလားဟု တွေးစရာဖြစ်နိုင်ပြန်သည်။ သူပုန်အခြေအနေကို ကြည့်လျှင် ၁၉၄၉–၅၀–ခုနှစ်တွင် စစ်ရေးစစ်ရာကြောင့်၎င်း၊ ၅၂–၅၆ ခု နှစ်တွင် နိုင်ငံရေးကြောင့်၎င်း၊ ပြင်းထန်စွာကျဆင်းခဲ့သော ဒါဏ်ရာဒါဏ်ချက်ကြီး ရှိခဲ့သည်၊ တဖန် သူပုန်တို့–အတွေ့အကြုံ ရှိလာသည် ဆိုသော်သည်း ခံစစ်အတွေ့အကြုံရှိပြီး၊ ကြီးထွားလာနိုင်သော စနစ်တကျ–အတတ်ပညာ အတွေ့အကြုံမျိုး မဟုတ်၊ နိုင်ငံရေးအားဖြင့် ကြည့်ပြန်လည်း စည်းလုံးညီညွတ်မှု သိပ်မရှိ၊ အစိုးရစစ်တပ်မှာလည်း အတွေ့အကြုံ အတော်ရှိနေ၊ ထို့ကြောင့် စစ်ရေးဖြင့်သွားလျှင် သူပုန်လည်း လျှင်မြန်စွာ တိုးတက်လာရန် မဖြစ်နိုင်။

၄၂။ မည်သို့ ဖြစ်စေ အထက်ပါ အချက် အလက်များကို ထောက်ထားလျှင် လက်ရှိပြည်တွင်းစစ် ဆက်ဖြစ်နေလျှင် ရေရှည်မည်သာ ဖြစ်သည်။ သူပုန်ဘက်တွင်၎င်း၊ အစိုးရ ဘက်တွင်၎င်း၊ သူပုန်

အရေးနိမ့်စေမည့် ထူးခြားသောနိုင်ငံရေးပြောင်းလဲမှုမပါဘဲ စစ်ရေးသက်သက်ဖြင့်သာသွားလျှင် ခက်ခဲရှည်ကြာမည် ဖြစ်ကြောင်း မိုဒီ ထင်ရှားပေသည်။

သူပုန်နိုင်ငံရေး ကျဆင်းနိုင်သလား

၄၃။ ဤနေရာတွင် နိုင်ငံရေး ကျဆင်းမှုမှာ ၂-မျိုးရှိသည်။ သူပုန်သည် သူ့ဟာသူ မှားယွင်းကျဆင်းခြင်းနှင့် အစိုးရနိုင်ငံရေး ထိုးစစ်ကြောင့် ကျဆင်းခြင်းရှိရာ၊ အစိုးရကြောင့် မကျဆင်းသည့်တိုင် သူ့ဟာသူ ကျဆင်းမှုမဖြစ်နိုင်ဘူးလားဟု စဉ်းစားစရာ ရှိပြန်သည်။ ၁၉၅၂-၅၅-ခုနှစ်တွင် နိုင်ငံရေး ကျဆင်းမှု သာဓကလည်းရှိခဲ့သည်။

နိုင်ငံရေးဆိုသည်မှာ ခန့်မှန်းရန် ခက်ခဲသော်လည်း စစ်ရေး၊ နိုင်ငံရေးစသော ပြဿနာမျိုးမှာ အမှားအယွင်း အတက်အကျရှိမည်မှာ သဘာဝဖြစ်သည်။ သို့ရာတွင် အတွေ့အကြုံ အချိန် အခါကိုမှီ၍ အတိမ်-အနက်၊ အထူအပါး ကွဲပြားလိမ့်မည်။

အခြေခံ အကြောင်းတရပ်မှာ နိုင်ငံရေးရောရှက်သော၊ ရေရှည်ပျောက်ကြား စစ်လက္ခဏာတရပ်သည်၊ အထူးသဖြင့် စစ်ရေး၊ နိုင်ငံရေးအတွေ့အကြုံ အတော်အသင့်ရှိလျှင် စစ်ရေးဖြင့်ဖြစ်စေ၊ နိုင်ငံရေးနှင့်ဖြစ်စေ၊ ကျဆင်းသည့်တိုင်အောင် ဖြုံ့ကနဲ ကွဲပြိုကြေမွသွားခြင်းမရှိဘဲ ဖြည်းဖြည်းခြင်းသာ ကျဆင်းတတ်ပေသည်။ ၁၀-နှစ်ခရီးတွင် ၁၉၅၂-၅၅-ခု၊ နိုင်ငံရေးအရ ကျဆင်းသောအရှိန်သည်၊ ၁၉၅၀ ခုနှစ်ထိုးစစ်ကာလ ကျဆင်းမှုနှင့် စာလျှင် ဖြည်းဖြည်းခြင်းသာ ကျဆင်းခဲ့ပေသည်။

စိတ်ဓါတ် ကျဆင်းစရာရှိလာသောအခါ၊ ပဌမ အပေါ်ယံ အလွှာတလွှာ ကျဆင်းသွားသည်။ နောက် တတိယအလွှာ စသည်ဖြင့် အလွှာလိုက် ဖြည်းဖြည်းချင်းသာ ကျဆင်းသည်။ နောက်တဖန် ရေမြေသြဇာ သင့်တင့်ကောင်းမွန်၍ တက်ကြွစရာရှိလာသောအခါ တဖန် အလွှာသစ်များ တက်လာပြီး အသစ်တဖန် ရှင်သန်လာပြန်သည်။

ဖွတ်ဆက်၍တိုက်ကြလျှင်

၄၄။ မည်သို့ကြည့်ကြည့် စစ်ကြီး ရေရှည်မည်သာမြင်နေရပေသည်။ သို့ရာတွင် အစိုးရတွင် "မင်း" ဆိုသောအခွင့်အာဏာရှိသဖြင့်၊ စစ်တပ်များ အစွမ်းကုန် တိုးချဲ့ပြီး ဖွတ်ဆက်၍ တိုက်ခိုက်နိုင်သော အခွင့်အလမ်း ရှိနေသည်။ သို့ဖြစ်၍ ကျွန်တော်သည် ဤအခွင့်အလမ်း အပေါ် မူတည်၍ ဆက်လက် တိုက်ခိုက်ရေးနှင့် ပါတ်သက်ပြီး အနည်းငယ်တင်ပြရန် လိုပေမည်။

စစ်တပ်ချဲ့ခြင်း

၄၅။ စစ်တပ်ချဲ့ရာ၌လည်း၊ ငွေရေး-ကြေးရေး ပြဿနာနှင့် အချိန်ပြဿနာ၊ စစ်သားသစ်ရရှိရေးစသော လက်တွေ့ပြဿနာ များစွာရှိသည်။ ငွေ-လက်နက်-ပစ္စည်းများရှိသည့်တိုင်၊ လိုသလောက် စစ်သားအင်အားကို လိုသောအချိန်အတွင်း စုဆောင်းနိုင်ဘို့ ခဲယဉ်းပေသည်။

ထို့ပြင် အတွေ့အကြုံ အရည်အချင်း သင့်တင့်သော ခေါင်းဆောင်၊ တပ်မှူး၊ တပ်ကြပ် များကို လိုသောအချိန်အတွင်း လိုသလောက် ဖန်တီး ထုတ်လုပ်နိုင်ရန် ခက်ခဲပေသည်။ တဖန် ဌာနတပ် တိုးချဲ့လျှင် နောက်တန်း ထောက်ပံ့ရေး၊ အုပ်ချုပ်ရေးတပ်များနှင့် အသုံးအဆောင် ကရိယာပစ္စည်း စသည်တို့ အချိုးကျ တိုးချဲ့ရပေသည်။ ထို့အပြင် ရေးကြီးသုတ်ပြာ တိုးချဲ့ဖွဲ့စည်းထားသောတပ်များနှင့် အဖရေးပေါ် ခေါင်းဆောင် ငယ်များတို့၏ စိတ်ဓါတ် စည်းကမ်းထိန်းသိမ်းနိုင်မှု အခြေအနေကိုလည်း ထည့်သွင်းစဉ်းစားရပေသည်။ ထို့ကြောင့် တပ်ချဲ့ခြင်းသည်၊ ငွေရေး ကြေးရေး သာမက များစွာသော ပြဿနာများ ရှိသည်။ ဖြည်းဖြည်းခြင်း အခြေအနေ ပေးသလောက်သာ ပြုလုပ်နိုင်သည်။

နောက် (၇) နှစ်အတွင်း စစ်မပြီးနိုင်

၄၆။ ကျွန်တော်သည် အထက်ပါအချက်အလက်အားလုံးကို သုံးသပ်ပြီး အစိုးရအနေဖြင့် တပ်များတိုးချဲ့၍ ဆက်လက် တိုက်

ခိုက်နေပါက နောင်နှစ်များတွင် ဘယ်လိုဖြစ်နိုင်မည်ကို အချိန်ယူ၍ အသေးစိတ်ခန့်မှန်း တွက်ချက်ကြည့်ပါသည်။

(က) လက်ရှိ သူပုန်အမျိုးမျိုး၏ အတွေ့အကြုံ အရည်အချင်းအရ၊ ခြေမှုန်း တိုက်ခိုက်ရေး လုပ်ရမည့် ပမာဏ အလားအလာ။

(ခ) နေရာ သိမ်းပိုက်ရေးနှင့် ပါတ်သက်၍၊ ဗမာပြည်တွင်း သိမ်းပိုက်ရန် ကျန်သေးသော သူပုန်နယ်၊ ယခု သူပုန်မရှိသေး၊ နောင်ရှိကောင်း ရှိလာနိုင်သည့် နယ်ပယ်သစ်များ၊ သိမ်းပိုက်ပြီးနယ်အတွင်း နောက်ထပ် တိုးသင့်-လျော့သင့် ဖြစ်လာနိုင်သော အလားအလာ၊ အခြေအနေများ။

(ဂ) သူပုန်တို့၏ နိုင်ငံရေး၊ ၎င်းမှာ မှန်းဆ-ရာတွင် စစ်ထုံးစံအရ အခက်ခဲဆုံးပြဿနာတရပ်ဖြစ်သော်လည်း၊နောက်နောက်က မြင်တွေ့ခဲ့ရသော အတွေ့အကြုံအပေါ် အခြေပြု၍ အကြမ်းပျဉ်း ခန့်မှန်းကြည့်ပါသည်၊

(ဃ) အစိုးရဘက်မှ ဘဏ္ဍာရေး၊ စစ်သား စုဆောင်းရေးနှင့် အချိန်ကာလအပေါ် နှစ်စဉ်အများဆုံး ချဲ့ထွင်နိုင်မည့်၊ စစ်ဘက်–ရဲဘက် စသော တပ်ဖွဲ့များ၏ ခန့်မှန်းခြေ အင်အားများ၊ ထို့အပြင် ပြူစောသီး စသော ပျောက်ကြား၊ ကာကွယ်ရေး တပ်ဖွဲ့များ၏ ခန့်မှန်းခြေ–အကျိုးအပြစ်တို့ကို မှန်းဆပြီးလျှင်၊ နှစ်စဉ် အစိုးရ ဘက်မှ ပြုလုပ်သင့်-ပြုလုပ်နိုင်သော စစ်ဆင်ရေး အလားအလာများနှင့် သိမ်းပိုက်နိုင်သော အလားအလာများကို လာမည့် (၆)နှစ်အထိ၊ ကျွန်တော်၏ အတွေ့အကြုံ ဗဟုသုတဖြင့် တနှစ်ပြီး တနှစ် အသေးစိတ် တွက်ချက် ခန့်မှန်းကြည့်ပါသည်။ ဂဏန်းလုံးများကို ရေးတည့်ရန် မသင့်၍ ချန်လှပ်ထားပါသည်။

၄၇။ ခန့်မှန်းချက်ဆိုသည်မှာ လက်တွေ့တွင် အနည်းအများ ကွဲလွဲမှုရှိပါမည်၊ ထို့အပြင် နိုင်ငံရေး၏ လွှမ်းမိုးမှုကြောင့်၊ ပိုမို၍ ပြောင်းလဲမှု ရှိနေပေမည်။ သို့ရာတွင် အထက်ပါ (၆) နှစ် ဆက်လက်၍ တွက်ချက်မှုအရ စစ်ရေးသက်သက်ဖြင့် လက်ရှိသူပုန်သည်၊

လာမည့် (၇)နှစ်အတွင်း လက်ရှိ ပျောက်ကြားမှ ဓါးပြ၊ တောပုန်းအဆင့်အထိ၊ ကျဆင်းသွားရန် မဖြစ်နိုင်သေးကြောင်း တွေ့ရပေသည်။

၄၈။ ထို့ကြောင့် နိုင်ငံရေးအားဖြင့် အလွန်ကြီးမား တန်ခိုးရှိသော ပြောင်းလဲမှု တစုံတရာ မရှိပါက၊ လက်ရှိ သူပုန်အခြေအနေမှာ (၇)နှစ်အတွင်း ဓါးပြအထိ ကျဆင်းစရာ အကြောင်း မရှိကြောင်းကို ခိုင်ခိုင်မာမာ တွေ့မြင်ပေသည်။

ပြန်၍ကြည့်သော်

၄၉။ ကျွန်တော်သည်ပြည်တွင်းစစ် (၁၀) နှစ်ခရီးကို ဖေါ်ပြ၍ ဝေဖန်သုံးသပ်ပြီးလျှင် သူပုန်အင်အားကျဆင်းရေးမှာနိုင်ငံရေးသည် ကျောရိုး မဏ္ဍိုင်ဖြစ်၍၊ စစ်ရေးသည် အထောက်အကူသာ ဖြစ်ကြောင်း တင်ပြခဲ့သည်။

ယင်းနောက်– အစိုးရအနေဖြင့် စစ်ရေး သက်သက်ကိုသာ အဓိက လက်နက်အဖြစ် ကိုင်စွဲထားသဖြင့် ဆက်လက်၍ စစ်ရေးစစ်ရာနှင့် ပတ်သက်သော အခက်အခဲ အကျိုးအပြစ်များကို ဝေဖန်တင်ပြပြီး၊ ကြီးကျယ်သော နိုင်ငံရေး ပြောင်းလဲမှု မရှိဘဲ စစ်ရေး သက်သက်ဖြင့် ကြိုးစားပါက၊ သူပုန် ဒီဂရီကိုလိုက်၍ အကျိုးအနည်းအများ ရှိသင့်သလောက်ရှိနိုင်သော်လည်း၊ အလွန်ရှည်ကြာခက်ခဲမည်ကို တင်ပြခဲ့သည်။

၅၀။ နောက်ဆုံးတွင် အနာဂါတ်၌ ဖွတ်ဆက်လက်၍တိုက်ခိုက် ကြမည်ဆိုလျှင် ပျောက်ကြား သဘောတရား၊ လက်ရှိဗမာပြည်၏ ပျောက်ကြားစစ် ရှေ့ရှည်နိုင်သော အချက်များနှင့် နောက်ဆုံး အစိုးရဘက်မှ တပ်သစ်များချဲ့ထွင်နိုင်သော အင်အားတို့ကိုပါ တွက်ချက်ပြီး အလွန်ကြီးမား၍ တန်ခိုးရှိသော နိုင်ငံရေး ပြောင်းလဲမှု မရှိပါက (၇)နှစ်အတွင်း ဓါးပြ-တောပုန်းအထိကျဆင်းစရာ အကြောင်း မရှိကြောင်း ဖေါ်ပြရပေသည်။

—o—

အပိုင်း (၃)

စစ်နှင့်နိုင်ငံရေး

၅၁။ ဤနေရာတွင် စစ်နှင့်နိုင်ငံရေး၊ စစ်နှင့်ပြည်သူလူထု။ စစ်နှင့်နိုင်ငံရေး ခေါင်းဆောင်၏တာဝန် ဆက်စပ်နေပုံများကို အနည်းငယ် တင်ပြလိုပါသည်။

စစ်နှင့်နိုင်ငံရေးရည်ရွယ်ချက်

၅၂။ စစ်ဆိုသည်မှာ နိုင်ငံရေး၏ အဆက် ဖြစ်သည်။ နိုင်ငံရေး ပေါ်လစီကို အခြားနည်းလမ်းဖြင့် ဆက်လက်ပြုလုပ်ခြင်းဖြစ်သည် ဟူသော ကျော်ကြား သည့် ကလော့ဇဝစ် (Clause Witz)၏ ပြဋ္ဌာန်းချက်ကို ခေတ်သစ် နိုင်ငံတိုင်း လက်ခံကြပြီးဖြစ်သည်။ နိုင်ငံရေး သဘောတရားကင်းသော စစ်ဟူ၍ သမိုင်းစဉ်တွင်မရှိ၊ စစ်သည် နိုင်ငံရေးဆောင်ရွက်ရာ၌ လမ်းပိတ်နေ၍ ထွက်လမ်း ဖွင့်ပေးခြင်းဖြစ်သည်။ နိုင်ငံရေးသည်ထာဝစဉ် လုပ်ငန်းဖြစ်၍၊ စစ်သည် ယာယီကိစ္စသာ ဖြစ်သည် ဟူ၍ စစ်ပညာရှိများက ဖော်ပြခဲ့ကြသည်။

၅၃။ ထို့ကြောင့် ကလော့ဇဝစ်က စစ်သည် မမြင်မကမ်း အရမ်းကာရော စိတ်ဓါတ်တက်ကြွစွာဖြင့် ပြုကျင့်ရသည်မဟုတ်၊ နိုင်ငံရေးရည်ရွယ်ချက်၏ လွှမ်းမိုးချုပ်ကိုင်ထားခြင်းကို ခံရသော ကိစ္စသာ ဖြစ်သည်၊ စစ်သည် နိုင်ငံရေး၏ အခိုင်းခံ ကရိယာ တခုဖြစ်သည်။ စစ်သည် နိုင်ငံရေး ရည်ရွယ်ချက်ကို ဆောင်ရွက်ရန် အကြမ်းဘက်၍ ပြုလုပ်ရသော နည်းလမ်းတခုသာ ဖြစ်သည်။ ယင်းစကားများသည်သဘာဝကျပြီးသော စကားများဖြစ်၍ အထူးငြင်းချက်ဝင်ရန် လိုမည်မဟုတ်ပေ၊ ထို့ကြောင့် စစ်ကိုကိုင်တွယ်ရာ၌ စစ်သည်မူလ နိုင်ငံရေးလမ်းစဉ်၏ လက်အောက်ခံ ဖြစ်၍၊ မူလနိုင်ငံရေး ရည်မှန်းချက်မှ သွေဖီတိမ်းချော်မသွားရန်ကို အစဉ်ထိန်းသိမ်းရန် စစ်ပညာရှိများ အထူးသတိပေး ရေးသားကြသည်။

စစ်နှင့်နိုင်ငံရေးခေါင်းဆောင်

၅၄။ စစ်သည် ပင်ကိုယ်အားဖြင့် လူ့ယဉ်ကျေးမှုနှင့် ဆန့်ကျင် ရိုင်းစိုင်းသည်၊ မုန်းတီး ရွံရှာခြင်း၊ လောဘ—ဒေါသ—မောဟ— ဖုံးလွှမ်းခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်း၊ သွေးထွက်သံယိုဖြစ်ခြင်း၊ ပျက်စီးခြင်းတို့ဖြင့် ပြွမ်းတီးလျက် ရှိသည်။

စစ်ကို ဤအတိုင်းသာ မီးကုန်ယမ်းကုန် ကြိုးဖြေလွှတ်ပေးလိုက်လျှင် စစ်အတွက် ပြည်သူလူထုကပေးရသော အဘိုးအခနှင့် စစ်ကြီးပြီးနောက်၊ ပြည်သူ့ လူထုက ထမ်းဆောင်ရမည့် ငန်းထုပ် ဝန်ပိုးတို့သည် အဆမတန် ကြီးလေးလှသဖြင့် စစ်နိုင်သည့်တိုင်အောင် မူလနိုင်ငံရေးရည်ရွယ်ချက်ကြီးများပါ ပျက်စီးဆုံးရှုံးရသောဘဝ ရောက်တတ်ပေသည်။

ထို့ကြောင့် တိုင်းကား ပြည်ထောင်တို့သည် ယဉ်ကျေးလာသည်နှင့်အမျှ၊ စစ်သမိုင်းများကို လေ့လာမိကြပြီး၊ စစ်ကို ရှေးလူရိုင်းတို့ကဲ့သို့မတိုက်တော့ဘဲ၊ နိုင်ငံရေးဇက်ကြိုးတပ်ပြီး ပြည်သူလူထု အကျိုးနှင့် မဆန့်ကျင်အောင် ထိန်းသိမ်းလာကြသည်။

၅၅။ ထို့ကြောင့်စစ်တိုက်ရန် စစ်တပ်များကိုသာ လွှဲမထားဘဲ၊ နိုင်ငံရေးရည်မှန်းချက်ကို ဇက်ကိုင်ထိန်းသိမ်းပေးရန် အတွက်၊ နိုင်ငံရေးခေါင်းဆောင်များအပေါ် ကြီးလေးသောတာဝန်ရှိပေသည်။

ဤနေရာတွင် နိုင်ငံရေးခေါင်းဆောင်ဆိုသည်မှာ အဓိက တာဝန်ဖြစ်သော အစိုးရခေါင်းဆောင်များကိုသာမက၊ စစ်သည် ပြည်သူလူထုနှင့် ဖတ်သက်သော အရေး အခင်းဖြစ်ရာ ပြည်သူ များနှင့် ဆက်စပ်သော နိုင်ငံရေးခေါင်းဆောင် အားလုံးတို့ကို ဆိုလိုသည်။

နိုင်ငံရေး ခေါင်းဆောင်နှင့် စစ် ခေါင်းဆောင်

၅၆။ ထို့ကြောင့် စစ်ကိုနိုင်ငံရေးခေါင်းဆောင်များ၏ တာဝန်နှင့် စစ်တပ်ဖွဲ့များ၏ တာဝန်ဟူ၍ ဘီလူးစည်း၊ လူ့စည်း ခွဲကြသည်။ ယခုခေတ်ခေါ်အားဖြင့် မဟာသေနင်္ဂဗျူဟာ (Grand Strategy)နှင့် သေနင်္ဂဗျူဟာ (Strategy) ဖြစ်သည်။ (လု

အမျှားနားလည်နေသော စကားလုံးများကို အသုံးပြုသည်။

ခသနင်္ဂမြူဟာသည် နိုင်ငံရေးရည်မှန်းချက်၏ အကန့်အသတ်အတွင်း စစ်နိုင်အောင်တိုက်ရန် တာဝန်ဖြစ်သည်။ စစ်သူကြီး ဌာနချုပ်တို့၏ တာဝန်ဖြစ်ပြီး အဓိကစစ်မြေပြင်နှင့်သာ ဆိုင်သည်။

၅၇။ မဟာ့သေနင်္ဂမြူဟာ၏ဘာဝန်မှာ နိုင်ငံရေး ခေါင်းဆောင်များ၏တာဝန် ဖြစ်သည်။ စစ်မြေပြင်သာမက တတိုင်းပြည်လုံးနှင့် ဆိုင်သည်။ စစ်ရေးအတွက်သာမက စစ်ကို မူလနိုင်ငံရေး ရည်မှန်းချက်မှ သွေးဖီ မသွားရအောင်နှင့် စစ်ပြီးနောက် ငြိမ်းချမ်းရေးကာလအတွက်ပါ ရှေ့ရှု ထိန်းသိမ်းရခြင်းဖြစ်သည်။

စစ်၏ နိုင်ငံရေးရည်ရွယ်ချက်

၅၈။ နိုင်ငံရေးခေါင်းဆောင်တို့သည် စစ်၏နိုင်ငံရေးရည်မှန်းချက်ကို သတ်မှတ်ရာ၌၊ ရည်မှန်းချက်သည် မိမိတို့ စစ်တပ်ဖွဲ့များ၏ အင်အားပမာဏနှင့် ဆွမ်းဆောင်နိုင်မည့် အကျယ်အဝန်းနှင့် လိုက်လျော ညီညွတ်ရပေမည်၊ တဖန် စစ်အင်အားပမာဏကို ရာထားတွက်ချက်ရာ၌၊ (က)ပြည်သူလူထုက ထမ်းဆောင်ရမည့် စစ်တာဝန်၊ (ခ)စစ်ပြီး ငြိမ်းချမ်းရေး ရပြီးနောက် ဖြစ်ပျက်လာမည့် အခြေ အနေတို့ အပေါ်တွင် ချင့်ချိန်ပြီး လေးနှင့်မြား၊ ဝန်နှင့် အားတိုင်းထွာ သတ်မှတ်ရမည်။ ဤသို့ချင့်ချိန်မှုကို စစ်မစမီသာမက စစ်ကြီးတလျှောက်လုံး အမြဲသတိနှင့်ချင့်ချိန် ပဲ့ကိုင်သွားရမည်ဖြစ်သည်။

၅၉။ ရည်မှန်းချက်သည် တကယ် လုပ်ဆောင်သော အင်အား ဘောင်အတွင်း၌ ဖြစ်စေရမည်။ အိုးနှင့်ဆန် တန်ရုံမဟုတ်ဘဲ လွန်ကျွံနေပါက မူလရည်မှန်းချက်ကိုပင် ပြန်လှန် ထိခိုက်ခြင်း ခံရတတ်ပေသည်။

စစ်နှင့်ပြည်သူလူထု

၆၀။ စစ်နှင့် ပြည်သူလူထု ဆက်စပ်နေပုံကို ဖော်ပြ လိုပါသည်။ စစ်ဆိုသည်မှာ တမျိုးလုံးနှင့် သက်ဆိုင်သည်။ ပြည်တွင်းစစ်မှာ သမရိုးကျထက် တပြည်လုံး အကွက်အလပ်မရှိ၊ လူထုအတွင်း၌

ဖြစ်သဖြင့် ပိုမိုသက်ဆိုင်ပေသည်။ စစ်တိုက်ကြခြင်းသည် တိုင်းပြည်၏ အင်အားစွမ်းပကား (Resources) အားလုံး - လူ-ဘဏ္ဍာပစ္စည်းကို ထုတ်ယူ၍ စစ်ပွဲတွင်အသုံးပြုခြင်းဖြစ်သည်။

၆၁။ စစ်-ကို ပြည်သူလူထု၏ အသက်-ပစ္စည်းတို့ဖြင့် တိုက်ကြရုံမက စစ်ကြီး၏အရှုံးအနိုင်၏ အကျိုးအပြစ်ဒါဏ်ကို နောက်ဆက်လက်၍ ထမ်းဆောင်သူများလည်း ပြည်သူလူထုပင် ဖြစ်သည်။

ထို့ကြောင့် ကလော့ဇဝပ်က စစ်ကို မမြင်မကန်း၊ အရှမ်းမလုပ်ရ၊ များစွာသော အရင်းအနှီး တန်ဘိုး ပေးထားရသည်ဟု ဆိုသည်။ ဤနေရာ၌ တန်ဘိုးဆိုသည်မှာ ပြည်သူ၏ အသက်-ငွေဘဏ္ဍာ-ပစ္စည်းတို့ဖြစ်သည်။

၆၂။ စစ်တိုက်ရာတွင် လူထုကိုအရင်းပြုရသဖြင့် တလျှောက်လုံး လူထု၏စိတ်သည် အလွန်အရေးကြီးသည်။ စစ်အတွက်အင်အား (Energy) လူ-ငွေ-ပစ္စည်းတို့ကို ထုတ်လုပ်သူမှာ ပြည်သူလူထုပင် ဖြစ်၍၊ ထိုအရင်းခံအင်အား ထုတ်လုပ်ပေးရသည့် ပြည်သူလူထု၏ စွမ်းအားနှင့် စိတ်ဓါတ်သည် စစ်၏ အရေးကြီးသော ခြေကုပ်ဖြစ်သည်။

ထို့ကြောင့် စစ်တိုက် ရာတွင် ပြည်သူ လူထုကို လေးစားခြင်း၊ ပြည်သူ့အခြေအနေ-ဆန္ဒတို့နှင့် လိုက်လျော ညီညွတ်စေခြင်းဖြစ်စေရမည်မှာ စစ်၏အခြေခံ သဘောတရားတရပ် ဖြစ်သည်။

စစ်နှင့် ငြိမ်းချမ်းရေး

၆၃။ စစ်၏ နိုင်ငံရေးရည်ရွယ်ချက်သည် စစ်ပြီးငြိမ်းချမ်းရေးကာလကိုပါကြည့်ရမည်ဟု ဆိုရာ၌လည်း၊ စစ်ပြီးတိုင်းပြည်အကျိုးကို ကြည့်ရန်ဖြစ်သည်။ သမိုင်းအတွေ့အကြုံအရ၊ နိုင်ငံရေး ခေါင်းဆောင်များသည် စစ်တိုက်ကြရာတွင် စစ်ပြီးနောက် တိုင်းပြည် ဘာဖြစ်မည်ဆိုတာ လုံးဝမစဉ်းစားဘဲ အနိုင်ယူလိုစိတ်၊ မခံချင်စိတ်၊ လောဘဒေါသ၊ လက်စားချေလိုစိတ်တို့ဖြင့် အရမ်းကာရော ပြုလုပ်တတ်ကြပေသည်။ (အထူးသဖြင့် 'နှစ်သုံးဆယ်စစ်'နှင့်'နပိုလီယံစစ်ပွဲ'စုများတွင် တွေ့မြင်ရပေမည်)။

ခြေမှုန်းရေးနှင့် မိမိကိုယ် ကာကွယ်ရေး

၆၄။ စစ်၏အခြေခံလုပ်ငန်းမှာ ဓါးနှင့်ဒိုင်းသဘွယ် ရန်သူကို ခြေမှုန်းရေး၊ မိမိကိုယ်ကိုမိမိကာကွယ်ရေးဖြစ်ရာ၊ ဓါးသည် ရန်သူကို သတ်ဖြတ်ခြေမှုန်းရန်ဖြစ်၍၊ ဒိုင်းမှာ မိမိကိုယ်-ကာကွယ်ရန် ဖြစ်သည်။ ဓါးကိုသာအသုံးပြု၍၊ ဒိုင်းကိုဂရုမပြုလျှင် သတ်ဖြတ်ခြေမှုန်းရေးသာ ရှေ့လောတကြီးလုပ်နေပြီး မိမိကိုယ်ကာကွယ်ရေးကို လစ်လျူရှုထားရာရောက်သဖြင့် အန္တရာယ် ကျရောက်နိုင်လေသည်။ ထိုစကားသည် စစ်ရေးသက်သက်တွင်သာ သဘာဝကျသည်မဟုတ်၊ မူရင်း နိုင်ငံရေးဝါဒတွင်လည်း မှန်ကန်ပေသည်။ ရန်သူ ခြေမှုန်းရန် အလွန်အကျွံ၊ သဲသဲမဲမဲ တိုက်ခိုက်နေခြင်းဖြင့် နောင်စစ်ကာလတွင် မိမိပါနစ်လံမထူ ဖျက်ဆီးရေးကိုပါ ဓ့ရှနေပါက၊ မူရင်းနိုင်ငံရေးဝါဒကိုပါ ဆုံးရှုံးနိုင်ပေသည်။ခိုင်မြဲသော ငြိမ်းချမ်းရေး ရဘို့လည်း ခက်ပေသည်။

၆၅။ ၂၀–ရာစုခေတ်တွင် စစ်စာပေအများဆုံး ရေးသူ ဗြိတိသျှလူမျိုး ကပ္ပတိန် လစ်ဒယ်ဟတ်(**Capt. Liddell Hart**)က စစ်တိုက်ခြင်း၏မူရင်း ရည်ရွယ်ချက်သည် ပိုမိုကောင်းမွန်သော ငြိမ်းချမ်းရေးအတွက် ဖြစ်သည်။ သေနင်္ဂဗျူဟာနယ်ပယ်သည် စစ်တိုက်ခြင်း၊ စစ်နိုင်ခြင်းတွင် အဆုံးသတ်၏။ မဟာသေနင်္ဂဗျူဟာ၏ နယ်ပယ်သည်ကား စစ်ပြီးနောက် ငြိမ်းချမ်းရေးအထိ နယ်ကျယ်ပြန့်သည်။ ထို့ကြောင့် စစ်အင်အားကို အသုံးချရာ၌ အနာဂါတ်ငြိမ်းချမ်းရေးကိုလည်း-မထိခိုက်အောင် သတိပြုရမည်။ အလွန်အကျွံ စစ်အင်အားကို တိုးချဲ့ခဲ့သော နိုင်ငံတခုသည်၊ ၎င်း၏ ဝါဒကိုပင်သတ်ပစ်သော အခြေသို့ရောက်ရှိယုံသာမက–ရှေ့ရေးတွင် စိုးရိမ်ဘွယ်ရာများ ဖြစ်လာနိုင်သည်ဟု ဖေါ်ပြခဲ့သည်။

၆၆။ ထို့ကြောင့် လူတို့သည် သမိုင်း အတွေ့ အကြုံရလာသည်နှင့်အမျှ၊ ဒီမိုကရေစီ ထွန်းကားလာသည်နှင့်အမျှ၊ စစ်ပွဲများ ရှည်ကြာမှုမှ လျော့နည်းလာသည်ကို တွေ့ရပေမည်။ ပြည်သူလူထုက

လည်း စစ်ပွဲ ရှည်ကြာမှုကို တနည်းနည်းဖြင့် ဆန့်ကျင်မည်သာ ဖြစ်ပေသည်။

နေရာတကာ ပြေ့ပြောင်းရန်မဟုတ်

၆၇။ ဤနေရာတွင် ကျွန်တော်သည် စစ်ကိုနေရာတကာတွင် ပြေ့ပြေ့–ပြောင်းပြောင်း ကိုင်တွယ်ရမည်ဟု မဆိုလိုပါ၊ သမိုင်းများတွင် တမျိုးလုံး ဖျက်ဆီးရန် တိုက်ခိုက်သော ရှေ့ခေတ် လူရိုင်း၊ မျိုးကိုင်း၊ သူတပါးအား အကြောင်းမဲ့သက်သက် ကျူးကျော်ရန်စပြီး ကျွန်လုပ်ရန် တိုက်သောစစ်မျိုးကိုင်း၊ အဖြစ်ရှာလှသော ဝံပုလွေနှင့်သိုးငယ်ကဲ့သို့ ခွန်အားဗလကိုသာ လေးစားပြီး ခြော့မြှူခြင်းဖြင့် စေ့စပ် ကြေအေးရန် မဖြစ်နိုင်သည့် ရန်သူမျိုးကိုမူ အစွမ်းကုန် ခုခံကာကွယ်ကြရမည်မှာ ဓမ္မတာပင်ဖြစ်သည်။ တဖန် ဤကဲ့သို့ စစ်တွင်ပင် တခါတရံ ယာယီငြိမ်းချမ်းနိုင်စွမ်းပင် ရှိတတ်သေးသည်ကိုလည်း သတိပြုရပေမည်။

နိုင်ငံရေးရည်ရွယ်ချက်နှင့်စစ်ရေး

၆၈။ တခါတရံတွင် မူရင်း နိုင်ငံရေးဝါဒနှင့် စစ်ရေးပမာဏအား 'မ'ကိုက် ဆန့်ကျင်ဘက်တွေ့ရတတ်သည်။ ထိုအခါလက်ရှိ နိုင်ငံရေး ဝါဒကိုပင် စစ်ရေးနှင့် ကိုက်ညီအောင် လျော့ချ ညှိညွတ်စေရမည်ဖြစ်သည်။ အကြောင်းမူ လက်တွေ့ ဆောင်ရွက်နိုင်စွမ်းနှင့် မညီသော ရည်မှန်းချက်သည် လက်တွေ့မဖြစ်နိုင်၊ တဖန်နိုင်ငံရေး ရည်မှန်းချက်ကို ပြည့်ဝအောင် စစ်ရေးကို အတင်းမြှင့်လျှင် အနာဂါတ်အားလုံးပျက်စီးပြီးမှရသော အောင်ပွဲသည်၊ မူရင်း နိုင်ငံရေး ရည်မှန်းချက်ကို ဖြည့်နိုင်မည်မဟုတ်။

စစ်သည် တသမတ်တည်း ရှောရှောရှူရှူ နိုင်ငံရေးရည်ရွယ်ချက်ကို ဝမ်းဆောင်သွားသည်မဟုတ်၊ အထစ်အငေါ့ အကြပ် အတိုးအခက်အခဲများ ပြွမ်းတီးလျက် ရှိသည်။ မှန်းခြေအတိုင်း ဖြောင့်ဖြောင့် ဖြစ်နိုင်သော ကိစ္စမဟုတ်။

စစ်ကို ပေါ့ပေါ့ဆဆ ယူဆခြင်း။

၆၉။ ဤနေရာတွင် နိုင်ငံရေး ခေါင်းဆောင်များ၊ စစ်ရေး ယူဆရာ၌၎င်း၊ မှန်းဆတွက်ချက် ရာ၌၎င်း၊ ပေါ့ပေါ့ဆဆ မှားမှား ယွင်းယွင်းဖြစ်တတ်ခြင်းကို ဖေါ်ပြလိုသည်၊ အပေါ်ယံအားဖြင့် ကြည့်လျှင်၊ စစ်နိုင်ရေးမှာ ရန်သူထက် အင်အား သာလွန်လျှင် ပြီးပြီဟု ယူဆကြပေမည်၊ အင်အားသာအောင် ဘယ်လို လုပ်နိုင်သည်ဟု စိတ်ကူးကြပေမည်၊ လက်တွေ့တွင် တဘက်ကလည်း နည်းလမ်းကုန်ကြိုးစားကြရာ၊ တကယ် ရန်သူထက် အင်အား ကြီးမားအောင် လုပ်ရန်လည်း ခက်ခဲရှည်ကြာပေသည်။ အင်အားကြီးမားလာသည့် တိုင်အောင် တဘက်က စိတ်ဓါတ်မလျော့ပါက ပြတ်သားစွာ စစ်ပြီး မရှိဆုံးခြင်း ရောက်ဘို့ရာ ခက်ခဲ ရှည်ကြာပေသည်။

အားကြီးသူတိုင်းသာ အားငယ်သူကို နိုင်သည်ဟုယူဆကြပါလျှင်၊ ဤကမ္ဘာတွင် အားကြီးသူနှင့် အားနည်းသူစစ်ဖြစ်ဘို့လမ်း ဟု ယူဆကြပေမည်။ လက်တွေ့၌ ဤသို့မဟုတ်ပေ။

စိတ်ဓါတ်သည် အရေးအကြီးဆုံး။

၇၀။ စစ်၏ အခက်အခဲတရပ်ကို အနည်းငယ်ရေးသားလိုပါသည်၊ စစ်နိုင်ရေးအတွက် စစ်၏အဓိက တာဝန်မှာ (က) ရန်သူ့တပ်များ ဖျက်ဆီးခြင်း။ (ခ) တိုင်းပြည်နေရာ သိမ်းပိုက်ရေး၊ (ဂ) ရန်သူ့စိတ်ဓါတ် ပျက်စီးစေရေးများ ဖြစ်သည်ဟု ရှေးကတဲက ယူဆကြသည်။ အတွေ့အကြုံအရ နောက်ဆုံး စိတ်ဓါတ် ကျဆင်းရေးသည် အဓိက ဖြစ်ကြောင်း တွေ့မြင်လာကြသည်။

လက်တွေ့များတွင် တဘက်ရန်သူ့တပ်ဖွဲ့ ခြေမှုန်းပြီး၊ တိုင်းပြည်ကိုလည်း သိမ်းပိုက်ပြီးသည့်တိုင် စိတ်ဓါတ်မကျလျှင် စစ်မပြီး ဆုံးနိုင်သေး၊ ကျွန်တော်တို့နှင့် အနည်းကပ်ဆုံး သာဓကကို ပြရလျှင် အင်္ဂလိပ်-မြန်မာ တတိယ စစ်ပွဲတွင် တိုင်းပြည်အားလုံးသိမ်း၊ တပ်ဖွဲ့များက လက်နက်ချစေပြီး အထွဋ်အထိပ် သီပေါဘုရင်ကိုဝင် ဘမ်းပြီးသည့်တိုင်အောင် စိတ်ဓါတ် မကျဆုံးသေးသော မျိုးချစ်တိုင်း

ရင်းသား (ဗမာ-ရှမ်း-ကချင်-ချင်း) တို့သည် (၁၀) နှစ်နီးပါးပုန်ကန်ထကြွသည်ကို မြင်နိုင်ပေသည်။

ခြေမှုန်းရေး

၇၁။ တဖန် ခြေမှုန်းရေးနှင့် နေရာသိမ်းရေးတွင် ယေဘူယျအားဖြင့် ခြေမှုန်းပြီးမှသာ နေရာသိမ်းပိုက်ရေးသည် သဘာဝ ကျသည်ဖြစ်ရာ၊ စစ်၏တာဝန်တွင် ခြေမှုန်းရေးသည် အဓိကဖြစ်သည်၊ တဖန် ခြေမှုန်းနိုင်ရေးကို သာမန်အားဖြင့်ကြည့်လျှင် အားကြီးအောင် လုပ်နိုင်လျှင် ခြေမှုန်းနိုင်မည်ထင်သည်။ 'ကျောက်ခဲ' တခဲကို သူ့ထက် ကြီးသော ကျောက်တုံးကြီးနှင့် ထုလျှင် ကွဲနိုင်သလို ယူဆပေသည်၊ စစ်တည်းဟူသော ကိစ္စတွင်မူ အဆောတလျှင် တချီနှစ်ချီနှင့် ခြေမှုန်း၍ရသော ကိစ္စမဟုတ်၊ ဖြည်းဖြည်းခြင်း-နည်းမျိုးစုံဖြင့်သာ ပြုလုပ်ရသည်။ အားနည်းသူသည် ဓမ္မတာအားဖြင့် အဆုံးအဖြတ်ပေးရသည့် တိုက်ပွဲမျိုးကို ရှောင်ကြသည်။ ယခုအထိ စစ်သမိုင်းတွင် စစ်ပွဲများ၌ အပြတ်အသတ်ခြေမှုန်းနိုင်ခဲ့သော သာဓကမှာ အလွန်ရှားပေသည်၊

ထို့ကြောင့် စစ်သည်တဘက်တည်း စိတ်ကူး၍ ရသောကိစ္စမဟုတ်၊ နှစ်ဘက်စလုံးနှင့် ဆိုင်သည်။ လက်တွေ့တွင် အပြတ်အသတ် အင်အားကြီးအောင် လုပ်ရန်လည်းခက်၊ တဖန် အားကြီးတိုင်း ခြေမှုန်းနိုင်ရန်လည်းခက်၊ ခြေမှုန်းနိုင်သည် ထားဦး စိတ်ဓါတ် မပျက်သေးပါက စစ်ပြီးဆုံးရန်ခက်လှသည်။ ထို့ကြောင့် စစ်ကို လိုသလို အဆုံးသတ်ဘို့ရန်ခက်လှသည်၊ စစ်အတွက် ပြည်သူတို့ကပေးသည့် အဘိုးအခသည်လည်း ကြီးမားလှပေသည်။

စစ်သည် မှန်းခြေမပေါက် ရှုတ်ထွေးရှည်ကြာခြင်း။

၇၂။ စစ်တွင် အထက်ပါ အခက်အခဲတို့ပြင် မှားမှား ယွင်းယွင်း ဖြစ်နိုင်သောအချက်မှာ အဓိက (၃) ချက်ရှိသည်။ ပဌမမှာ စစ်သည် ပင်ကိုယ်ကပင် မရေမရာ မသေချာသောအချက်များ ပြွမ်းတီး

ချက်ရှိရာ၊ မမြင်သာ မထင်သာမြုပ်ကွယ်နေသော အချက်များစွာ ရှိသည်။ ထို့အပြင်အချိန်မရွေးပြောင်းလဲနိုင်သော နိုင်ငံရေး၏ စိုးမိုးမှုအောက်တွင် ရှိသည်၊ မှန်းဆတွက်ချက်ရန် ခက်ခဲသည်။ ဒုတိယ`စစ်ကို ကိုင်တွယ်ကြသော ပုဂ္ဂိုလ်တို့၏ အတွေ့အကြုံနည်းမှု၊ တတိယမှာ လူတို့၏ ချို့ယွင်းချက်ဖြစ်သော လောဘ-ဒေါသ-မောဟတို့ကြောင့်ဖြစ်သည်။

လူတို့သည် ယဉ်ကျေးလာသည်နှင့်အမျှ ပြဿနာများကို ရှေးလူရိုင်းများလို စိတ်ဆန္ဒ အတိုင်း မဆုံးဖြတ်ကြ၊ အသိ ပညာဆင်ခြင်တုံ တရားဖြင့် ဆုံးဖြတ် လာကြသည်တိုင်အောင်၊ စစ်တည်းဟူသော ကိစ္စတွင် ဒေါသ-မောဟနောက်သို့ လိုက်မိကြခြင်းကို ယခုခေတ်တွင်လည်း မြင်တွေ့နေသေးသည်။ ထို့ကြောင့် များစွာသော စစ်ပွဲတို့သည် မူလ နိုင်ငံရေး ရည်မှန်းချက်နှင့် ဝေးပြီး တိုင်းပြည်နလံမထူနိုင်အောင် ဒုက္ခကြုံရပေသည်။

စစ်ဖြစ်ရန်လွယ်သော်လည်း စစ်အပြီးသတ်ရန်ခက်တတ်သည်

၇၃။ စစ်တွင် စစ်သားတာဝန်မှာ စစ်တိုက်ခြင်း၊ စစ်ပွဲများတွင် အနိုင်ရအောင် ကြိုးစားခြင်းသာဖြစ်၍ စစ်ကိုအဆုံးသတ်ခြင်းလုပ်ငန်းသည် နိုင်ငံရေးခေါင်းဆောင်တို့၏ တာဝန်ဖြစ်သည်။ စစ်ကိုအဆုံးသတ်ခြင်းသည် ခက်ခဲသော ပြဿနာတရပ် ဖြစ်သည်။ ထို့ကြောင့် စစ်ရေးအတွေ့အကြုံရှိသော နိုင်ငံခေါင်းဆောင်တို့က 'စစ်ဖြစ်တာ လွယ်ပါတယ်-စစ်ကိုငြိမ်းတာဟာ ခက်သည်'ဟု ဆိုကြသည်။ သို့ဖြင့် စစ်သည် နိုင်ငံခေါင်းဆောင်များအပေါ်တွင် မည်မျှကြီးလေးသော တာဝန်ဖြစ်သည်ကို သိနိုင်ပေသည်။

အပိုင်း(၄)
လက်ရှိပြည်တွင်းစစ်နှင့် အဆုံးသတ်ခရီး

၇၄။ ကျွန်တော်သည် အထက်ပါအချက်များမှ အခြေခံ၍ လက်ရှိ ကျွန်တော်တို့ခံစား တွေ့ကြုံနေရသော ပြည်တွင်းစစ်ကြီးကို မည်သို့အဆုံးသတ်သင့်သည်ကို တင်ပြရပါမည်၊ အပိုင်း (၁) ပြည်တွင်းစစ်၏ နောက်ခံသမိုင်းကိုတင်ပြပြီး၊ အပိုင်း (၂) တွင် လက်ရှိ (၁၀) နှစ်ပြည်တွင်းစစ်ကို စေတန်ဆန်းစစ် တင်ပြခဲ့ပါသည်။

ပြည်တွင်းစစ် စောစောပိုင်းတွင် သူပုန်တို့ စစ်ရေးကြောင့်ရင်း၊ ဒုတိယအပိုင်းတွင် နိုင်ငံရေးကြောင့်ရင်း၊ ကျဆင်းခဲ့ပုံ၊ နောက်ဆုံးပိုင်းတွင် စစ်ရေးနှင့်ဖိသော်လည်း တဖန် နိုင်ငံရေး ကြောင့် ကျဆင်းဘဲဖြစ်နေပုံကိုရင်း၊စစ်ရေးသက်သက် စွမ်းအားဖြင့် သေါခြေမှုန်းခြင်း၊ နေရာသိမ်းပိုက်ခြင်းတို့သည် တဘက်တွင် စစ်၏အတွေ့အကြုံ၊ နိုင်ငံရေးအခြေအနေ ဒီဂရီကိုလိုက်၍ခက်ခဲပုံ၊ စစ်၏ အတက်အကျသည် နိုင်ငံရေးပေါ်တွင် အမှီကတည်ပုံ၊ လက်ရှိ ဗမာပြည်အခြေအနေအရ တိုင်းပြည်အနေအထား အကျယ်အဝန်း ဖွဲ့စည်းတည်ရှိနေပုံ၊ ၁၀-နှစ် ရှည်ကြာခဲ့သော ရေရှည် ပျောက်ကြားစစ် အတွေ့အကြုံ၊ နိုင်ငံရေးအခြေအနေတို့ကြောင့်ရင်း၊ တိုင်းပြည်တွင် သူပုန်အမျိုးမျိုး နေရာ ကျက်လပ်မကျန် အနှံ့ အပြား ဖြစ်နေပုံနှင့် သူပုန်တို့ဘက်မှလည်း အားနည်းချက်များကိုပါထောက်၍ရင်း၊ အစိုးရ အနေဖြင့်လည်း သူပုန်ကို အပြီးအပိုင် ကျဆင်းသွားအောင်၊ လျှင်မြန်စွာနှိမ်နင်းပစ်ရန် ခက်ခဲ၊ ပြည်တွင်းစစ်ရေရှည်ပြီး လူထုဒုက္ခရောက်ဘို့ ရှိပုံတို့ကို ဖေါ်ပြခဲ့ပါသည်။

စစ်ရေးသက်သက်ဖြင့် ကြည့်လျှင်

၇၅။ အကယ်၍ လက်ရှိပြည်သူတို့၏ ဒုက္ခဆင်းရဲကိုရင်း၊ စစ်ပြီး အနာဂါတ်-တိုင်းပြည်အကျိုးကိုရင်း၊ မထောက်ထားကြဘဲ၊ အဘင်း စွမ်းဆောင်နိုင်သမျှ အင်အား ညှစ်ထုတ်ပြီး ဇွတ်ဆက်လက်

တိုက်ခိုက်လျှင် မည်သို့ဖြစ်နိုင်မည်ကို ကျွန်တော်သည် အသေးစိပ် စစ်ရေးသက်သက် တွက်ချက်ကြည့်ရှုပြီး အလွန်ကြီးမား၍ တန်ခိုးရှိသော နိုင်ငံရေးပြောင်းလဲမှုမရှိပါက၊ ၇-နှစ်အတွင်း မည်သို့မှ ပြည်တွင်းစစ်ကြီး မပြီးဆုံးနိုင်သေးကြောင်း၊ ပြည်သူတို့သည် ဤမျှကြီးလေးသောစစ်ဒါဏ်ကို ဆက်ပြီးထမ်းဆောင်ဘို့ အလွန်ခက်ခဲပင်ပန်းပေလိမ့်မည်ဖြစ်ကြောင်း တင်ပြခဲ့ပါသည်။

စစ်၏ပင်ကိုယ်သဘာဝကိုက ပင်လျှင် စစ်ကိုအမြန်အဆုံးသတ်ရန် ခက်ခဲပုံ၊ မှားမှား—ယွင်းယွင်း ဖြစ်တတ်ပုံတို့ကြောင့် စစ်သည် ရည်မှန်းသလို မဖြစ်တတ်ပုံ၊ ခက်ခဲ၍ အန္တရာယ် များပုံတို့ကိုလည်း ဖေါ်ပြခဲ့ပါသည်။

၇၆။ ထို့ကြောင့် စစ်၏အဆုံးသတ်ခရီးကို စစ်ဖြင့်ဆက်လက်၍ အဖြေထုတ်ရန်မှာ ဘယ်ဘက်ကကြည့်ကြည့် အလွန်ရေရှည်ပြီး ပြည်သူတို့သည် ဒုက္ခပင်လယ်ထဲ၌ မျောနေမည်ဖြစ်ကြောင်းကို ကျွန်တော် အထူးရှင်းလင်းဘင်ပြရန် လိုတော့မည်မထင်ပါ။

ထို့ကြောင့် လက်ရှိပြည်တွင်းစစ်တွင် စစ်ပမာဏ အင်အားစွမ်းရည်နှင့် အဆုံးသတ်ခရီးသည် ကွာလှမ်း နေပြီကိုၚင်း၊ စစ်စွမ်းအားပမာဏသည် နိုင်ငံရေးရည်မှန်းချက်ကို ထမ်းဆောင်ရန် အလွန်ခက်ခဲနေပြီကိုၚင်း၊ ထင်းလင်းစွာ မြင်တွေ့နိုင်ပါပြီ။

ပြည်သူလူထု

၇၇။ တဖန် လက်ရှိပြည်တွင်းစစ်၏ ပမာဏသည် ပြည်သူတို့၏ ခံနိုင်ရည် စွမ်းအားနှင့်ၚင်း၊ အနာဂါတ် ငြိမ်းချမ်းရေးတွင် တိုင်းပြည် အကျိုးနှင့်ၚင်း၊ မည်မျှကွာလှမ်းနေသည်ကို စဉ်းစားသင့်ပါသည်။

စစ်၏အဆုံးသတ် ရည်မှန်းချက်သည် စစ်၏ပမာဏနှင့် ကိုက်ညီရမည်။ ထိုစစ်၏ပမာဏသည် တိုင်းပြည်က ထမ်းဆောင်နိုင်သော "ဘောင်"အတွင်းမှာ ဖြစ်ရမည်၊ အလွန်အကျွံ ပြည်သူ လူထုကို မထောက်မညှာ လုပ်ခဲ့ပါလျှင်။ မူလရည်မှန်းချက်ပျက်စီးရုံမက၊ စစ်ပြီး

သည့်တိုင် နှစ်ပေါင်းများစွာ နလံမထူနိုင်အောင် ပျက်စီး နစ်နာပြီး အန္တရာယ်လည်း များပေသည်။

ပြည်သူလူထုက စစ်အတွက်ပေးရသော အဘိုးအခ

၇၈။ ကျွန်တော်တို့၏ ပြည်သူလူထုသည် စစ်ဒါဏ်မည်ကဲ့သို့ ခံစားလာခဲ့ရသည်၊ ပြည်တွင်းစစ်ကြီးကိုမည်ကဲ့သို့ ထမ်းထားရသည်ကို ကြည့်ကြလိုသည်။

ကျွန်တော်တို့သည် ဒုတိယ စစ်ကြီး၏ဒါဏ်ကို ၂-ထပ် ခံခဲ့ရသည်။ စစ်ပြီး ကမ္ဘာနှင့်အဝှမ်း ပြန်လည်ထူထောင်နေကြစဉ်(၁၀) နှစ်လုံးလုံး ပြည်တွင်းစစ်ကြီး၏ဒါဏ်ကို ခံနေရသည်၊ ပြည်တွင်းစစ်ဆိုသည်မှာ (၂)ဘက်စလုံး ပြည်သူ၏ ပခုံးနှစ်ဘက်ပေါ်တွင် ရပ်လျက်နေရာ ကွက်လပ်မကျန် အနှံ့ အပြား တိုက်ခိုက်ကြခြင်း ဖြစ်သည်။ ပြည်သူတို့မှာ နေရာမရွေး လူတန်းစားမရွေး စစ်၏"တပိုး"(၂)ခုစလုံး တပြိုင်တည်း ထမ်းနေကြရသည်။ ပြည်သူတို့ ထမ်းဆောင်ခဲ့ရသော ဝန်ထုပ်ဝန်ပိုးသည် ကြီးလှသည်။ ယင်းအချက်များနှင့်ပါတ်သက်၍ ဘဏ္ဍာရေး၊ စီးပွားရေး၊ ကျွမ်းကျင်သူတို့၏ မိန့်ခွန်းများစာတမ်းများကိုလည်း တွေ့မြင်ကြပြီး ဖြစ်လိမ့်မည်။

၇၉။ နောက်ဆုံး ဝန်ကြီးချုပ် ဦးနုမိန့်ခွန်းတွင် ၁၃၁၇-ခုနှစ်အထိ ပြည်တွင်းစစ်၌ ပြည်သူတို့က ပေးရသောတန်ဘိုးမှာ သေကြေ ကျဆုံးသူ ၃-သောင်း၊ ပျက်စီးသော တန်ဘိုးကုဋေ ၅၀၀-နီးပါးတွေ့ရသည်။ ၎င်းစာရင်းတွင် လက်လှမ်းမမှီ၍ မရသောစာရင်းများ ရှိပေလိမ့်မည်။ ကျွန်တော့ မျက်မြင်အရ ၁၉၄၉ ခုမှ ၅၁-ခုကုန်လောက်အထိ၊ အောက်ဗမာပြည်တွင် ကရင်–ဗမာလူမျိုးရေးနှင့် စစ်ရေးကြောင့် သေကြပျက်စီးခြင်း၊ မီးလောင်ပျက်စီးခြင်းများ ကြီးကျယ်လှသည်။

၈၀။ ထို့ပြင် ဈေးနှုန်း ကြီးမြင့်ခြင်းကြောင့်ၚင်း၊ ကုန်ထုတ်လုပ်ငန်းများ ပျက်စီးစေခြင်းကြောင့်ၚင်း၊ စစ်စရိတ်တန်ဘိုးအတွက်

အခွန်ဘဏ္ဍာအဘက်ဘက်က ပေးဆောင်ရခြင်းကြောင့်၎င်း၊ ပြည်သူ တို့တွင် စီးပွားရေးကြပ်တည်းရေး၊ တနေ့ထက်တနေ့ နက်ရှိုင်း လာ ခဲ့သည်။

စီးပွားရေးကြောင့် ထားပြ လူဆိုးများ ပေါ်များ လာသော အန္တရာယ် ပြည်တွင်းစစ်ကြောင့်၊ လက်နက်ဖြင့် နှစ်ဘက်ကြားတွင် အသက်မွေး ဝမ်းကြောင်း ရှာဖွေ ကြသော လက် နက် ကိုင် တို့ ၏ အန္တရာယ်၊ ပြည် တွင်း စစ် ကြောင့် ဒီမိုကရေစီ လျော့ပါးရသော အန္တရာယ်တို့သည် ပြည်သူတွင် လုံခြုံမှုပျက်စီးလျက်ရှိသည်။

စီးပွားရေးနှင့် လုံခြုံမှု ကင်းမဲ့လာသည်နှင့် အမျှ ပြည်သူတို့ အသက်ရှင်ရေး၊ကာယဗလ–စာရိတ္တဗလ–ချို့ယွင်းလာမှုကိုရင်း မြင် တွေ့နေရပေပြီ။

၎င်းအရာအားလုံးတို့သည် ပြည်သူတို့ကပေးရသောအဘိုး အခ ဖြစ်သည်။ ယခုအခါ နိုင်ငံခေါင်းဆောင်တိုင်းသည်၊ ၎င်းအချင်းအရာ ကို သိနားလည်ကြသည်။ ၎င်းမနှစ်လိုဘွယ်ကိစ္စကြီးကို ကုသ ဖယ်ရှား ရန်၎င်း၊ ခေတ်နိုင်ငံထူထောင်ရန်မှာ ၎င်းစစ်ကြီးရှိနေသမျှ မဖြစ်နိုင် ကြောင်းကို အစိုးရဘက်ကပင် နားလည်ဝန်ခံပြီး ဖြစ်ပေသည်။

ပြည်သူတို့၏ ငြိမ်းချမ်းရေးဆန္ဒ

၈၁။ ပြည်သူတို့သည် ယခုအခါပြည်တွင်းစစ် ၁၀-နှစ် သက် တမ်းကို ကိုယ်တိုင်ခံစားတွေ့ရှိလာပြီး လက်တွေ့အသိဖြင့် ပြည်တွင်း စစ်ကြီးရပ်စဲရန် ဖအော်ဟစ် လာခဲ့ပေသည်။ ၎င်းဆန္ဒလှိုင်းဂရက်-ကြီး မားကျယ်ပြန့်စွာ မြင်တွေ့နေရပေသည်။ ကျွန်တော်တို့၏ စိတ်ထင် ၁၉၄၅–၄၆ ခုနှစ်၊ ဗိုလ်ချုပ်အောင်ဆန်း ကြီးမှူးသော လွတ်လပ် ရေး လိုလားကြသည့် လူထုဆန္ဒ လှုပ်ရှားမှု ကာလကဲ့သို့ ကြီးမား ကျယ်ပြန့်ပေသည်။ ၎င်းဆန္ဒမှာ လွတ်လပ်ရေးဆန္ဒနှင့် ကွာခြားမှု ၈ မျိုးရှိပါသည်။ လွတ်လပ်ရေးမှာ အဓိကအားဖြင့် မျိုးချစ်စိတ်အရေး ခံပါဝင်သောဆန္ဒဖြစ်၍ တမျိုးနက်ရှိုင်း လေးနက်ပေသည်။

ယခု ငြိမ်းချမ်းရေးဆန္ဒမှာ၊ ငြိမ်းချမ်းရေးရလျှင် ပြည်သူတို့ ယခုဆင်းရဲကြပ်တည်းမှုမှ ချက်ခြင်းသက်သာမည်၊ စစ်၏ဝန်ထုပ် ဝန် ပိုးများ ကျဆင်းမည်၊ လုံခြုံမှုရှိပြီး ကိုယ်စိတ်ချမ်းသာစွာ၊ စီးပွား ရှာဖွေနိုင်ကြမည်ကို၊ သဘာဝကျစွာ ယုံကြည်ကြသည်။ အနာဂါတ် တွင် တိုင်းပြည်ပိုမိုသာယာ ပြောလာမည်ကိုလည်း မျှော်လင့် ပေ သည်။ တမျိုးအားဖြင့် လူ့ဘိုင်း လက်တွေ့ ကိုယ်ကျိုးဘဝနှင့် အ ညွန့်နီးကပ် ရောရှက်နေသော ဆန္ဒပြမှုဖြစ်ပေသည်။

၎င်းပြည်သူ့ဆန္ဒသည် ပုဂ္ဂိုလ်ရေး၊ ပါတီရေးကြောင့်မဟုတ်ပေ၊ ပုဂ္ဂိုလ်-ပါတီရေးသာ ဖြစ်လျှင် နိုင်ငံရေးကို အတော်ငြီးငွေ့နေသော ပြည်သူလူထုသည် ၎င်းမျှ ကျယ်ပြန့်စွာ လှုပ်ရှားမည်မထင်။

၎င်းပြည်သူတို့၏ သဘာဝကျသော ဘဝနှင့်ဆန္ဒကို နိုင်ငံခေါင်း ဆောင်များ လစ်လျူရှုကို့ ပျက်ကွက်ရန် မသင့်တော်ပေ။

ပြည်တွင်းစစ်ရပ်စဲလျှင် ရရှိမည့်အကျိုး

၈၂။ ၎င်းနေရာတွင် အချို့သူတို့က ပြည်တွင်းစစ်ကြီးရပ်စဲ သွားစေကာမူ၊ ဓါးပြ၊ လူဆိုး၊ ဆက်လက်ဆူပူနေမည်ဖြစ်ရာ၊ ငြိမ်း ချမ်းရေး ရနိုင်အုံးမည် မဟုတ်ဟု ယူဆနေကြသည်။ ဓါးပြ၊လူဆိုး အန္တရာယ်မှာ ပြည်တွင်းစစ်ကို မှီ၍သာဖြစ်ရာ၊ အရင်းလဲလျှင် အဖ ျားပါ အနှေးအမြန် ညှိုးချောက် ရမည်သာဖြစ်သည်။

၈၃။ အချို့ကယူဆကြပြန်သည်။ စီးပွားရေး ကြပ်တည်းမှု မှာ ပြည်တွင်းစစ် သက်သက်ကြောင့်မဟုတ်၊ အခြားအခြေအနေ ကြောင့်လည်းဖြစ်၍၊ စစ်ရပ်သွားတောင် လုံးဝမဖြေရှင်းနိုင်ဟု ဆို သည်။ အရင်းခံမှန်ပေသည်။ သို့ရာတွင် စစ်ရပ်စဲလျှင် ချက်ခြင်း သက်သာသင့်သလောက် သက်သာမည်၊ အနာဂါတ် ပို၍သက်သာ သာမည်မှာ မုချဖြစ်သည်။ ပြည်သူလူထု လုံခြုံမှုရှိလာမည်မှာ မုချ ဖြစ်သည်၊ တဖန် စစ်ရပ်စဲပြီးတိုင်းပြည်သည်ရှေ့ကိုဘယ်စခမ်း သွား မည်လဲကြည့်လျှင်၊ ပြည်သူလူထုသည် ပြည်တွင်း စစ်တွင် နစ်မြုပ်နေ သော လွတ်လပ်ရေး၏ အစွင့်အလမ်းဖြစ်သည့် တိုင်ပြည် ပြန်လည်

ထူထောင်ရေး၊ နိုင်ငံသစ် ထူထောင်ရေးတို့တွင် တစည်းတရုံးတည်း ကြီးမားစွာ အာရုံစူးစိုက်လာကြလိမ့်မည်။ ပြည်တွင်းစစ်တွင် ကုန်ခဲ့သော တန်ဘိုးကို နိုင်ငံအကျိုးဘက်သို့ လှည့်ကြလိမ့်မည်၊ နိုင်ငံသစ်ကိုထူထောင်ကြမည်မှာ မလွဲသော လမ်းဖြစ်သည်။ ထို့အပြင်တန်ဘိုးကြီးမားစွာ ပေးခဲ့ရသော သင်ခန်းစာကြောင့်၊ အရာရာအတွက် အင်အားဖြစ်သော အချင်းချင်းပိုမို စည်းလုံးညီညွတ်မှုကိုလည်း မရမနေ ကြိုးစားကြမည်မှာ သေချာပေမည်။

ထို့ကြောင့် စစ်ရပ်စဲရေးသည် လောလောဆယ်ချောင်ချိနေသာမက၊ ဆက်လက်၍ တိုင်းပြည် စည်ပင်ဝပြောရေး တံခါးကို ဖွင့်လှစ်ရာလည်း ရောက်ပေသည်။

ပြည်သူကို မထောက်ထားဘဲ ဆက်တိုက်ကြလျှင်

၈၄။ ပြည်သူတို့အခြေအနေကို မထောက်ထားဘဲ၊ ဇွတ်နှစ်၍ ဆက်တိုက်ကြလျှင် တိုင်းပြည် မည်မျှနစ်နာမည်ကို တွေးခေါ်ကြစေလိုသည်။

စစ်၏ သဘောတရားအရ၊ မပြီးပြတ်သေးသော စစ်တခုကို မည်ကဲ့သို့ အဆုံးသတ်ရမည်ကို စဉ်းစားရာတွင် အင်္ဂါ နှစ်ချက်ပေါ်တွင် ကြည့်ရပေမည်။ ပဌမမှာ စစ်၏အဆုံးသတ် ခရီးသည် မည်မျှ ခက်ခဲရှည်ကြာလိမ့်မည်။ ဒုတိယမှာ ဆက်လက်၍ တိုင်းပြည်က ခံရမည့်တန်ဘိုးဖြစ်သည်။ တန်ဘိုးဆိုသည်မှာ လောလောဆယ် သွေး-ချွေး-အသက်-ပစ္စည်းတို့နှင့် ပေးခဲ့ရသော တန်ဘိုး၊ အနာဂါတ်စစ်ဆက်ဖြစ်လျှင် ဆက်၍ပေးရမည့်တန်ဘိုး၊ စစ်ပြီးနောက် ဆက်လက်ထမ်းဆောင်ရမည့် တန်ဘိုးများအပြင်၊ အကယ်၍ စစ်ကြီးသာမဖြစ်ခဲ့သော်၊ ဤကာလများအတွင်း တိုင်းပြည် တိုးတက်ရေးအတွက် ဖြစ်လာနိုင်မည့် အကျိုးအမြတ်များကိုပါ တွက်ချက်ရပေသည်။

၈၅။ ဤအတိုင်း ကြည့်လျှင် ပြည်သူတို့က ခံခဲ့ရပြီးသော အတိုးအခကိုပင်ထောက်ထား၍ ဆက်လက်ပြီး နောက်ထပ်-ဤပြည်တွင်း စစ်ကြီးအတွက် ပြည်သူတို့အား တာဝန် မပေးသင့်တော့ကြောင်း အထူး တင်ပြရန် လိုမည်မထင်ပါ။

စစ်ရေးကိုကြည့်ပြန်လျှင်၊ အစွမ်းကုန်ပြည်သူတို့ထံမှ ညှစ်ထုတ်၍ တိုက်ရသည့်တိုင် အချိန်ဘိုတို့နှင့် အဆုံးသတ်ခရီးကို ရောက်နိုင်မည်မဟုတ်ကြောင်း တင်ပြခဲ့ပါပြီ။

ထို့ကြောင့် စစ်၏နောက်ဆုံးရည်မှန်းချက်သည် အနာဂါတ်တွင် ပိုမိုကောင်းမွန်သော ငြိမ်းချမ်းရေးကို ဖန်တီးရန်အတွက်ဖြစ်ရာ မီးစာကုန်-ဆီခမ်းပြီး တမျိုးလုံး မောဟိုက် ကွဲပြဲပြီးမှ အဆုံးသတ်ရသည့် ငြိမ်းချမ်းရေးသည် မည်ကဲ့သို့သောအကျိုးကိုမှ ပေးလိမ့်မည် မဟုတ်၊ နပိုလီယံစစ်အပြီး ပြင်သစ်ပြည်ကြီး ကြာရှည် နလံမထူနိုင်သကဲ့သို့ ပြည်သူဘို့မှာ အဆုံးအဆမရှိသောဒုက္ခ တွေ့ရပေမည်။

နိုင်ငံခြားပယောဂများ

၈၆။ စစ်ဆက်တိုက်ရေးနှင့် တန်ဘိုးကိုသာမက၊ စစ်နှင့်ပါတ်သက်ပြီး တိုင်းပြည်၌ ဆက်စပ်ပေါ်ပေါက်လာနိုင်သော အရေး အခင်းများကိုလည်း ထည့်သွင်း၍ စဉ်းစားရပေသည်။ သမိုင်းတွင် တိုင်းပြည်များစွာ ပျက်စီး ဒုက္ခရောက်ခြင်းသည် များသောအားဖြင့် မိမိတို့ပြည်တွင်းရေး ကွဲပြဲ ရှုတ်ထွေးနေစဉ်-အခြား အင်အားစုများ ဝင်ရောက် နှောက်ယှက်ခြင်းကြောင့်၊ မူလစစ်ဒုက္ခထက် ပိုမိုကြီးလေးသော ဘေးဥပါဒ်များ ဆိုက်ရောက်တတ်လေသည်။ ကျွန်တော်တို့ တိုင်းပြည်ကိုကြည့်လျှင် နောက်ဆုံး ကွယ်လွန်သူ ဗိုလ်ချုပ်အောင်ဆန်း စည်းရုံးခဲ့သော ပြည်ထောင်စုကြီးမှာ အဘက်ဘက်တွင် ပြိုကွဲရမည့် အရိပ်နိမိတ်များ မကြာခဏ ပေါ်ပေါက်လျက်ရှိလေသည်။

မကြာသေးမီကပင်လျှင် အင်အားကြီးမားသော တရုပ်ဖြူ ကျူးကျော်မှုကို ကျွန်တော်တို့သည် မည်မျှခက်ခက်ခဲခဲ တွန်းလှန်ခဲ့ရသည်ကို တွေ့ခဲ့ရပြီးဖြစ်သည်။ အနာဂါတ် ဤရန်သည်လည်း မအေးသေးသည်ကို မြင်နေကြရသည်။

ပြည်တွင်းစစ် ရပ်စဲသင့်ပြီ

၈၇။ အထက်ပါ အချက်အားလုံးကို ပေါင်းရုံး ကြည့်မည့်သူ မည်သည့်ထောင့်က ကြည့်ကြည့်၊ ဤစစ်ကြီးကို အမြန် ရပ်စဲဘို့သာ ရှိတော့သည်။

နိဂုံး

၈၈။ ယခုအခါ အနည်းငယ်-အကျဉ်းချုံးကြည့်သင့်ပေသည်။ ကျွန်တော်သည် အပိုင်း (၁) တွင် ပြည်တွင်းစစ်၏ နောက်ခံသမိုင်းကိုတင်ပြပြီး၊ အပိုင်း (၂) တွင် ကျွန်တော်၏ အတွေ့အကြုံ ဗဟုသုတဖြင့် ဝေဖန်၍ ဤစစ်ကြီးကိုဆက်၍တိုက်ကြလျှင် အလွန်ရှည်လျားမည် ဖြစ်ကြောင်း၊ (၁၀) နှစ်ကျော် စစ်ဒဏ်ကိုထမ်းလာကြသော ပြည်သူတို့ကို ထောက်ရှုကြရန်ငင်း တင်ပြခဲ့ပါသည်။ အပိုင်း (၃) တွင် စစ်၏ အဆုံးသတ်ခရီးရှာဖွေရာ၌ အခြေခံသဘောဖြစ်သော စစ်နှင့် နိုင်ငံရေးကိုတင်ပြပြီးပါပြီ။ ယင်းတွင် စစ်၏အဆုံးသတ်ခရီးကို ကြိုးကိုင်ရသည့် တာဝန်ခံနိုင်ငံရေးခေါင်းဆောင်တို့သည် စစ်ကိုမူလနိုင်ငံရေးရည်မှန်းချက်မှ သွေးဖီမသွားရန်၊ ၎င်း ရည်မှန်းချက်သည်–စစ်၏ စွမ်းဆောင်နိုင်သော အင်အားပမာဏဘောင် အတွင်းမှာသာ ဖြစ်ရမည်ဖြစ်ကြောင်း၊ စစ်၏ပမာဏကို တွက်ချက် ရာထားရာတွင်၊ ပြည်သူလူထုက ထမ်းဆောင်ရမည့်စစ်၏ တန်ဘိုးကိုငင်း၊ အနာဂါတ် ငြိမ်းချမ်းရေးကာလ ပြည်သူတို့၏ ဆက်လက်တွေ့ကြုံရမည့် ပြဿနာများအပေါ်ကြည့်ပြီး အိုးနှင့်ဆန် တန်ရုံပြုလုပ်ရမည်ဖြစ်ကြောင်း၊ စစ်ကို ကိုင်တွယ်ရာ၌ မှားယွင်းတတ်ကြောင်း၊ ဝေ့ပေ့ဆဆတွက်ချက်ခြင်းသည် အန္တရာယ်ကြီးလှကြောင်းတို့ကို ဖော်ပြပြီး လက်ရှိပြည်တွင်းစစ်ကြီးကို ဘယ်ထောင့်ကကြည့်ကြည့် အမြန်ရပ်စဲ သင့်တော့ပြီဖြစ်ကြောင်း တင်ပြခဲ့သည်။

မိမိတို့ရည်ရွယ်ချက်ဘယ်လဲ

၈၉။ နိုင်ငံခေါင်းဆောင်တို့သည် မိမိတို့၏မူလနိုင်ငံရေး ရည်

ရွယ်ချက်ကို ပြန်လည်သုံးသပ် ကြည့်သင့်ပေသည်။ အစိုးရအနေဖြင့် မိမိတို့၏ အဓိကနိုင်ငံရေးရည်မှန်းချက်မှာ၊ "ပြည်တော်သာ ဆိုရှယ်လစ်နိုင်ငံ တည်ထောင်ရန်" ဟု ဆိုပေလိမ့်မည်။ သူပုန်ဘက်ကလည်း "တိုင်းသစ် ပြည်သစ် တည်ထောင်ရန်၊ ပြည်သူ့ တော်လှန်ရေး" ဟု ဆိုပေလိမ့်မည်။ ယခုအခြေအနေသည် မိမိတို့ မူလရည်မှန်းချက်နှင့် မည်မျှလောက် အံချော် မှားယွင်းနေသည်ကို ပြည်သူ လူထုအား ထောက်ထား၍ မြင်ကြရန် သင့်ပေသည်။ လက်ရှိပြည်တွင်းစစ်သည် မည်မျှလောက် တိုင်းပြည်အား ဆုတ်ယုတ်စေခဲ့သည်၊ ရှေ့ကို ဆက်ပါလျှင် နောက်ထပ်မည်မျှနစ်နာဦးမည်။ စစ်ပြီးနောက် ဆက်လက်၍ ပြည်သူတို့ခံစားရမည့်ဒုက္ခတို့ကို မြင်သင့်ပြီ၊ စစ်ဆိုတာ လွယ်ကူသောအရာမဟုတ်ကြောင်း ကိုယ်တွေ့ဖြင့် နားလည်ဘို့သင့်ပြီ၊ ပြည်သူတို့အားလည်း သနားကြင်နာဘို့သင့်ပြီ။

ဘယ်သူနိုင်နိုင် ပြည်သူတို့အတွက် ဘာအကျိုးရှိမည်နည်း

၉၀။ တဖန်ပြည်သူတို့က ဤမျှ အနစ်နာခံ၍ ပေးခဲ့ရသော ဤစစ်ကြီးပြီးဆုံးသွားသည့်တိုင်၊ မည်သူနိုင်နိုင် မည်သူတို့တွင် ဘာအကျိုးရှိမလဲ၊ အနာဂါတ်တွင် နှစ်ပေါင်းများစွာပြည်တွင်းစစ်၏ ဒဏ်ရာ ဒဏ်ချက်ကို ပြည်သူတို့သာ ခံနေရအုံးမည်ဖြစ်သည်။

စစ်ကိုပေ့ပေ့ဆဆ ယူဆကြသည်

၉၁။ နိုင်ငံခေါင်းဆောင်များနှင့် စစ်ရေးစစ်ရာပေါ်တွင် မည်သို့တာဝန်ရှိကြောင်း။ စစ်ကို ဝေ့ပေ့ဆဆမယူဆသင့်ကြောင်း ဖော်ပြခဲ့ပြီးပါပြီ၊ လက်ရှိ ပြည်တွင်းစစ်တွင် နိုင်ငံခေါင်းဆောင်များ၊ စစ်အပေါ်ထင်မြင်ယူဆပုံတို့မှာ များစွာ အရုပ်ဆိုးခဲ့သည်ကို တွေ့ပေလိမ့်မည်။

အကြောင်းမှာ ပြည်တွင်းစစ်နှင့် ပါတ်သက်၍ အစိုးရဘက်က ဘာနှစ်အတွင်း ငြိမ်းချမ်းရေး" "ပြည်တော်သာရေး" "၂–နှစ်

အတွင်း အပြုတ်တိုက်ခံရ"စသည်ဖြင့် ကြွေးကြော်ခဲ့သည်။ သူပုန်ဘက်ကသည် "၂-နှစ်အတွင်း မောင်နှံအစိုးရ အပြုတ်ခံရစေ" ဟုကြွေးကြော်ခဲ့သည်။ သို့ဖြင့် ဤအခြေအနေသို့ ဆိုက်ရောက်လာခဲ့သည်။ ဤမျှဖြင့် နိုင်ငံရေး ခေါင်းဆောင်တို့သည် စစ်အပေါ်တွင် ထင်မြင်ယူဆပုံ၊ ပေါ့ပေါ့ဆဆ မှားမှားယွင်းယွင်း ဖြစ်ခဲ့သည်မှာ ထင်ရှားပေသည်။

မူလ ပြည်တွင်းစစ်ကြီး ပေါ်လာရခြင်းသည်ပင် တိုင်းပြည်ကံဆိုးမိုးမှောင်ကျရခြင်း ဖြစ်ပေသည်။ ဤကိစ္စသည် မည်သည့်အတွက် မည်သူ့ကြောင့် ဆက်လက် အငြင်းပွါးနေရန် မသင့်တော့ပေ။ ပြည်တွင်းစစ်ဖြစ်ရခြင်းသည်ပင် ကြီးစွာသော မှားခြင်းကြီးတရပ်ဖြစ်သည်။

ဤအမှားကား သေးငယ်သောအမှားမဟုတ်

၄၂။ စစ်နှင့်ပတ်သက်၍ နိုင်ငံခေါင်းဆောင်များ ထင်မြင်ယူဆပုံ၊ ပေါ့ဆမှားယွင်းခြင်း အကြောင်းအချက်မှာ၊ လက်ရှိ ဗမာပြည်သည် လွတ်မြောက်ပြီးစ-ဘာတခုမျှ အတွေ့အကြုံမရှိသေး၊ အထူးသဖြင့် စစ်နှင့်ပတ်သက်၍ သမိုင်းရေးရာတွင် အတွေ့အကြုံ ဗဟုသုတနည်းကြသည်၊ ထို့ကြောင့် အရာရာစိတ်ကူးဆန္ဒကိုရင်း၊ ဒေါသ-မောဟ ကိုရင်း ချေ့ထားမိကြပေမည်။ မည်သို့ဖြစ်စေ၊ ဤအမှားကား သေးငယ်သော အမှားမဟုတ်ပေ။

အမှားကိုပြင်ကြရန်

ယခုအခါ မိမိတို့၏ ချို့ယွင်းချက် မှားယွင်းချက် တိုက်ကိုဆက်လက် အငြင်းပွားနေရန် မသင့်တော့ပေ။ အမှားများကို ဝန်ခံနေရုံဖြင့်လည်း မပြီးနိုင်၊ ပြည်သူတို့ချက်နှာကို ထောက်၍ ရဲဝံ့စွာ အမှားများကို ပြင်ဆင်ကြရန်ပင်ဖြစ်သည်။

ယခုပြဿနာ

၄၃။ ယခုပြဿနာသည် ဤပြည်တွင်းစစ်ကြီး ဆက်၍အပြုတ်

တိုက်ရေး မတိုက်ရေး ပြဿနာ မဟုတ်တော့ပေ။ ဤစစ်ကို ဘယ်လိုရပ်စဲကြမလဲ၊ ရှာဖွေကြရမည့် ပြဿနာသာဖြစ်သည်။

မပြောသင့်တော့ပြီ။

၄၄။ ယခုအခါတွင်သူပုန်တွေ ဝင်လာပြီး၊ နောက်ထပ်တောပြန်ခိုမှာဝိုး၍ ဟူ၍၎င်း၊ သူပုန်ဘက်ကိုလည်း ကွန်မြူနစ်ဆိုတာတပ်တော့မှ လက်နက်ချတာ မဟုတ်ဘူးဟူ၍၎င်း၊ တင်းမာနေကြရန် မသင့်တော်တော့ပါ။

ပြည်သူတို့မှာ တရက်ရှည်ကြာလျှင်၊ တကျက်တန်ဘိုးပေးနေရပေသည်။ အမြန်ရပ်စဲနိုင်လေ ပြည်သူတို့ အကျိုးရှိလေဖြစ်သည်။

ယဥ်ကျေးသော နည်းဖြင့်ရပ်စဲကြပါ

၄၅။ ကျွန်တော်သည် စစ်သားတယောက် အနေဖြင့် တွေ့ကြုံနားလည်သမျှအန်းစာ၍ နောက်ဆုံးတွင်မည်သည့် ထောင့်ကကြည့်ကြည့် ပြည်တွင်းစစ် ရပ်စဲရေး အမြန်လိုနေပြီဖြစ်ကြောင်းကို တင်ပြပါသည်။

မည်သည့်အခြေအနေ၊ မည်ကဲ့သို့သော အချက်အလက်များဖြင့်၊ ဤပြည်တွင်းစစ်ကို ရပ်စဲရမည်ဟူသော အခြေကို ကျွန်တော်တင်ပြရန်မှာ ကျယ်ဝန်းသော နိုင်ငံရေးပြဿနာတရပ်ဖြစ်သဖြင့်၊ အနီးကပ်ဆုံး မှန်ကန်ညီညွတ်မှုကို ချက်ချင်းတင်ပြနိုင်စွမ်းရှိမည် မထင်ပါ။

၄၆။ စစ်တွင် စစ်တိုက်ခြင်းနှင့် စစ်ကိုအဆုံးသတ်ခြင်း ၂-ပိုင်း ရှိရာတွင်၊ စစ်သားတာဝန်မှာ စစ်တိုက်ခြင်းတွင်သာဆုံး၍၊ စစ်အဆုံးသတ်ရေးမှာ အဓိက နိုင်ငံခေါင်းဆောင်များ၏ တာဝန်ဖြစ်သည်။

ကျွန်တော့ အနေဖြင့် ပြောနိုင်သည်မှာ နိုင်ငံခေါင်းဆောင်များသည် လက်ရှိတိုင်းပြည်အခြေအနေ၊ နှစ်ဦးနှစ်ဘက်-ရပ်တည်နေကြသော အခြေအနေတို့ကို တိတိကျကျ ဆန်းစစ်ကြည့်ပြီး ပြည်သူလူထုအနာဂါတ်အကျိုးကို မဆန့်ကျင်စေဘဲ ကျိုးကြောင်း မျှတ၍၊ ယဥ်ကျေးသော နည်းလမ်းဖြင့် ရပ်စဲကြရန် တိုက်တွန်းပါသည်။

၉၇။ တို့ပြင် စစ်သမိုင်းများအရ၊ စစ်ပွဲများသည် တပါတ ရုံရပ်စဲဘို့ရာ အခြေ ရောက်နေသည့်တိုင် တဘက်နှင့်တဘက်၊ လော ဘ-ဒေါသ-ကြောင့်၎င်း၊ အခြေအနေအချင်းချင်း နားမလည်နိုင်မှု ကြောင့်၎င်း၊ စစ်ပွဲမရှည်သင့်ဘဲ ဆက်လက်ရှည်ကြာတတ်သည်၊ ဤအ ဖြစ်မျိုးကို မလိုလားအပ်ပါ၊ စောစောပြီးလေ ပြည်သူဘို့ကောင်း သက်သာလေဖြစ်ပေမည်။

ကျွန်တော်၏ဆန္ဒ

၉၈။ ကျွန်တော်သည် လက်ရှိပြည်တွင်းစစ်ပြဿနာကို အ သေးစိတ် လေ့လာလေလေ၊ ပြည်တွင်းစစ် ရှေ့ရှည်ပြီး၊ ပြည်သူတို့ ၏ ဆင်းရဲဒုက္ခအန္တရာယ်များကို မြင်လေလေဖြစ်သည်။ ထို့ပြင်ငြိမ်း ချမ်းရေးသည် အနာဂါတ် နိုင်ငံသစ် ထူထောင်နိုင်ရေးအတွက် သော့ချက် ဖြစ်ကြောင်းမြင်လေလေဖြစ်သည်၊

ပြည်တွင်းစစ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးကို ထောက်ခံသဖြင့် အ ချို့စွပ်စွဲ ပုတ်ခတ်ကောင်း ပုတ်ခတ်ကြမည်။ သို့ရာတွင် ပြည်တွင်း ငြိမ်းချမ်းရေး ပြဿနာသည် တဖွဲ့ ၀ ပါတီ၊ တပုဂ္ဂိုလ်အရေးမ ဟုတ်၊ လက်ဝဲ-လက်ျာ နိုင်ငံရေးမဟုတ်၊ ထမျိုးသားလုံး၏ အရေး ဖြစ်နေပေသည်။

၉၉။ ကျွန်တော်သည် လူလားမြောက်သော အရွယ်မှယခုအ ထိ နိုင်ငံအတွက် ဘဝကိုမြှုပ်နှံပြီး တိုင်းပြည်တာဝန်များကို ထမ်း ဆောင် လာခဲ့ခြင်းမှာ၊ လွတ်လပ်ရေး၏ နောက်တွင် နှစ်ပေါင်း 'ထောင်' နှင့် ချီ၍-ကျွန်တော်တို့ ပြည်သူများ-ခေတ်နောက်ကျခြင်း ဆင်းရဲခြင်းတို့မှ ဆွဲတင်၍၊ ခေတ်သစ်နိုင်ငံ ထူထောင်နိုင်မည်ဟု မျှော်လင့်ခဲ့၍ဖြစ်သည်။

[illegible] ပြည်သူတို့သည် လွတ်လပ်ရေးအတွက် အနှစ် (၁၀၀) အ တွင်း မိမိတို့ ကိုယ်ကျိုးစီပွား-အသက် စည်းစိမ်တို့ကို စွန့်၍ များ ပြားသောတိုက်ပွဲဆင်နွှဲခဲ့ရသည်။ လွတ်လပ်ရေး၏ အနာဂါတ်ကိုလည်း များစွာမျှော်လင့်ခဲ့သည်၊ ထိုသို့ မျှော်လင့် ချက်ကြီးစွာဖြင့်၊ သွေး-ချွေး ဘို့ဖြင့် တိုက်ခိုက်ခဲ့ရသော ယခု လွတ်လပ်ရေး (၁၀) နှစ်ခရီးကား

များစွာခြောက်ကွဲစရာကောင်းပေသည်။ ဤပြည်တွင်းစစ် ရပ်စဲသွားမှ ဖြင့်သာ ယခင်တန်ဘိုးများစွာ ပေးထားခဲ့ရသောလွတ်လပ်ရေး၏ အ ခွင့်အလမ်းများ ပြန်လည် ပေါ်နိုင်ပေမည်။

၁၀၀။ နိုင်ငံရေး ခေါင်းဆောင်များကို ကျွန်တော့အနေဖြင့် ဘယ်သောအခါမှ အထင်သေး၊ အမြင်သေး သဘောမထားပေ၊ တိုင်းပြည်နိုင်ငံတိုင်းတွင် ခေတ်သမိုင်းကို ပြုပြင်ဖန်တီးကြသူများမှာ နိုင်ငံရေးခေါင်းဆောင်များဖြစ်သည်။ ခေတ်၏ အဆိုးအကောင်းတာ ဝန်မှာ ထိုခေတ်တွင်တည်ရှိနေကြသော နိုင်ငံရေးခေါင်းဆောင်များ ၏ တာဝန်ဖြစ်ပေသည်။ ဤသဘောကို နှလုံးပိုက်၍ လက်ရှိဗမာပြည် ၏ သမိုင်းရေးရာတာဝန်မှာ မည်သည့်ဘက်က ကြည့်ကြည့် လက်ရှိ ပြည်တွင်းစစ်ကြီးကို တနည်းနည်းဖြင့် ရပ်စဲကြ ရန်သာဖြစ်သည်။

ထို့ကြောင့် နိုင်ငံရေး ခေါင်းဆောင်များသည် ဒေါသ-မာန-လောဘ-များကို ပညာ-သတ္တိ တည်းဟူသောချွန်းနှင့်၎င်း၊ ပြည်သူတို့ကို ချစ်မြတ်နိုးသော မျိုးချစ်စိတ်တို့ဖြင့်၎င်း၊ ထိန်းသိမ်း၍ ဤစစ် ကို ရပ်စဲကြရန် အလေးအနက် တိုက်တွန်း တောင်းပန်ပါသည်။

ဤမျှဖြင့် ငြိမ်းချမ်းရေးအပေါ် ကျွန်တော်၏ ထင်မြင်ချက်ကို တိုင်းပြည်အား တင်ပြရပေသည်။

ပြည်သူတို့၏ဆန္ဒအတိုင်း ပြည်တွင်းငြိမ်းချမ်းရေးကြီး
အမြန်ရပါစေသတည်း။

(ပုံ) ကျော်ဇော
ဗိုလ်မှူးချုပ်

နေ့စွဲ (၁၉၅၇) ခု အောက်တိုဘာလ (၂၅) ရက်။

ဗိုလ်မှူးချုပ် ဗျော်ဇော

၏

နေသူရိန် မိန့်ခွန်း

★

ဒုတိယကမ္ဘာစစ်ကြီးပြီး၍ ၁၀-ရက်အကြာ၊ ၁၉၄၅-ခုနှစ်၊ ဩဂုတ်လ ၁၉-ရက် နေ့တွင် ဗမာ့ လွတ်လပ်ရေး သမိုင်း၏ မှတ်တိုင် တတိုင်ဖြစ်သော ရန်ကုန်မြို့ နေသူရိန် ပြည်သူ့ အစည်းအဝေးကြီးတွင် မျိုးချစ်ဗမာ့တပ်မတော် တိုင်း-၄ တိုင်းမှူး ဗိုလ်မှူး ကျော်ဇောက နိုင်ငံလုံးဆိုင်ရာ ညီညွတ်ရေးအဆိုကို တင်သွင်းသည်။

ထိုအဆိုကို တင်သွင်းရာတွင် ဗိုလ်မှူး ကျော်ဇော၏ ပြောဆိုချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ရှေ့ရေး ရည်ရွယ်ချက်

ကျွန်တော်တင်သွင်းရမဲ့ အဆိုကတော့ နိုင်ငံညီညွတ်ရေးပါဘဲ၊ အခုနက တိုင်းပြည်အုပ်ချုပ်ရေးနဲ့ပတ်သက်ပြီး၊ ဗမာ့ နိုင်ငံရေးရာဇဝင်တလျှောက်လုံးမှာ၊လွတ်လပ်ရေးအတွက် ကျောင်းသားဘဝမှ အဘိုးအိုအထိဆောင်ရွက်တဲ့ မျိုးချစ်ပုဂ္ဂိုလ်ကြီးတဦး (ခေါင်းဆောင်ကြီး ဦးဘခေ) က အဆိုသွင်းပါတယ်၊ ဒီအဆိုဟာ အမျိုးသား ယာယီအစိုးရ ဖြစ်မြောက်ရေးနဲ့ တိုင်းပြု-ပြည်ပြု လွှတ်တော်ကြီး တည်ဆောက်ရေးအတွက် ဘယ်လိုလုပ်ကြမည်ဆိုတာတွေကို ကြားသိခဲ့ပါပြီ၊ ကျွန်တော်တို့ရဲ့ ရှေ့ရည်ရွယ်ချက်ဟာလဲ လွတ်လပ်ရေး အဲဒီ လွတ်လပ်ရေးစခန်းကို မရောက်ခင်၊ ဒီစစ်အခြေအနေအရ၊ ပဌမ တကယ် အာဏာရှိအမျိုးသား ယာယီအစိုးရ၊ ဒုတိယ-အရွယ်ရောက်သူတိုင်းက တင်မြှောက်တဲ့ တိုင်းပြု-ပြည်ပြု လွှတ်တော်ကြီး တည်ဆောက်ဘို့၊ အဲဒီလွှတ်တော်ကြီးကနေပြီး ဗမာပြည်အနာဂါတ် အုပ်ချုပ်ရေးကို ရေးဆွဲဘို့ဘဲ၊ ဒီအချက်တွေကို ဖြစ်မြောက်ဘို့ ဆိုလျှင် အရေးကြီးဆုံးသော အချက်ဟာ၊ နိုင်ငံညီညွတ်ရေးဟာ ကျွန်တော်တို့နိုင်ငံ မညီညွတ်ရင် လွတ်လပ်ရေး ဝေးသလို့ ဝေးတော့မှာဘဲ၊

ကျွန်တော်တို့ဝမ်းထဲမှာ ဒီအချက်ဟာ မီးတောက်နေပါတယ်။ ဒါကြောင့် ကျွန်တော့်ဝမ်းထဲရှိသမျှ ထုတ်ဖေါ်ပြီး ပြောပါရစေ။

ကျွန်တော်တို့ ဒီလိုဒုက္ခခံခါ အသေအခြံ ခံရတာတွေကို ထောက်ထားပြီး ညီညွတ်စေချင်လို့၊ ယခု တိုက်ပွဲမှာ တစိတ်တပိုင်း ဖြစ်တဲ့-ကျွန်တော် တွေ့ကြုံရသမျှကို လွတ်လပ်ရေးတိုက်ပွဲတွင် ကျွန်တော်နှင့်အတူ တိုက်ခဲ့တဲ့ရဲဘော်တွေရဲ့ကိုယ်စား အစီရင်ခံပါရစေ။

ကျွန်တော် တာဝန်ကျတဲ့ တိုင်း-၄-တိုင်း အတွင်းမှာ၊ စတိုက်တဲ့အချိန်က ဂျပန်လက်နက်ချသည့် ဩဂုတ်လ ၁၀-ရက်၊ ၄-လခွဲအတွင်း၊ တိုက်ပွဲပေါင်း ၃၂၄ ပွဲ တိုက်ခဲ့ရတယ်။ ဒီတိုက်ပွဲတွေကို ဒီနေရာမှာ အကုန်ပြောပြဘို့ အချိန်မရဘူး၊ တိုတိုဘဲ ပြောပါရစေ။

တော်လှန်ရေးတိုင်း ၇-တိုင်း

မတ်လ ၇-ရက်နေ့ ဗိုလ်ချုပ်အောင်ဆန်း အိမ်မှာ၊ တော်လှန်ရေး ကောင်စီကျင်းပလျက်ရှိပါတယ်၊ ဒီကောင်စီက ကျွန်တော်တို့ တိုင်း၄-တိုင်းကို တာဝန်ပေးပါတယ်။ ပဲခူးမှာရှိတဲ့ တပ်ဘွဲ့ကို စုရုံး ဖွဲ့စည်းပြီး၊ ပဲခူးခရိုင်-သထုံခရိုင်-ဖါပွန်ခရိုင်-တောင်ငူ တောင်ပိုင်းနယ်တွေမှာ၊ တော်လှန်ဘို့ ရက်ချိန်းနဲ့တကွ၊ အမိန့်ပေးလိုက်ပါတယ်။ အဲဒီကောင်စီကဘဲ အောက်ဗမာပြည်အတွက်၊ တော်လှန်ရန် တိုင်း(၇)တိုင်းခွဲပါတယ်။

တိုင်း ၁-မှာ၊ သာယာဝတီနှင့် ပြည်၊ တိုင်း ၂-က၊ မြစ်ဝကျွန်းပေါ် အရှေ့ပိုင်း။ တိုင်း ၃-မြစ်ဝကျွန်းပေါ်အနောက်ပိုင်း၊ တိုင်း ၅-တနင်္သာရီ။ တိုင်း ၆-ပျဉ်းမနား၊ မိတ္ထီလာနဲ့ရှမ်းပြည်၊ တိုင်း ၇-အင်းဒလံ-သရက် ရေနံချေ။ အထက်ဗမာပြည်ကိုတော့ ဗိုလ်မှူးဗိုလ်ဗထူးက တာဝန်ယူပါတယ်။ တိုင်း ၄-ကတော့ ခုနကပြောတဲ့ အတိုင်းပါဘဲ၊ ကျွန်တော်နဲ့အတူ နိုင်ငံရေး လူထုစည်းရုံးရေး တာဝန်ခံ သခင်ချစ်ကို တွဲဘက်တာဝန် ပေးလိုက်ပါတယ်။ ဒီအမိန့်ကိုရလျှင် ကျွန်တော်တို့နှစ်ဦးက ပဲခူးကို ပြေးပြီး ကျွန်တော်က စစ်တပ်တွေကို တိုက်ဘို့ပြင်ဆင်၊ သခင်ချစ်က ဖက်ဆစ်တိုက်ဖျက်ရေး

ခေါင်းဆောင်တွေနဲ့တော်လှန်ရေးမှာ တပ်မတော်နဲ့ဘယ်လို ပူးပေါင်းဆောင်ရွက်မည်ဆိုတာ စိုင်းပြင်းကြပါတယ်။

တော်လှန်ရေး စစ်ပရိယာယ် ၅-ချက်

ကျွန်တော်တို့ရဲ့စစ်ပရိယာယ်ဟာ၊ ကာနယ် (လောရင်း) တည်ထွင်ခဲ့တဲ့ စစ်ပရိယာယ်၊ တရုပ်ပြည်–ကွန်မြူနစ်တပ်နီကြီးရဲ့ တော်လှန်ရေးနည်းနိသျှည်း၊ ဘိုးဝါးစစ်၊ အမေရိကန်စစ်၊ ပြင်သစ်တော်လှန်ရေးစစ်၊ အိုင်ယာလန် တော်လှန်ရေးစစ်၊ ၁၉၁၇–ခုနှစ်၊ ရုရှားတော်လှန်ရေး နည်းတွေကို စုပေါင်းပြီး၊ ဗမာပြည် အခြေအနေနှင့် သင့်လျော်အောင် ဗမာပြည် တော်လှန်ရေးကောင်စီက ရေးဆွဲခဲ့တယ်။ အချုပ်ကတော့ ၅–ချက်ပါဘဲ။

(၁) လူတွေကို တော်လှန်ရေး စိတ်ဓါတ်နှင့် တက်ကြွပြီး တော်လှန်ရေးထဲမှာ ရဲရဲဝန့်ဝန့်ပါလာအောင် လှုံ့ဆော်ရေး၊ စည်းရုံးရေး။ (၂) ဂျပန်ဟာ ဗမာလူထုပေါ်မှာ မှီခိုအားထားနေတဲ့အတွက် လူထုနဲ့အဆက်ပြတ်ဘို့အရေး၊ အဲဒီလိုလူထုနဲ့ ပြတ်ဘို့အတွက်၊ မြို့ရွာအုပ်ချုပ်ရေး အဖွဲ့တွေကို ဂျပန်နဲ့ လွတ်ကင်းရန်ပြေးဘို့၊ ရန်သူကို ကူညီ အားပေးရာ ရောက်နေတဲ့ ရိက္ခာကန်ထရိုက် သမားတွေ၊ ကုလီခေါင်းတွေ၊ စပါးအဝယ်တော်တွေ၊ ရွာသူကြီးတွေ၊ အဲဒီရန်သူ ရဲ့ဒုတ်ကိုင်တွေကို အဆက်ပြတ်အောင် လုပ်ပေးရမယ်။ (၃) ထောက်ပံ့ရေးအတွက် ဆန်–ဆား–ငရုပ် အသီးအနှံ အသုံးအဆောင် အားလုံးကိုလူတွေလက်ထဲက ဂျပန်လက်ထဲမရောက်အောင် နည်းအမျိုးမျိုးနဲ့ လုပ်ရမယ်။ (၄) ရန်သူရဲ့ဆက်သွယ်ရေး လမ်းကြောင်းတွေ ဖျက်ဆီးပစ်ရမယ်။ ဒါကြောင့် ကြေးနန်းကြိုးတွေ၊ ကြေးနန်းရုံ–တယ်လီဖုံးရုံ၊ မီးရထားခေါင်းတွဲ၊ မီးရထား၊ ရထားလမ်း၊ မော်တော်ကားလမ်း၊ မော်တော်ကား၊ အဲဒါတွေကို ဖျက်ဆီးပစ်ရမယ်။ (၅) ရန်သူ စစ်ဆင်ရေးပျက်ပြားအောင် ရန်သူရဲ့ဗဟိုအချက်အချာ စစ်ဌာနချုပ်တွေကို ရှာပြီးမှ၊ ကျုပ်တို့က တိုက်ပစ်ရမယ်။ သွေးကြောကို ဖြတ်ပစ်ရမယ်။ အဲဒီငါးချက်ဟာ အဓိကပါဘဲ။

လူထုကာကွယ်မှုကို အဓိကထားခြင်း

အထက်ပါ စစ်ပရိယာယ်ငါးချက်ကို လက်တွေ့အသုံးပြုကြသည့်အခါ၊ လူထုကို အဓိကထားပြီး တိုက်ခိုက်ကြရမယ်။ ဥပမာ ကျုပ်တို့ တပ်သားတွေ ရွာထဲကနေ၍ ရန်သူကို ဘယ်တော့မှမတိုက်၊ တိုက်သျှင်ရန်သူဟာ ရွာကိုမဲပြီး မီးရှို့–ကလေးတွေ လှန်စွပ် ကစားသွားမယ်။ အမျိုးသမီးတွေ မုဒိန်းကျင့်မယ်၊ စစ်ပရိယာယ်ကတော့ ဒါပါဘဲ၊ အဲဒီပရိယာယ်နှင့် ညီအောင် ကျွန်တော်တို့ စစ်ခေါင်းဆောင်တွေ နယ်ခေါင်းဆောင်တွေ ကျင့်သုံးတိုက်ခိုက် ကြတော့တာဘဲ။ အဲဒီစစ်ပရိယာယ်တွေအရ၊ ကျွန်တော်တို့တိုင်းမှာ တပ်တွေ ဖြန့်ရတယ်၊ ဝဲခူးရှိတဲ့ တပ်အားလုံး တပ်ရင်းပေါင်း ၉–တပ်ဖွဲ့တယ်။ (တတပ်လျှင်အင်အား ၅၀၀-မှ-၁၀၀၀ အတွင်းရှိသည်။ ဌာနေပျောက်ကြားများ မပါ)။

တပ်ဖြန့်ထားပုံ

၁၀၁ တပ်ရင်းကို ညောင်လေးပင်၊ ဒိုက်ဦး၊ ရွှေကျင်၊ ၁၀၂ တပ်ရင်းကို ပဲခူးချောင်းဖျားနယ်၊ သနပ်ပင်နယ်၊ ဝေါနှင့်စစ်တောင်း၊ ၁၀၃-တပ်ရင်းကို ကဝနယ်နှင့်ဟံသာဝတီအရှေ့။ ၁၀၄-တပ်ရင်းကို သထုံနယ်၊ ၁၀၅-တပ်ရင်းကို စစ်တောင်းမြစ်အရှေ့ဘက်ကမ်း၊ ၁၀၆-တပ်ရင်းကို ပဲခူးကိုစီးဘို့ ပဲခူးအနောက်တော တောင်ခြေမှာ ဖြန့်ထားပါတယ်။ ၁၀၇–တပ်ရင်းနှင့် ၁၀၈–တပ်ရင်းကို မော်လမြိုင်နယ်နှင့် တနင်္သာရီ ခရိုင်တိုက်ဘို့ ကြိုတင်ပြီး–ခက်ခက်ခဲခဲ၊ ရေလမ်း- ကုန်းလမ်းကနေပြီး၊ စေလွှတ်ထားရပါတယ်။ တချို့ထိုနယ်များကို မရောက်ဘဲ အဘမ်းခံရတယ် ဆိုတာကို ကြားရတယ်။ ၁၀၀ တပ်ရင်းကို ဘီးလင်းနှင့် ဖါပွန်လမ်းကို တိုက်ခိုက်ဘို့ ဖြန့်ထားပါတယ်။

အသေဆိုးဘေးဒုက္ခတွေ တင်ကြိုမြင်ရက်နဲ့။

အဲဒီတပ်တွေဟာ ဆိုင်ရာ နယ်ရောက်ဘို့အတွက်၊ ဂျပန်တွေရဲ့မျက်စိအောက်မှာ ဘယ်လိုသွားရတယ်ဆိုတာ ပြောရလျှင်၊ အလွန်

ကြောက်ခက်စိုးရိမ်စရာကောင်းတဲ့ အချက်တွေပြောလို့ မဆုံးပါဘူး။ အချို့ပင်လယ်ထဲမှာ လှိုင်းလေလွင့်ပြီး တပ်ကွဲသွားတာတွေလဲရှိပါတယ်။ ရက်ချိန်းမစေ့မီ ရန်သူက မသက်သာလို့ ဘမ်းဆီးတဲ့အခါမှာ လက်တသုံးခြားပရိယာယ်သုံးရတာ၊ တချို့ ကိုင်းတောခြုံတောထဲမှာ တနေကုန် နေပူကြီးထဲ ပုန်းနေရတာတွေဟာ အင်မတန်စိတ်ဝင်စားစရာ ကောင်းပါတယ်၊ တချို့တပ်ဖြန့်သည့်အခါမှာ ရည်မှန်းချက် နေရာမရောက်မီ ရန်သူ ဘမ်းဆီးသတ်ဖြတ်လိုက်တာတွေ၊ တချို့ ဖျားနာပြီး ပဲခူးမြို့မှာ ဖက်ထားလို့ ကျန်ရစ်ခဲ့တဲ့ ရဲဘော်တွေ၊ ခွင့်က ပြန်လာတဲ့ ရဲဘော်တွေ၊ ဂျပန် ကင်ပေတ ခြေရာခံ လိုက်ဘမ်းပြီး ထမင်းအငတ်ထား၊ အမျိုးမျိုးနှိပ်စက်၊နောက်ဆုံး ရဲဘော် ၅၀–ကိုကြိုးနဲ့တုတ်၊ တချိန်တည်း လှံစွပ်နဲ့ ထိုးသတ်တာတွေ၊ ဝိဓုရမြင်းမြီးဆွဲသလို ရဲဘော်တွေကို ဆွဲသွားပြီး ကမ်းပါးထိပ်မှာ ကြိုးနဲ့တုတ်ထား၊ နောက်-လှံစွပ်နဲ့ထိုး၊ အဲဒီလှံစွပ်ထိုးပြီး ရေထဲပစ်ချလိုက်တဲ့အခါ အချို့မသေမရှင် သွေးယိုစီးပြီး ကျသွားတာတွေ၊ လူတရပ်နီးနီးရှိ ချောင်းထဲမှာ မရှူနိုင်မရှိုက်နိုင် မချိမဆန့်နှင့် မရှုမလှ အသေဆိုးသေကြရတာတွေကို ပြောလို့မဆုံးပါဘူး။

အဲဒီလို အသေဆိုးသေရတာတွေကို မရှုမလှ ခံရမှာကို ကြိုတင် မြင်ခဲ့ကြတယ်၊ အဲဒီလို သွေးတွေနဲ့ ဒင်ကြမ်းပြည့်ပြီးခနေတဲ့ အောင်လံတော်အနီကြီးကို ကိုင်ဆောင်ပြီး ဖက်ဆစ်ဂျပန်ကို တော်လှန်ပုန်ကန်ကြတယ်။

မသေမချင်းတိုက်ခိုက်ပါမယ်။

ကျွန်တော်တို့ရဲ့ တော်လှန်မဲ့နေ့ဟာ၊ မတ်လ (၂၇) ရက်နေ့၊ မတ်လ (၂၄–၂၅) ရက် လောက်ကစပြီး၊ ဂျပန်–ကျွန်တော်တို့ကို လက်နက်သိမ်းဘို့ ချိန်နေကြပြီ၊ ပဲခူးမှာဆိုလျှင် မတ်လ (၂၆) ရက်နေ့မှာ တမြို့လုံး ကင်းချထားတာဘဲ၊ ကျွန်တော်တို့ရဲ့ တန်းလျားတွေအနီးမှာ အမြောက်တပ်တွေချထားပြီး မျက်ခြေမပြတ်ကြည့်နေတယ်၊ ဂျပန်ကင်ပေကလဲ တပ်တွေကို စစ်ဆေးမယ် တကဲကဲ လုပ်

နေတယ်၊ ၂၃–ရက်နေ့ကစပြီး တပ်မှူးတွေဟာဘယ်သူမှ မအိပ်ရဘူး။ တမြည်လုံး ချိန်းထားတဲ့ ရက်မရောက်မီ သူတို့လက်ဦးမှာ စိုးလို့ အမြဲအသင့်ဖြင့်ထားတယ်၊ဒီတုံးကတဦးတယောက်သစ္စာဖေါက်လျှင်ဘယ်နောက်ဆိုးဝါးမယ်ဆိုတာ စဉ်းစားသာကြည့်ပါ။ တပ်ထဲမှာလဲ ပွဲဘချိမ်ရှုံ–ညစဉ် ခံနေရတယ်၊ ဂျပန်က ဒီအကောင်တွေ ပျော်ပါးနေတယ်လို့ ထင်အောင်လုပ်ရတယ်။ ၂၀-ရက်နေ့မှာ ထမင်းစားပွဲကြီးတခု ဘိတ်ထားတယ်၊ ဒါတွေဟာ ပရိယာယ်အမျိုးမျိုးသုံးရတာဘဲ၊ အဲဒီကြားထဲက–မတ်လ ၂၇-ရက်နေ့၊ ည ၆–၀၀ နာရီမှာ တပ်တွေ အသင့်တန်းစီနေပြီး၊ ဂျပန်ကို ငါတို့စတင်တော်လှန်ပြီလို့ဗိုလ်ချုပ်ကြေညာချက်ကိုဘတ်ပြပြီး၊မလိုက်လိုသူကိုနေရစ်ဘို့ပြောတယ်၊ဘယ်သူမှမနေရစ်ဘူး။ ကျုပ်တို့ ဘိုက်မယ်ဆိုတဲ့ တသံထဲထွက်တယ်။ နောက်ဆုံး "ငါတို့သည်ဗမာ့လွတ်လပ်ရေးအတွက် မသေမခြင်းဘိုက်ခိုက်ပါမည်" ဟု ကျမ်းသစ္စာ တပြိုင်တည်း ကျိန်ဆိုတယ်၊ နောက် အမျိုးသားသီးချင်းကိုတပြိုင်တည်း ဆိုကြတယ်။ နောက်တန်းဖြုတ်ပြီး တပ်အသီးသီးဟာဆိုင်ရာနယ်မြေကို ချီတက်ကြတယ်။အဲဒီနေ့ဟာ တံကူးလပြည့်နေ့(လ) ထိန်နေတယ်၊ လသာထဲမှာ လယ်တွေဖြတ်ပြီး ချီသွားတဲ့တပ်တွေ–မြင်းတွေကို တသက်မမေ့နိုင်မယ်မဟုတ်တော့ပါ၊

တပြိုင်တည်းတိုက်ခိုက်ကြပုံ။

အဲဒီလိုချီတက်သွားတဲ့ တပ်တွေနဲ့ကြိုတင်လွှတ်ထားတဲ့ တပ်တွေ အဲဒီညတစ်ဖြီးအနှံ့အပြား တိုက်ပွဲတွေဖြစ်ကြတယ်။ဖြန်းမျှခြင်းအားဖြင့် ကြည့်မယ်ဆိုလျှင်။ ၂၄–နာရီအတွင်း ၁၀–မိုင်စတုရန်းမှာ တိုက်ပွဲတပွဲ အနည်းဆုံး ဖြစ်လျက်ရှိတယ်။ အဲဒီတိုက်ပွဲတွေ ရှောက်ပြောရင် ကုန်မယ်မဟုတ်ပါဘူး၊ ကျွန်ဘော်တို့ တပ်စု–တပ်စိတ် ကလေးတွေဟာ နေရာအနှံ့အပြားကနေပြီး အချိန်မရွေး တိုက်ခိုက်လျက်ရှိတယ်၊ (ဥပမာပြောရလျှင်) စဘင်တော်လှန်တဲ့ည တညထဲမှာဘဲ၊ ၁-ဗိုက်ဦးမြို့ကို ၁၀၁ (က) တပ် ဝင်စီးဘယ်၊ ၂။ ၁၀၁ (င) ဟာ

မေါင်တော်သီနဲ့ ပစ္စုတ်ရွာကို ဝင်စီးတယ်၊ ဂျပန် ၈–ယောက်ကျတယ်၊ ၂ ယောက်ဒါဏ်ရာရတယ်။ ၃။ အမှတ် ၁၀၀–နဲ့ ၁၀၈ (က) ဟာ ဝေါမြစ်ကျိုးအုပ်ဖိုကိုဝင်စီးကြတယ်။ ၄။ ၁၀၈ (ဂ) ငယ် တပ်ဟာရွေကျင်ကိုဝင်စီးတယ်။ ဒီတပ် ၁၀–ရက်လုံးလုံး ရွှေကျင်ကို သိမ်းထားနိုင်ခဲ့တယ်။ ၅။ ၁၀၃–တပ်ရင်းဟာအဲဒီသူမှာဘဲ အုန်းနဲ၊ ကဝဝင်စီးတယ်၊ နောက်ဒါးပိန်တယ်လီဖုံးရုံကိုဝင်ရောက်စီးနင်းမီးရှို့လိုက်တယ်။

ဂျပန်တွေက အငိုက်မိချိန်

နောက် ဒီပြင် တပ်ရင်းတွေလဲ ဇ.ညတည်းမှာဘဲ ဒီလိုဆိုင်ရာ–နိုင်ရာ နယ်တွေမှာ ဝင်းစီးကြတယ်။ ဒီအချိန်မှာ အောက်ဗမာ တပြည်လုံး ဒီလိုဘဲ တိုက်နေကြရတာဘဲ၊ အဲဒီအချိန်ကစပြီး၊ နောက် ၁၂–ရက်လောက်အထိ ရန်သူဟာ အငိုက်မိတုန်း ကျွန်တော်ဘို့တပ်ဖွဲ့ဟာ တရှိန်ရှိန်း တိုက်စစ် ဆင်နေပါတယ်။ သထုံနယ်မှာဆိုရင်လဲ ကျိုက်ထို၊ အပေါင်စတဲ့မြို့ကြီးတွေကို ဝင်စီးကြတယ်၊ ကျိုက်ထိုမှာ ကျွန်တော်တို့ အကြီးဆုံး အောင်ပွဲဘခုဟာ ၁၀၄ (ခ) တပ်က၊ မီးရထားလမ်းကို ဖျက်ဆားတယ်၊ ရန်သူအပြည့်ဝါလာတဲ့ မီးရထားတွေကို လက်ပစ်ဗုံးနဲ့ စတာင်ပေါကနေဆီးပစ်၊ စစ်သေနပ်နဲ့ ဆီးပစ်လို့ ဂျပန်အတုံးအရုံး သေသွားတယ်ဆိုတဲ့ သတင်းဟာ ဒီတုံးက အတော်ဘဲ ပြန့်ခဲ့တယ်။ အဲဒီ ရက်အတွင်းမှာ ပဲခူးနဲ့ ပဲခူယ်ကုန်းအကြား၊ စစ်တောင်းနဲ့ မုတ္တမအကြား မီးရထားလမ်းနဲ့-မော်တော်ကားလမ်းကို အဓိကထားပြီး တိုက်ခိုက်ခဲ့တယ်။ မိုး ၂၀–အတွင်းမှာ ကျွန်တော်တို့ တပ်တွေဟာ ဒီးရထားလမ်း၊ တယ်လီဖုံးကြိုး၊ မော်တော်ကားကိုချောင်းပစ်၊ အဲဒီသုံးမျိုးစသုံး တနေ့တကြိမ် မှန်မှန်လုပ်ကြတယ်၊ နောက်အဲဒီလမ်းနှစ်လမ်း၌ မီးရထားလမ်းကို မသုံးရဲလောက် အောင်ဖြစ်သွားတယ်။

တိုက်ပွဲများခက်ခဲလာခြင်း။

ကျွန်တော်တို့ ဧပြီလ အလယ်ကစပြီး ဂျပန်၊ ဗရမ်းဗတာဆုတ်ပြေးတဲ့အချိန်အထိ၊ ကျွန်တော်တို့ တိုက်ပွဲတွေဟာ အသွန်ခက်ခဲလာ

ပါတယ်။ အထူးသဖြင့် ပဲခူးနယ်ဟာသူတို့နောက်ဆုံး ဆုတ်ခွါမဲ့လမ်းကြောင်းနေရာဖြစ်လို့ အလုံးအရင်းနဲ့ ကျွန်တော်တို့ တပ်တွေ ဖိထောင်းရှင်းလင်းနေပါတယ်။ (ပဲခူး စစ်တောင်းနယ်သည် ပုလင်းညှပ်ပင်းနှင့် တူသည်၊ တပြည်လုံးမှ ဂျပန်ဆုတ်ခွါလာရာတွင် ထိုဒေသကို အားလုံးဖြတ်သန်းဆုတ်ခွါရသည်)။ ဒီကြားထဲက ကျွန်တော်တို့ တပ်တွေဟာ တနေ့မှတိုက်ပွဲ မပြတ်ခဲ့ပါဘူး၊ ဘယ်လောက် ခက်ခက်ခဲခဲ တိုက်ရသလဲဆိုရင်၊ တိုင်း-စစ်ကော်မတီက မဟာမိတ်တပ်များ မိတ္ထီလာ အလွန်မှာ၊ ပဲခူး-မန္တလေး၊ ပဲခူး-မော်လမြိုင်၊ မီးရထားလမ်းများနှင့် မီးရထားတွေကို ဂျပန် အသုံးမပြု နိုင်အောင်ဖျက်ဆီးပစ်ဘို့ဆိုင်ရာတပ်မှူးများကို အမိန့်ပေးလိုက်တယ်ဆိုလျှင် ဒီတပ်မှူးများဟာ ရန်သူတွေခြေချင်းလိမ်နေတဲ့ ကြားထဲက မီးရထားတွေကိုမှောက်ဘို့ ကြိုးစားရတယ်

ဂျပန်တွေ ဗရမ်းဗတာ ဆုတ်ချိန်

ဂျပန် ဗရမ်းဗတာ ဆုတ်ခွါသည့် အချိန်မှာ၊ ကျွန်တော်တို့ ဘယ်လို အောင်ပွဲတွေ ဆင်နဲ့တယ် ဆိုတာကို ထပ်ပြီးဒီနည်းငယ်ပြောချင်ပါသေးတယ်။ ကျုပ်တို့ ပရိယာယ်က ပဲခူးမန္တလေးလမ်း ပဲခူး စစ်တောင်းလမ်းကို ဖြတ်တောက်လိုက်တော့ ကျုပ်တို့ထင်တဲ့အတိုင်း ဂျပန်တွေဟာလမ်းရိုးရိုးက မလာနိုင်တော့ဘဲ၊ ရောက်တဲ့နေရာက စစ်တောင်းမြစ်ကိုဖြတ်၊ နောက် မော်လမြိုင်ကို ဆုတ်ရလိမ့်မယ်လို့ရည်ရွယ်တယ်၊ သူတို့ဆုတ်လမ်းဟာ ပဲခူး–မုတ္တမတလမ်း ဖါပွန်–ဘီးလင်းတလမ်း၊ စစ်တောင်းမြစ်ရိုး တလျှောက်တလမ်း ဆုတ်ကြတယ်။ ကျုပ်တို့ကဒီအချက် ကြိုတင်မြင်လို့ သထုံနယ်က တပ်တွေကို ဒီလမ်း ၃–လမ်းမှာ အသင့်ချထားတယ်။ မဟာမိတ်တွေ ပဲခူးမြို့ကို သိမ်းပြီးလောက်တဲ့အချိန်မှာ ဂျပန်တွေ ဒီလမ်း ၃ လမ်းက ကျုပ်တို့ထင်တဲ့အတိုင်း ဗရမ်းဗတာ ဆုတ်ခွါတဲ့အချိန်ဘဲ၊ အဲဒီအချိန်မှာ ကျွန်တော်တို့ စောင့်နေတဲ့ တပ်တွေနဲ့ နေ့ညမစဲ ဒ လစပ်တိုက်ခိုက်ကြတော့တာဘဲ၊ ဒီတိုက်ပွဲတွေကို ပြောလို့မဆုံးပါဘူး။ တိုက်ပုံသဏ္ဌာန်တို့က သာဓကတခုအဖြစ် ပြောပြရလျှင်...

မဟာမိတ် ၁၃၆-မှတ် တပ်ကချီးမွမ်းရပုံ

ဘမ်းလှိုင်း–ဖါပွန်လမ်း၊ ဆယ်တော်ရွာအနီး တိုက်ပွဲမှာရန်သူ (၁၅၀) လှည်း (၃) စီး၊ မြင်း (၆) ကောင်၊ စက်သေနပ်ကြီးတွေပါလာတယ်။ တောစပ်နှစ်ဘက် တောင်စောင်းပေါ်က အသင့်စောင့်နေတဲ့ ကျုပ်တို့တပ်တွေက ကျုပ်တို့ပစ်ကွင်းထဲကိုဝင်လာတာနဲ့ တပြိုင်နက် လက်ပစ်ဗုံး, ရိုင်ဖယ်, စက်သေနပ်, စတင်းဂန်း, တော်မီဂန်းရှိ သမျှလက်နက်ခဲယမ်း မီးကျောက်တွေကို တခဲနက်ပစ်သွင်းလိုက်တာဘဲ၊ အင်မတန်ကံကောင်းတဲ့ရန်သူ ၁၀-ယောက်လောက်သာ လွတ်သွားခဲ့တယ်၊ ... အစုအပုံကျန်ရစ်ခဲ့တာဘဲ၊ အဲဒီတိုက်ပွဲတွေမှာ–၁၁၆၊ မဟာမိတ်တပ်မှ မဟာမိတ် အချို့လဲဘဲ ကျုပ်တို့တပ်သားတွေ တိုက်ပွဲနိုက်ပုံကို လိုက်ကြည့်ပြီး ချီးမွမ်းခြင်းကိုခံရတယ်။ အဲဒီလမ်း ၃–သမ်းမှာ ဖြစ်တဲ့တိုက်ပွဲတွေဟာ တနင်္ဂနွေ ၂–ပါတ်အတွင်း ရန်သူ ၁၀၀–ယောက်သတ်ဖြတ်ခဲ့တယ်။ ၂၇၁-ယောက် ဒဏ်ရာကြီး... ... တယ်။ ဒီအထဲမှာ ဂျပန်ဘုရင်ရဲ့သူရဲကောင်းတံဆိပ်ရတဲ့ ဗိုလ်မှူးကြီး (ကာနယ်) တယောက်ပါတယ်၊ မော်တော်ကားတွေဖျက်ခဲ့တယ်။

မိုးသီး၊ ရွံ့၊ မြွေ၊ ခြင်၊ ငှက်ဖျားတွေနဲ့ ရဲဘော်တွေ မိတ်ဖွဲ့ခဲ့ရပုံ။

အဲဒီလို ကျွန်တော်တို့က တိုက်စစ်ဆင်ပြီးနောက်၊ ဂျပန်ဟာ ပြန်ပြီးတိုက်စစ်ဆင်လာတယ်၊ ဂျပန်တို့ ထင်မြင်ချက်ဟာ ရန်ကုန်သိမ်းပြီးတဲ့နောက်၊ မဟာမိတ်တပ်တွေ သထုံ မော်လမြိုင်ကို ဆက်လက်ပြီး လာလိမ့်မယ်ထင်ပြီး၊ မော်လမြိုင်ကို တောက်လျှောက် ဆုတ်ခွါခဲ့တယ်။ ဒါပေတဲ့–ဆက်လိုက်လာမှန်း သိရတာက တကြောင်း၊ ပဲခူးရိုးမမှာ ကျန်နေတဲ့ဂျပန်နှစ်သောင်းခန့်ကို စစ်တောင်းမြစ် ဖြတ်ကူးနိုင်ရန်အတွက်စစ်တောင်းမြစ်ကမ်း (တပိုင်းမှာ) နေတဲ့ ကျွန်တော်တို့ တပ်မတော်ကို ခြေမှုန်းပစ်ဘို့အတွက်ကို ကာကွယ်ဘို့နဲ့ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းမှာ တိုက်ရန်သူ ၁၈-နံပါတ်တပ်မနှင့်

၅၃–နံပါတ်တပ်မ၊ ဒီဗီဇံတပ်ကြီးနှစ်ခုကို မော်လမြိုင်က ပြန်လွှတ်ပြီး၊ ပဌမ ကျုပ်တို့တပ်မတော်ကို ချေမှုန်းတော့တာဘဲ၊ ဒီတုန်းက ကျုပ်တို့အင်အားဟာစစ်တောင်းမြစ်ကမ်းပေါ်မှာ စုစုပေါင်း–၅၀၀ ငါးရာသောက်သာရှိပြီး၊ ရန်သူ့အင်အားဟာ တသောင်းလောက်ရှိလိမ့်မယ်။ ကျွန်တော်တို့ တပ်တွေဟာ ဤမျှကြီးမားတဲ့ ရန်သူအင်အားစု အလယ်မှာ ပိတ်ဆို့ခံနေရပါတယ်။

တနေရာဟာ စစ်တောင်းမြစ်ကမ်းနဲ့ ဘမ်းလှိုင်း ဖါပွန်လမ်းအကြားရှိ တောနက်ကြီးထဲမှာ ၁၀-ရက်ကျော်ကျော် အငတ်အပြတ်ပြီး၊ ရန်သူ၏ပိတ်ဆို့ခြင်း ခံနေရပါတယ်၊ ဒီတုံးက ရဲဘော်တွေ မိုးသီးရွာကြီးထဲမှာ မိုးသီးကာမရှိ၊ ဆံအနည်းငယ်နှင့် တောထဲမှာရှိ ... သက်ရွက်အချို့ဘွေပြုတ်စားခဲ့ရတယ်။ ဒီတောနက်ထဲမှာ မြွေ, ခြင်တို့ရဲ့ဘေး၊ ငှက်ဖျားရောဂါ ထူထင်တဲ့ ဘေးတွေကိုခံခဲ့ရတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အမိန့်အရ စစ်တောင်းမြစ် အနောက်ဘက်ကမ်းသို့ ဖေါက်ထွင်း ဆုတ်ခွါလာဘို့ အမိန့်အတိုင်း (တ) သောင်းသော ရန်သူအကြားက ခဲခဲယဉ်းယဉ်းဖေါက်ထွင်းခဲ့ရတယ်။ တချို့ရဲဘော်တွေ ဖျားနာပြီး ဒီတောထဲမှာ ပိုးစိုးပက်စက်သေကြ ကျန်ရစ်ခဲ့တာတွေလဲ ရှိပါတယ်၊ ဒီတိုက်ပွဲတွေမှာ နောက်ဆုံးတပ်အဖြစ် ကျန်ရစ်ခဲ့တဲ့ သထုံနယ်၊ ဒုတိယ-စစ်ခေါင်းဆောင်ကြီး ဗိုလ်အောင်ဇေယျဟာ တိုက်ပွဲမှာ မချိမဆန့် ဒါဏ်ရာနဲ့ ရန်သူ့လက်သို့ ပါသွားရရှာပါတယ်၊ အခြားတနေရာ ကျိုက်ထိုနှင့် မုတ္တမ အကြားမှာရှိတဲ့ ကျုပ်တို့တပ်သား ၂၀၀-ကျော်ဟာ ဒီလို ရန်သူတွေအကြားကဖေါက်ထွင်း မထွက်နိုင်ဘဲ၊ ယခုအချိန်အထိ အမျိုးမျိုးသော ဒုက္ခတွေကို ခံနေလျက်ရှိပါတယ်။ တချို့ရုပ်ဖျက်ပြီး မထင်မရှားနဲ့နေရတယ်။

လူထုဒုက္ခရောက်လို့ ရဲဘော်တွေ ယူကြုံးမရ။

ကျုပ်တို့ရရှိတဲ့ သတင်းအရ၊ တချို့ ရန်သူဘမ်းဆီးမိသွားပြီး၊ ရက်ရက်စက်စက် လှန်စွပ်နဲ့ကစား၊ ဒါးနဲ့ကစားခံရပြီး၊ အပိုင်း

ပိုင်း အစိပ်စိပ် သေကြေကြပါတယ်၊ ဒီသထုံနယ်မှာ ကျုပ်တို့ရဲ့ ဘော်တွေတင်မက၊ ပြည်သူ ပြည်သားတွေပါ ရက်ရက်စက်စက် သတ်ဖြတ် နှိပ်ကွပ်ခြင်းခံရလို့တခါမှမကြုံဘူးတဲ့ လူသတ်ပွဲ လုယက်ပွဲ ကာမမေါ်းပြပွဲတွေဟာကြားဝန့်အောင် ဖြစ်နေပါတယ်။ ဒါတွေကိုကြားရတော့ သထုံနယ်က ပြန်ဆုတ်လာတဲ့ ထပ်သားဘပ်မှူးတွေဟာ ငါတို့တာဝန်ကျတဲ့နယ်မှာ–ငါတို့တာဝန်မကျေလို့ ယခုလို ကျန်ရစ်ခဲ့တဲ့ ပြည်သူ ပြည်သားတွေ ရဲဘော်တွေ ဒုက္ခရောက်ရတယ်ဆိုပြီး ယူကျုံးမရ ဖြစ်ကြရတယ်။

မဟာမိတ်တွေရောက်ပြီး နောက်တိုက်ပွဲများ

အသက်ပါအကြောင်းအရာတွေဟာ မဟာမိတ် တပ်နဲ့ ကျွန်တော်တို့တပ် မတွေ့ဆုံရသေးမှီဖြစ်ခဲ့တဲ့ တိုက်ပွဲတွေကိုဘဲ၊ နောက်မဟာမိတ်တပ်နဲ့ ကျွန်တော်တို့တပ် တွေ့ဆုံပူးပေါင်းပြီးတိုက်တဲ့ တိုက်ပွဲတွေကိုလဲ အကျဉ်းခြုံးပြီး၊ နဲနဲပြောချင်ပါတယ်။ မဟာမိတ်တွေ ရန်ကုန်မြို့ သိမ်းပြီးတော့ ရန်သူအခြေအနေဟာမအေးသေးပါဘူး။ ရန်သူစစ်မျက်နှာနှစ်ဘက် ရှိနေပါတယ်။ ထိုစစ်မျက်နှာ တဘက်က ပဲခူး–မန္တလေး မီးရထားလမ်းရဲ့ အနောက် ပဲခူးရိုးမ၊ တခုကစစ်တောင်းမြစ်ကမ်းဖြစ်ပါတယ်။ ဗမာ့တပ်မတော်“တိုင်း”အသီးသီးဟာလဲ ဒီရန်သူ နှစ်ဘက်တို့ဆိုင်ရာ နယ်တွေမှာ တိုက်ခိုက်ကြပါတယ်။ ကျွန်တော်တာဝန်ကျတဲ့ စစ်နယ်အတွင်းမှာ ဒီရန်သူနှစ်ဘက်တို့ တိုက်ဘို့လို့ တပ် ၅–တပ်ခွဲတယ်။ တပေါ်ကို အနောက်ဘက် ပဲခူးရိုးမက ရန်သူတွေကို မောင်းထုတ်ရန်၊ ကျန်–၄–တပ်ကို ပဲခူးရိုးမကစစ်တောင်းမြစ်ကို ဖြတ်ကျော်ပြေးတဲ့ ရန်သူကို ချောင်းတိုက်ရန်နှင့်၊ စစ်တောင်းမြစ်ကမ်းက အနောက်ဘက်ကို ကျော်လာပြီး၊ ပဲခူးဘက်ကိုထိုးဖေါက်နေတဲ့ ရန်သူ တွန်းလှန် အသုံးပြုခဲ့ရတယ်။

ပဲခူးရိုးမတလျှောက် ရန်သူများကို ရှင်းလင်းရပုံ

ပဲခူးအနောက် စစ်မျက်နှာဆိုရင်၊ လှဲကူး ဖြတ်ဆင်းတဲ့ ငမိုးရိပ်ချောင်းနဲ့ ပဲခူးကိုဖြတ်ဆင်းတဲ့၊ ပဲခူးချောင်းဖျားအကြားမှာရှိတဲ့ ရန်သူတွေကို ဇူလိုင်လ ၁–ရက်နေ့ကစပြီး ဇူလိုင်လ ၂၀–ရက်နေ့အ

ထိ၊ ငမိုးရိပ်ချောင်းကမ်းကခန၊ တဖြည်းဖြည်း တောင်ဘက်ကြီးထဲမှ စတင်ရှင်းလင်းတိုက်ခိုက်ခဲ့တာ ဇူလိုင်လ ၂၀–ရက်ခန့်ကျတဲ့အခါမှာ ဒီချောင်းနှစ်ခုကြားမှာရှိတဲ့–ရန်သူတွေဟာ ရှင်းသွားတာဘဲ၊ အဲဒီလိုရှင်းသွားတယ်ဆိုရင်ဘဲ ဖေါင်ကြီး၊ ထန်းတောကြီး၊ဇောင်းတူ၊ ဇင်းတော အစရှိတဲ့ ရွာပေါင်းက လူတွေဟာ အင်မတန်ဝမ်းမြောက်ကြပါတယ်၊ ပဲခူးကွင်းမှာ လယ်လုပ်ဘို့အတွက် သစ်၊ ဝါး၊ ခနိုးကိုလဲဘဲ ဒီနယ်တွေကို သိမ်းလိုက် နိုင်တဲ့အတွက်ရခဲ့တယ်။ အဲဒီနယ်ထဲကလူတွေဟာ တပ်မတော်တနေရာရွှေ့မယ်လို့ အထုပ်အပိုးပြင်တယ်ဆိုရင်ဘဲ၊ အူရားဖါးရား ပြေးလာကြပြီး ငိုကြီးချက်မနှင့်မပြောင်းရွှေ့ကြရန် တောင်းပန်ကြတော့တာဘဲ၊ ရဲဘော်တွေဟာ သူတို့မျက်နှာကြောင့် မပြောင်းရွှေ့ဘဲအမျိုးမျိုး ၄က်ဖျားရောဂါ အစားအစာငတ်မွတ်ခေါင်းပါးတဲ့ ဘေးဒုက္ခကိုခံ နေကြရတယ်။ ဒီတိုက်ပွဲတွေမှာဆိုရင် သယ်ယူပို့ဆောင်ဘို့လမ်းဟာ အင်မတန်ခဲယဉ်းတယ်။ ရိက္ခာတွေ၊ သထုံကလာရတဲ့ ဆင်–မြင်း–ဘွေနဲ့ပို့ရတယ်။ တချို့ရန်သူကလမ်းမှာ ဖြတ်တိုက်လို့ ရဲဘော်တွေ အငတ်ငတ်အပြတ်ပြတ် ခံရဘယ်။ ရဲဘော်တွေ ချီတက်ရတဲ့လမ်းဟာ ချောင်းမြောင်းတွေကြားကချီတက်ရလို့၊ ရေလည်ပင်းသောက် မြွေ–ကျွတ် တွေကြားကပျောက်ကြားခုခံတဲ့ရန်သူတွေကို ခုခံရင်း ဒီတောကြီးကိုနင်းခဲ့ရတယ်။ ကျုပ်တို့တပ်တွေခြင်ထောင်မရှိလို့ ရဲဘော်တွေညအိပ်တဲ့အခါ တယောက်အိပ်နေရင် တယောက်က ယပ်ခပ်ပေးရတယ်။ ရွာတရွာ သိမ်းမိပြီဆိုရင်လဲ၊ ရန်သူဟာ ဒီရွာကို မီးရှို့ဖျက်ဆီးသွားလို့နေစရာ တဲစရာမရှိ၊ မိုးသည်းရွာကြီးထဲမှာ အမိုးမရှိ၊ သစ်ပင်၊ ဝါးပင်အောက် ဖြစ်သလို နေခဲ့ရတယ်။

ဘယ်စစ်တပ်မျိုးမှ တိုက်မှာမဟုတ်

ဒီလိုဒုက္ခပေါင်း ပြည့်နက်တဲ့ စစ်မြေပြင်မျိုး၊ ဘယ်စစ်တပ်မျိုးမှ ယခုခေတ်မှာတိုက်ကြမယ်မဟုတ်ဘူး။ ကျွန်တော်တို့ အဘို့ကတော့ ကြီးမားတဲ့ ယုံကြည်ချက်ကြောင့် တိုက်ခိုက်ရတယ်။

စစ်တောင်း စစ်မျက်နှာမှာ တိုက်ကြပုံ။

စစ်တောင်း စစ်မျက်နှာကို ပြောပြပါတော့မယ်။ ကျွန်တော် တိုက်ခဲ့ရတဲ့ စစ်တောင်း စစ်မျက်နှာမှာ ရန်သူဘက်မှ စစ်ကြောင်း ၃–ကြောင်း ဖြန့်ပြီးခုခံတာ တွေ့ရတယ်။ ပဌမ စစ်ကြောင်းဟာ မြစ်ကျိုး၊ ဒုတိယ စစ်ကြောင်းဟာ ညောင်ခါးရှည်၊ တတိယစစ်ကြောင်းဟာ ကုလားချောင်းကြီး–ကွင်းယားရှည်၊ တံခွန်တိုင်၊ ဝဲ ဖြန့်စတဲ့ နေရာတွေဖြစ်ပါတယ်။

ရန်သူရဲ့ ရည်ရွယ်ချက်ဟာ မဟာမိတ် ယန္တယားတပ်တွေ စစ်တောင်းမြစ်ဖြတ်ပြီး၊သထုံနယ်ထဲ ဝင်မလာနိုင်အောင်စစ်တောင်းမြစ် အနောက်ဘက်ကမ်း–အထက်ပါ သုံးနေရာကနေပြီး ခုခံထားတာဘဲ။

ဂျပန် ခံစစ် ၃-ကြောင်း

ပဌမ မြစ်ကျိုးစစ်ကြောင်းရဲ့ရည်ရွယ်ချက်ကတော့ မြစ်ကျိုးဟာ ပဲခူး–မန္တလေး မော်တော်ကား လမ်းကနေပြီး၊ မြစ်ကျိုးထိအောင် ဖေါက်လုပ်ထားတဲ့၊ရေကာတာကြီးဆုံရာ နေရာဖြစ်တယ်၊ အဲဒီ ရေကာတာကြီးဟာ မဟာမိတ် မော်တော်ကားတွေ ချီတက်သွားနိုင်တယ်။

ပဲခူးစစ်တောင်း တူးမြောင်းဆုံရာ နေရာလဲဖြစ်တယ်။ ဒိုက်ဦးကိုဖြတ်ပြီးစီးလာတဲ့ ခမွန်ချောင်းဆုံရာ နေရာလဲဖြစ်တယ်။ အဲဒီလမ်း ၃–လမ်းက မဟာမိတ် ယန္တယားတပ်တွေဟာ စစ်တောင်းကိုဖြတ်ပြီး ခရွဲဆိုတဲ့နေရာကို ကူးနိုင်တယ်၊ ဒါကြောင့်ရန်သူဟာ ဒီ ၃–လမ်းဆုံဘဲ မြစ်ကျိုးဆိုဘဲ့နေရာကို မရ–ရအောင်သိမ်းတာဘဲ၊ ဒုတိယ စစ်ကြောင်းကတော့ ပဲခူး–မော်လမြိုင် စစ်တောင်းမြစ်ကို ဖြတ်သွားတဲ့လမ်းနေရာဘဲ၊ စစ်တောင်းတံတားကျိုးနေပေမဲ့ မဟာမိတ်တပ်၊ ယန္တယားတပ်တွေ ဖြတ်ကူးမှာ စိုးလို့ စစ်တောင်းမြစ်အနောက်ဘက်ကမ်း မီးရထားလမ်းပေါ်မှာရှိတဲ့ ညောင်ခါးရှည်ဆို

တဲ့ နေရာကို ရန်သူဟာ အရသိမ်းပိုက်ပြီး ရှေ့ကို စစ်မျက်နှာ တိုးခဲ့နေတယ်။

တတိယ စစ်မျက်နှာကတော့ ဗမာပျောက်ကြား တပ်တွေ သထုံနယ် ထိုးဝင်နိုင်တဲ့လမ်းဖြစ်လို့ ပိတ်ဆို့ကာဆီး ထားတာဘဲ။ နောက်စစ်ကြောင်း ၃–ကြောင်းမှာ ရန်သူရဲ့ ရည်ရွယ်ချက် တခု ရှိသေးတယ်၊ အဲဒါက အနောက်ဘက်ကမ်းမှာရှိတဲ့ ရွာကြီးတွေက အရှေ့ဘက် ကမ်းမှာရှိတဲ့ တပ်တွေအတွက် ရိက္ခာရဘို့ဘဲ။

ရေထဲမတ်တပ်ရပ်၍တိုက်ရပုံ

အဲဒီစစ်ကြောင်း ၃–ကြောင်းမှာ တကြောင်းကြောင်းမှာရန်သူဟာ ၁၅၀၀–အနည်းဆုံးရှိတယ်။ ကျွန်တော်တို့ဘက်ကတော့ လူ (၄၀၀) မျှစီနဲ့တိုက်ရတယ်။ ရန်သူဟာ လေးရက်တပါတ်၊ ငါးရက်တပါတ် လူလဲပြောင်းပေးတယ်၊ ကျွန်တော်တို့ဘက်က တခါမှမပြောင်းနိုင်ဘူး၊ အဲဒီစစ်ကြောင်း ၃–ကြောင်းလုံးရဲ့ မြေအခြေအနေဟာ ရေဖုံးလွှမ်းလျက်ရှိတယ်၊ ရွာတွေကို ရေဝိုင်းနေတယ်။ မြေပွေးနှင့် မြေ့ အင်မတန်ပေါ၊ ခြင်အလွန်ကိုက်တယ်၊ တိုက်ခိုက်ရတဲ့ တိုက်ပုံ ကိုက်နည်းဟာ ဆိုရင်သည်း၊ ရန်သူ ရွာတရွာကို တိုက်တော့မယ်ဆိုရင် ရန်သူနေရာဟာ ရေပါတ်လည်ဝိုင်းတဲ့ ကုန်းမြင့်ရွာထဲမှာ သေချာစွာ ခုခံပြင်ဆင်ထားတဲ့ မြေကတုပ်ထဲကနေပြီး၊ ရန်သူကလှမ်းပစ်တာ ကျွန်တော်တို့က အကာအကွယ်မရှိ၊ ရေထဲမှ မတ်တပ်ရပ် အခုသခ ချီတက်ရတယ်၊ သေနပ်ပစ်ရင်လဲ မတ်တတ်ရပ် ပစ်ရတယ်။ စက်သေနပ်ကလေး ခြေထောက်ချဘို့ နေရာမရှိလို့ ရှေ့က အသေခံစက်သေနပ် ချေသောက်ကိုကိုင်ပြီးတိုက်ခိုက် ချီတက်ရတယ်၊ လက်နက်ချင်း ရန်သူနဲ့ စာလိုက်လို့ရှိရင်လည်း ကျွန်တော်တို့မှာ အခုပါကျော်ပစ်နိုင်တဲ့ ရှေ့ကဘက်တဲ့ ရဲဘော်တွေကို ကာကွယ်ပေးနိုင်တဲ့အမြောက်၊ စိန်ပြောင်း၊လုံးဝမရှိဘူး။ ရှေ့တည့်တည့်သာပစ်နိုင်တဲ့ သေနပ်ကလေးတွေနဲ့သာ တိုက်ရတယ်။ အဲဒီသေနပ်တွေလဲ အချို့ဂျပန်လက်နက်တွေ ဖြစ်လို့ဂျပန်ကျည်ဆံမရှိတဲ့အတွက် ချွေတာပြီးပစ်ရတယ်။ ရန်သူဘက်က

ဆိုရင် မြေကတုတ် ထဲကလဲပစ်ရတယ်။ စက်သေနပ်အားလဲ ကျွန်တော်တို့ထက်များတယ်။ ကျော်ပစ်တဲ့ စိန်ပြောင်းလဲသုံးတယ်၊ မြစ်ကျိုး စစ်မျက်နှာမှာဆိုရင် ပဌမ ကျွန်တော်တို့ဘက်က လူတရာမျှရှိတဲ့ တပ်တတပ်သာ မြစ်ကျိုးမှာ မဟာမိတ် တပ်ရင်းတတပ်နှင့်အတူ ချထားခဲ့တယ်၊ ဇူလိုင်လဆန်းလောက်မှာ ရန်သူတွေ ပဌမ ပြောတဲ့အတိုင်း မြစ်ကျိုးကိုသိမ်းဘို့ သုံးဘက်သုံးတန် (၁၅၀၀) လောက်ရှိတဲ့အားနဲ့ တိုက်စစ်ဆင်ကြတယ်။ မဟာမိတ်တပ်နှင့် ကျွန်တော်တို့ တပ်ဟာ ရန်သူအင်အားကြီးမားတဲ့အတွက်၊ မြစ်ကျိုးကနေပြီး ဇူလိုင်လ ၁၀-ရက်နေ့မှာ ဆုတ်ခွါပေးခဲ့ရတယ်၊ မဟာမိတ်တပ်ဆုတ်ခွါပြီးတဲ့နောက် ကျွန်တော်တို့ဟာ မဆုတ်သေးဘဲ မြစ်ကျိုးကစစ်ဘေးဒုက္ခသည်များ အပြီးအပိုင်ပြောင်းရွှေ့နိုင်သည့်တိုင်အောင် နခံကာကွယ်ထားရတယ်၊နောက်မှအရေးကြီးသောဆက်သွယ်ရေးကိရိယာများ၊ အခြားဝစ္စည်းများကို ဖြုတ်ဖျက်—ဖွက်ပြီးမှ ရန်သူကိုဖေါက်ထွင်းပြီး ဆုတ်ခဲ့ရတယ်။ ဒါပေတဲ့ကျွန်တော်တို့တပ်ဟာမြစ်ကျိုးနဲ့ ၆—၇ မိုင်လောက်ဝေးတဲ့ လေးအိမ်စုရွာမှာ အခြေစိုက်ပြီး ရန်သူမြစ်ကျိုးက ရှေ့ကို မတက်နိုင်အောင် အမျိုးမျိုး ခဲခဲယဉ်းယဉ်း အနှောက်အရှက်ပေးရတယ်၊ ဒီအတွင်း ကျွန်တော်တို့ ဘက်က ၁၀၄—တပ်ရင်းကို မြစ်ကျိုးဘက်သို့ စစ်ကူလွှတ်ရတယ်။ ရန်သူရဲ့ အလုံးအရင်းဟာ မြစ်ကျိုးကို အခြေမစိုက်နိုင်အောင် အမျိုးမျိုး အနှောက်အရှက်ပေး တိုက်ခိုက်ဘို့ဘဲ။

၁. မြစ်ကျိုးကို သူတပြန်ငါတလှည့်

ကျွန်တော်တို့ မြစ်ကျိုးကို လက်မလွှတ်နိုင်တဲ့အကြောင်းကတော့ ရန်သူအလုံးအရင်းဟာ မြစ်ကျိုးကို ပိုင်ပိုင်နိုင်နိုင်သိမ်းထားနိုင်ရင် "ကပင်"ရေကာတာနှင့်"ပဂိုင်"ရေကာတာနှစ်ခုကို ရန်သူတွေချိုးဖေါက်လိုက်ရင် ပဲခူးတနယ်လုံးကို ရေလွှမ်းပြီး ကျွန်သိန်းနဲ့ချီ ဒုက္ခရောက်မှာကိုမြင်လို့၊ ကျွန်တော်တို့ တပ်တွေဟာ ရှိသမျှ အင်အားနဲ့ ခုခံရပါတယ်၊ ဒီလိုခုခံမှုကြောင့် ရန်သူဟာ ရှေ့မတက်နိုင်ဘဲ

မြစ်ကျိုးတွင်ဘဲ အခြေစိုက်ခါ သူတပြန်-ငါတလှည့် နောက်ဆုံးဂျပန်လက်နက်ချတဲ့အချိန်အထိ ဖြစ်ခဲ့ရတယ်။

အဲဒီမြစ်ကျိုး တိုက်ပွဲတွေမှာဆိုရင် သထုံနယ်တိုက်ပွဲတွေမှာနာမည်ကောင်းရခဲ့တဲ့တပ်မှူး ၂-ယောက်၊ ဒီရေကာတာပေါ်မှာ ကျဆုံးခဲ့ရတယ်။ နေ့စဉ်လိုလို ဒီရေကာတာကြီးနားမှာ မပြတ် ကင်းထောက်တိုက်ပွဲ ကလေးတွေဖြစ်ခဲ့ရတယ်။ ကျွန်တော်တို့တပ်ဟာ ဒီရေကာတာကြီးတလျှောက်နေ့ညမပြတ်မျက်စိမလပ်ခ အာင်စောင့်ရှောက်ခဲ့ရတယ်၊ ကျွန်တော်တို့အဘို့ ဒီရေကာတာကြီး ရန်သူတွေလက်ထဲမရောက်ခဲ့အောင် ထိန်းသိမ်းတိုက်ခိုက်နိုင်တဲ့အတွက် ဘယ်တော့မျှမေ့နိုင်မည်မဟုတ်ပါ။

ရန်သူတွေဟာ ကျွန်တော်တို့တပ်စခန်းနေရာတွေကို အမြောက်နှင့်လှမ်းပစ်-စိန်ပြောင်းနှင့်ပစ်-စက်သေနတ်နှစ်ပစ်သော်လည်း၊ ကျွန်တော်တို့ နောက်မဆုတ်ဘဲ တွန်းလှန်နိုင်ခဲ့တဲ့အတွက် မြစ်ကျိုး ရေကာတာဟာ-ကျွန်တော်တို့လက်ထဲမှာ နောက်ဆုံး ရှိခဲ့ပါတယ်။ အဲဒီတိုက်ပွဲမှာ ကျွန်တော်တို့နှင့်ရန်သူဟာ တဘက်နှင့်တဘက် အနီးကပ်ဆုံး မျက်နှာချင်းဆိုင် ဖြစ်နေခဲ့တယ်။

ညောင်ခါးရှည် ဂျပန်တွေတိုက်ပုံ

ဒုတိယစစ်ကြောင်း ညောင်ခါးရှည်မှာ ဆိုရင်လဲ မဟာမိတ်တွေနှင့်ပူးပေါင်းပြီး သက်ဝဲတောင်ပန်းက ကျွန်တော်တို့တာဝန်ယူ တိုက်ခိုက်ရပါတယ်။ ဒီစစ်ကြောင်းဟာ ရန်သူ အပြင်း တိုက်ခိုက်တဲ့ စစ်ကြောင်းပါ။ တနေရာမှာ ကျွန်တော်တို့တပ်ခွဲတတပ်ကို နှစ်ဆမျှရှိတဲ့ရန်သူဟာ သုံးရက်တိတိဝိုင်းပြီး ပိတ်ဆို့တိုက်ခိုက်ခြင်းခံရပါတယ်။ ဒါပေတဲ့ ကျွန်တော်တို့တပ်တွေဟာ တဖြည်းဖြည်း ရန်သူရဲ့စစ်မျက်နှာကို တွန်းလှန်နိုင်ခဲ့တယ်။

တညလုံးရွှံ့ဘွက်ထဲမှာနေရပုံ

တတိယစစ်ကြောင်းမှာ ဆိုလို့ရှိရင် ရန်သူဟာ ပဌမ ပဲခူးရန်ကုန်လမ်းနား အတွင်းကျကျရွာတွေထိအောင် နောက်ယုက် တိုက်

ခိုက်နိုင်တယ်။ အဲဒီနယ်မှာ တာဝန်ကျတဲ့ (၁၀၂)(၁၀၃)တပ်ဟာ ရက်(၂၀)အတွင်း ဒီတိုက်ခိုက်ပွဲအတွက်၊ ရန်သူဟာ ပင်လယ်ကမ်းဘက်ကို တဖြည်းဖြည်းရွေ့ပြီး၊ နောက်ဆုံးကုလားနောင်၊ ကြီး၊ တံခွန်တိုင်၊ ငဲမြန်၊ စပဲ့နေရာတွေမှာ ကြန့်ကြန့် ခံနေပါတယ်။ ကျွန်တော်တို့တပ်တွေဟာ ရန်သူနှင့်အနီးကပ်ဆုံးနေရာအထိ၊ တပ်စွဲပြီး အချင်းချင်း မရပ်မနားတိုက်ခိုက်လေ့ရှိတယ်။ ကျွန်တော်တို့နှင့်ရန်သူဟာ အလွန်ဆုံး ၂-ဖါလုံနှင့်တမိုင်အတွင်းမှာ မျက်နှာချင်းဆိုင်ပြီး တဦးအလစ်တဦး အမြဲတိုက်ခိုက်လျက်ရှိတယ်။ ညဆိုလျှင် ဘယ်သူမှ မအိပ်ရ၊ မြေကျင်းထဲမှာအားလုံး ရပ်စောင့်ရတယ်။ ညကိုင်းတဦးက မတိုက်ရင် တဦးက လာတိုက်တာဘဲ။ နှစ်ဘက်စလုံး တိုက်ခိုက်တဲ့နေရာတွေဖြစ်တယ်၊ ဒါပေမဲ့ ရန်သူဟာ ကျွန်တော်တို့ တပ်ထက် လူအင်အား ၅-ဆ သာတယ်။ ခဏခဏလဲ လူပြောင်း အနားပေးတယ်။ လက်နက်လဲကောင်းတယ်၊ ကျွန်တော်တို့ဘက်ကလူအင်အားနှင့် လက်နက်လဲညံ့၊ တဖြည်းဖြည်း ဂျပန်ကျည်ဆံကလဲကုန်၊ တပ်သားတွေကလဲအနားမရ၊ အဝတ်အစား၊ ခြင်ထောင်၊ ပြည့်ပြည့်စုံစုံမရှိ၊ တညလုံး ရွှံ့ဗွက်ရေအိုင်ထဲ ရပ်နေရတဲ့ဒုက္ခဟာ ကျန်းမာရေးကို အလွန်ထိခိုက်တာဘဲ၊ ဒီလောက်နီးနီး ရန်သူနဲ့နေရာက နောက်ဆုတ်မယ်ဆိုရင်လဲ ရန်သူဟာရှေ့တိုးလာပြီး၊ ဒီလိုဘဲ နီးနီးကပ် အနှောက်အယှက်ရှိနေအုံးမှာဘဲ။ ဒီလိုနှောက်ယှက်လိုက်ရင်လဲ လူထုကြီးနေတဲ့ရွာတွေကို ရန်သူဝင်လာနိုင်မှာဘဲ၊ နောက်ဆုံးမှာ လူထုကြီးရဲ့ အန္တရာယ်ဖြစ်မှာကြောင့် ကြိတ်မှိတ်ပြီး ရန်သူနဲ့ယှဉ်ပြိုင်တင်ခံ့ရှိနေရပါတယ်။ ဒါပေတဲ့ ကျွန်တော်တို့တပ်တွေဟာ မဟာမိတ် တပ်တွေရဲ့ ဝါဒဖြန့်ချိမှု ထိုက်သလောက်မရခဲ့တဲ့အတွက် ရဲဘော်တွေက အထူးဘဲ ဝမ်းနည်းခဲ့တယ်။

စစ်ပြီးရင် ချက်ချင်းလွတ်လပ်ရေး

အဲဒီစစ်မြေပြင်တခုလုံး ချုံကြည့်လို့ရှိရင်၊ ကျွန်တော်တို့တပ်တွေဟာ ဘယ်လောက် အခက်အခဲတွေကြားထဲမှာ ရှိတယ်ဆိုတာ

တွေ့ကြည့်နေပါတယ်။ အဲဒီတိုက်ပွဲတွေမှာ ကျွန်တော်တို့ဘက်မှ အကျအဆုံးလဲများပါတယ်၊ စစ်သားတွေရဲ့ စိတ်ဓါတ်မှာ ဒီလိုဆင်းရဲဒုက္ခနဲ့ အသက်တဖျားငွေ့နဲ့ပြီး တိုက်ပွဲတွေကြောင့်၊ စိတ်ဓါတ်ဟာ အသွင်ပြောင်းလာတယ်၊ ရဲဘော်တွေမှာ သိသွားတာက ဒီစစ်ကြီးပြီးရင် မကြာမီလွတ်လပ်ရေးရလိမ့်မယ်လို့ ယုံကြည်ခဲ့တယ်။ ဒါပေတဲ့ သူတို့စိတ်ကိုထိခိုက်စေတဲ့အကြောင်းကတော့ သတင်းစာတွေထဲမှာ၊ ပါတီတွေ၊ နိုင်ငံရေးခေါင်းဆောင်တွေ၊ အလျှိုအလျှိုပေါ်လာတာတွေတဲ့ အချက်ဘဲ။ သူတို့ကပြောတယ် ဒီပါတီ ခေါင်းဆောင်တွေဟာ ဂျပန်တော်လှန်တုန်းက ဘယ်သွားနေသလဲ၊ ကျုပ်တို့မသိ၊ ကျုပ်တို့သိတာက ဂျပန်ကိုစစ်ကျေညာတဲ့ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ချစ်၊ ဦးကျော်ငြိမ်း စတဲ့လူတွေသာ ကျုပ်တို့သိတယ်။ ကျုပ်တို့ရဲ့လွတ်လပ်ရေးလမ်းမှာ ဒီလိုလူတွေဝင်ရှုပ်ရင်၊ ကျုပ်တို့ လွတ်လပ်ရေးရပါ့မလားဆိုတဲ့ အချက်တွေဘဲ။

တိုက်ပွဲတွေကလဲ အင်မတန် ခဲယဉ်း ကြမ်းတမ်းတယ်။ မိမိတို့ကို မိမိတို့နာရီပိုင်းအတွင်းသေနိုင်တယ်။ အဲဒီလိုအခါမှာရဲဘော်တွေစိတ်မှာ လွတ်-လပ်ရေးရမှ ရပါ့မလား။ နိုင်ငံရေးခေါင်းဆောင်တွေဟာ ငါတို့အရိုးပုံပေါ် ခေါင်းပေါင်းစထောင်ပြီး သစ္စာဖေါက်ဦးမှာလား။ ဟိုတုံးကလိုဘဲလား စတဲ့အတွေးအခေါ်တွေဟာ သူတို့ဦးနှောက်မှာဝင်လာပြီး၊ တိုက်မှုခိုက်မှုကို ထိခိုက်လာပါတယ်။

နိုင်ငံရေးသမားတွေ ငါတို့အရိုးပေါ်မှာ ခေါင်းပေါင်းစထောင်ခဲ့ရင်

အချို့ရဲဘော်တွေ စစ်တိုက်ထွက်သွားတယ် ဆိုရင်ဘဲ၊ ထွက်သွားခါနီးမှာ ချီမဆန့်စိတ်ဆင်းရဲစွာနဲ့ ကျန်ရစ်နေတဲ့လူတွေကို ရဲဘော်တို့ ပြောလိုက်ပါကွာ။ နိုင်ငံရေး ခေါင်းဆောင်တွေ နောင်တခေတ်မှ ငါတို့အရိုးပုံပေါ် ခေါင်းပေါင်းစထောင်ပြီး သစ္စာဖေါက်ခဲ့ရင်၊ ဘဝဆက်တိုင်း ဆက်တိုင်း ဘာဖြစ်စေမယ် ညာဖြစ်စေမယ်၊ စသည်ဖြင့် ပြောသွားတာတွေ အလွန်ထိခိုက်စရာကောင်းပါတယ်။

စစ်တိုက်ခြင်း ယုံကြည်ချက်

စစ်တိုက်တယ်ဆိုတာဟာ လွယ်ကူသော ကိစ္စမဟုတ်၊ တဦးနှင့်တဦး ရင်ဆိုင်ပစ်ကြ-ခုတ်ကြ၍၊ သေကြ-ကျေကြခြင်း ဖြစ်တယ်။ တဦးနှင့်တဦး သေရသတ်ရသောစိတ်ဓါတ်ရှိရမယ်။ စစ်တပ်ကောင်း၏ အင်္ဂါတရပ်တွင်၊ ထိုစိတ်ဓါတ်မျိုး ခွေးပေးရတယ်။ ဂျပန်တပ်မှာ ဆိုရင် ရှင်ဘုရင်ကြီးကို ယုံကြည်ချက်နှင့်တိုက်နေကြတယ်။ အချို့တပ်များမှာ ကြေးစားစိတ်ဖြင့် ကျေဇူးသစ္စာတော်ကို သိရမယ်ဟူသောစိတ်ဓါတ်ဖြင့် တိုက်ရတယ်။ ကျွန်တော်တို့ အဘို့ လွယ်လပ်ရေး ရလိမ့်မယ်ဟူသော ယုံကြည်ချက်နှင့်တိုက်ခိုက်တယ်။ စစ်တပ်တိုင်း စစ်တပ်တိုင်း၌ယုံကြည်ချက်ဟာ အလွန်အရေးကြီးတယ်။

၎ယုံကြည်ချက် အနည်းငယ်တိမ်းစောင်းရုံနှင့် ချက်ချင်းတိုက်ခိုက် နေသောသေနပ်သံ၊ အမြောက်သံဟာ ရပ်စဲသွားနိုင်ပါတယ်၊ ကျွန်တော်တို့တပ်သားတွေလဲ လွတ်လပ်ရေးနဲ့ ပတ်သက်ပြီး၊ ဒီလိုယုံမှား သံသယ စိုးရိမ်လာတဲ့အခါမှာ၊ တိုက်စိတ်-ခိုက်စိတ် ထိခိုက်လာတာကိုတွေ့ရပါတယ်။ နောက်ဆုံးငါတို့ဟာ ဒီစစ်မှာ ငါတို့မတိုက်ရင် ငါတို့ပြည်သူပြည်သားတွေ နစ်နာမယ်၊ ဒီစစ်ဟာ ပြည်သူ့စစ် ဒီရန်သူကို ငါတို့ဟာ ငါတို့တိုက်ရမယ်။ ဘာဘဲဖြစ်ဖြစ်၊ လောလောဆယ် ဒီရပ်ရွာသား ဒုက္ခသယ်တွေ အဘွက်၊ ငါတို့ရှေ့တန်းက အသေခံကြမယ်။ နောက်မသေလို့ကျန်ခဲ့တဲ့ ရဲဘော်တွေဟာလဲ ဗမာပြည်ရဲ့ လွယ်လပ်ရေးကို မသေမချင်း တိုက်ခိုက်ပါမယ်ဆိုပြီး၊ ကျွန်တော်တို့ရဲ့ စိတ်ဓါတ်အားကို အားသစ်မွေးပြီး တိုက်ရပါတယ်၊

တိုက်ပွဲစာရင်းချုပ်

ကျွန်တော်ဘို့တိုက်တဲ့ တိုက်ပွဲစားရင်းချုပ်ကိုကြည့်မယ်ဆိုရင် စပြီးတော်လှန်တဲ့နေ့က ဂျပန်လက်နက်ချတဲ့ နေ့အထိ၊ တိုက်ပွဲပေါင်း (၃၂၄) ပွဲ၊ ရန် (၂၇၇၄) ယောက်သေ၍၊ (၁၁၈၄) ယောက်ဒါဏ်ရာ ရရှိပြီး၊ (၂၅) ယောက်ကို သုံ့ပန်းအဖြစ်ဖမ်းခဲ့ပါတယ်။ ရန်သူဘက်က ခဲယမ်းမီးကျောက် မြောက်မျှားစွာရရှိပြီး၊ မီရထား၊ လော်

ဒီကားတွေကိုလည်း ဖျက်ဆီး နိုင်ခဲ့တယ်၊ ကျွန်တော်တို့ဘက်မှာ (၇၆) ယောက် ကျဆုံးပြီး (၇၂) ယောက် ဒါဏ်ရာရခဲ့တယ်။ အဲဒီစာရင်းချုပ်မှာဖက်ဆစ် တိုက်ဖျက်ရေးအဖွဲ့ ရပ်သူ ရွာသားများ၏ တိုက်ခိုက်မှုများ မပါသေးပါ၊ ထိုသို့ပြည်သူပြည်သားတို့က တိုက်ခိုက်ခဲ့သောတိုက်ပွဲများ၊ ကျွန်တော်တို့နှင့် ပူးပေါင်းပြီး ဆောင်ရွက်ခဲ့တဲ့ အခြားအချက်တွေကို ချန်လှပ်ရပါတယ်၊ ပြည်သူပြည်သားတွေ ဂျပန်ကိုတိုက်တဲ့နေရာမှာ တပ်မတော်နှင့် ပူပေါင်းတိုက်ခဲ့တာတွေ၊ နောက်ဆိုင်ရာက စာအုပ်တွေထုတ်လို့ရှိရင် သိရပါလိမ့်မယ်။ ကျွန်တော်တို့ ၅ကြဲ့သ ဆင်းဆင်းရဲရဲ ရဲရဲဝန့်ဝန့် တိုက်ခိုက်ခဲ့တာတွေဟာ ဘာကြောင့်လဲဆိုတာ ထင်လောင်းပြီး ရှင်းပြချင်ပါတယ်။

လူမိုက်ကို ချီးမွမ်းသလို မြှောက်ပေမဲ့။

မဟာမိတ်တွေက ပြောကောင်းပြောလိမ့်မယ်။ ဗမာတွေဟာ သတ္တိရှိတယ်၊ တိုက်စိတ်ခိုက်စိတ်ရှိတယ် စတဲ့ လူမိုက်ဂုဏ်မြှောက် စကားမျိုးနဲ့ ချီးမွမ်းကောင်း ချီးမွမ်းပေလိမ့်မယ်၊ ကျွန်တော်တို့ဟာ ဒီလိုဦးနှောက်မရှိတဲ့ တရိစ္ဆာန်တွေမဟုတ်ပါဘူး။ နှစ်ပေါင်း (၁၀၀၀) လောက်က ကမ္ဘာရာဇဝင်မှာ ရဲစွမ်းသတ္တိရှိတယ်ဆိုတဲ့ မိုက်တဲ့ လူတွေလိုမဟုတ်ပါဘူး။ ဒီခေတ်ကြီးမှာ လူတွေဟာ အသိပညာနဲ့ယဉ်ကျေးနေတဲ့ခေတ်ဖြစ်လို့ တဦးနှင့်တဦးအကျိုးမဲ့သတ်ဖြတ်သေကြတာကို လူဟိုင်းကြောက်ပါတယ်။ ကျွန်တော်တို့လဲ သေရမှာကြောက်တဲ့လူတွေပါ၊ ဒီလို ကြောက်ရဲ့သားနဲ့ ဇွတ်ကိုးပြီး အခုသေနေရတာတွေဟာ ဒီကမ္ဘာစစ်ပြီးလို့ရှိရင်-ကျွန်တော်တို့ လွတ်လပ်ရေး ရတော့မယ်ဆိုတဲ့ ယုံကြည် ချက်ကြောင့်ပါဘဲ။

ပြည်သူ့စစ်သဘောနှင့်-နိုင်ငံငယ်များ။

လွန်ခဲ့တဲ့ ပဋ္ဌမကမ္ဘာစစ်ကြီးတုံးက၊ စစ်ပြီးရင်စစ်နိုင်တဲ့နိုင်ငံကြီးတွေဟာ-ကိုလိုနီတွေကို ခွဲယူခဲ့တယ်၊ ယခုကမ္ဘာစစ်ကြီးမှာဆိုရင် စစ်ကြီးပြီးရင် တိုင်းငယ် ပြည်ငယ်တွေဟာ ဖက်ဆစ်ကို တိုက်ခိုက်ခဲ့သည်နှင့်အမျှ

မဟာမိတ်တွေကို ကူညီခဲ့သည်နှင့်အမျှ လွတ်လပ်ရေး ရလိမ့်မယ်ဆိုတဲ့ ပြည်သူစစ်သဘောအရ ကျွန်တော်တို့ ယုံကြည်ခဲ့တယ်။

ကျွန်တော်တို့ ဤယုံကြည်ချက်အရ—၅-လတိတိ တိုက်ခိုက်ခဲ့တဲ့ တိုက်ပွဲတွေမှာ သေတဲ့လူတွေသေကြပြီး၊ မနှိမဆန့် တသက်လုံး သုံးမရအောင် ဒဏ်ရာအကြီးအကျယ်ရခဲ့တဲ့လူတွေလဲ ရခဲ့ပြီ။ ကမ္ဘာတခွင်မှာ ဖက်ဆစ်ဝါဒကို တိုက်ခိုက်ခဲ့တဲ့ တိုင်းပြည်တွေအနက်၊ ယူဂိုစလပ်ပြည်မှတပါး၊ ပြင်သစ်ထက်ပင် ကျွန်တော်တို့ပြည်ကသာလျှင် တိုက်ခိုက်နိုင်တယ်ဆိုတာ ကမ္ဘာကသိနေပါပြီ။

"ကမ္ဘာသူ—ကမ္ဘာသားတွေအတွက် တိုက်နေရပါတယ်" ဆိုတဲ့ ကမ္ဘာ့ခေါင်းဆောင်ကြီး (၅) ဦးမှာ၊ တဦးဖြစ်တဲ့ ဗြိတိသျှဟာ၊ ကျွန်တော်တို့ တန်ဘိုးနှင့်အမျှ ရသင့်ရထိုက်သော အခွင့်အရေးကို ပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ဒီအတွက်ဟာ မီးတောက်နေပါတယ်

ကျွန်တော်တို့ရဲ့ နိုင်ငံရေးအခြေအနေကို မျှော်တွေးကြည့်လိုက်ရင် ကျွန်တော်တို့နှစ်ပေါင်းများစွာက လိုချင်တောင့်တခဲ့တဲ့—လွတ်လပ်ရေးပန်းတိုင်ဟာ အလွန်နီးကပ်လျက် ပန်းကိုဆွတ်ခူးရုံမျှလောက်သာရှိပါတယ်၊ အဲဒီ လွတ်လပ်ရေးပန်းကို ဆွတ်ခူးဘို့နေရာမှာ တခုတည်းသော အခက်အခဲဟာ ကျွန်တော်တို့ နိုင်ငံခေါင်းဆောင်တွေ၊ ပါတီတွေ မညီညွတ်လျှင် လွတ်လပ်ရေးဟာ နောက်ထပ် ၅-နှစ်လဲ ကြာနိုင်တယ် ၁၀-နှစ်လဲကြာနိုင်တယ်၊ ကျွန်တော်တို့ တတိုင်းပြည်လုံး တညီတညွတ်တည်း-တသံတည်း ထွက်ဘို့အရေးကြီးနေပါတယ်။ ကျွန်တော်တို့ဝမ်းထဲမှာ ဒီအချက်ဟာ မီးတောက်နေပါတယ်။

လွတ်လပ်ရေးကို လက်သီးနှင့်ထိုးတောင်းခဲ့တယ်။

တိုင်းပြည်တပြည်ရဲ့ စစ်တပ်ဆိုတာဟာ နိုင်ငံရေးရဲ့ အစိတ်အပိုင်းတခုပါ။ တနည်းအားဖြင့်ဆိုလျှင်၊ တိုင်းပြည်ရဲ့လက်သီးပါ၊ ပြည်သူပြည်သားတွေဟာ မိမိတို့ လိုအင်ဆန္ဒမရလျှင် ပထမပါးစပ်နဲ့

တောင်းတယ်၊ ပါးစပ်နှင့်တောင်း၍မရလျှင်-အော်ဟစ် ရန်တွေ့ပြီး တောင်းတယ်၊ ဒီလိုနဲ့မှ မရသေးလျှင်၊ နောက်ဆုံးလက်သီးနဲ့ ထိုးတောင်းရပါတယ်။ ကျွန်တော်တို့ဗမာပြည်ရဲ့—နိုင်ငံရေး ရာဇဝင်ကို ပြန်ကြည့်မယ်ဆိုလျှင်၊ ရိုးရိုးပါးစပ်နဲ့လဲ တောင်းခဲ့တယ်၊ အော်ဟစ်ပြီးတော့လဲ တောင်းခဲ့တယ်၊ ကျွန်တော်တို့လိုချင်တဲ့ "လွတ်လပ်ရေး" ကို မရခဲ့ဘူး၊ အဲဒီတော့ (၁၉၄၁) ခုနှစ်က စပြီး၊ ကျွန်တော်တို့လိုချင်တဲ့ "လွတ်လပ်ရေး" ကို လက်သီးနဲ့ထိုးပြီး တောင်းခဲ့ရတယ်။

ယခုအခြေအနေအရ ကျွန်တော်တို့ လွတ်လပ်ရေးခရီးဆုံးကို ကျွန်တော်တို့ ညီညီညွတ်ညွတ်နဲ့ အရေးဆိုခဲ့ဖို့ရှိရင်၊ ရတော့မယ်လို့ ယုံကြည်ပါတယ်။

ညီညီညွတ်ညွတ်နဲ့အရေးဆိုရင်

ရှေ့အဘို့ ကျွန်တော်တို့ရဲ့ လမ်းစဉ်ဟာ—ဘုရင်ခံရဲ့ အတိုင်ပင်ခံအမှုဆောင်အစိုးရကို အမျိုးသားယာယီအစိုးရဖြစ်အောင် ဇာ ဋ္ဌာနအုပ်ချုပ်ရေးအရ၊ ရွေးကောက်မဲ့ရွေးကောက်ပွဲကြီးကို ပြည်သူ့လွှတ်တော်ဖြစ်အောင်၊ ဒီပြည်သူ့လွှတ်တော်ကြီးက၊ ဗမာပြည်ရဲ့ ကံကြမ္မာကို လွတ်လွတ်လပ်လပ် ရေးဆွဲနိုင်တဲ့—ဗမာပြည် အုပ်ချုပ်ရေးစည်းမျဉ်းဖြစ်လာအောင်ဒီအချက်တွေကိုပြည်သူပြည်သားတွေကတညီတညွတ်တည်း မြှလုပ်ကြမယ်ဆိုလျှင်၊ လွတ်လပ်ရေးဟာ မကြာခင်အတွင်း ရမှာဘဲ၊ ကျွန်တော်တို့မညီမညွတ်ရင် ဝေးမှာဘဲ၊ ဒီတော့ တိုတိုပြောရမယ်ဆိုရင် နိုင်ငံရေးမှာ ညာဘာဝ ဖြသုပ်မဲ့လူတွေ—ပါတီတွေဟာ တိုင်းပြည်နဲ့—

ကျွန်တော်တို့ရဲ့မျက်နှာကို ထောက်ထားပြီး

ကျွန်တော်တို့ရဲ့ မျက်နှာကို ထောက်ထားပြီး၊ တညီတညွတ်တည်း ဖြစ်ကြစေချင်တယ်၊ ဗမာပြည်ရဲ့ နိုင်ငံရေး အစီအစဉ်တွေ စနစ်တကျလုပ်သွားမဲ့—ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးထဲသို့ ခြေစုံပစ်ပြီးဝင်စေလိုပါတယ်၊ တတိုင်းပြည်လုံး ဒီအဖွဲ့ကြီးထဲသို့ ဝင်စေလိုပါတယ်။ အဖွဲ့ချုပ်ကြီးက ရေးဆွဲတဲ့ စည်း

ကမ်းအတိုင်းအားလုံး ညီညီညွတ်ညွတ် လိုက်နာလုပ်ကိုင်ကြလျှင် ကျွန်တော်တို့ အင်မတန်လိုလားတဲ့-လွတ်လပ်ရေးဟာ မကြာမီ ရောက်လာမှာဘဲ၊ (ညီညွတ်ကြပါ-အားလုံးညီညွတ်ကြပါ) လို့ တောင်းပန်တဲ့အနေနဲ့ ကျွန်တော်ဟာရဲဘော်တွေရဲ့ကိုယ်စား၊ နိုင်ငံညီညွတ်ရေးအဆိုတင်သွင်းပါတယ်။

ထို့နောက် တိုင်း-၄-တိုင်းမှူး ဗိုလ်မှူး ကျော်ဇောက ဆက်လက်၍ အောက်ပါအတိုင်း နိုင်ငံလုံး ညီညွတ်ရေးအဆိုကို နေသူရိန် ပြည်သူ့အစည်းအဝေးကြီးသို့ ဘတ်ကြားတင်သွင်းသည်။

ထို့ကြောင့် ဤအစည်းအဝေးကြီးက ဗမာနိုင်ငံအတွင်း ခေါင်းဆောင်မည့် ပုဂ္ဂိုလ်များနှင့် တိုင်းသူပြည်သား အပေါင်းတို့က စိတ်ဝမ်းကွဲပြားခြင်း အလျဉ်းမရှိဘဲ၊ ဖက်ဆစ်တိုက်ဖျက်ရေး-ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်အတွင်းသို့ ထိရောက်စွာ ဝင်ရောက်လုပ်ကိုင်ခါ၊ ဗမာနိုင်ငံ လွတ်လပ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းအရပ်ရပ်တို့ကို တညီတညွတ်တည်း နှောက်နှေးဆိုင်ငံ့ခြင်း အလျဉ်းမရှိဘဲ၊ ဆောင်ရွက်ကြရန် အစည်းအဝေးကြီးက လေးနက်စွာတိုက်တွန်းပါကြောင်း။

မှတ်ချက်။ ။( )ပါသော စာသားများသည် စာဘတ်သူများ၊ သဘောပေါက် ရှင်းလင်းရန် အတွက် ယခုမှ ထပ်မံဖြည့်စွက်ထားခြင်း ဖြစ်သည်၊

ဗိုလ်မှူးချုပ် ကျော်ဇော
လွတ်လပ်ရေးနေ့ မိန့်ခွန်းပြောစဉ်။

ဗိုလ်မှူးချုပ် ကျော်ဇော

၏

လွတ်လပ်ရေးနေ့ မိန့်ခွန်း

၁၉၄၉–ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်ပဉ္စမအကြိမ် မြောက် ''လွတ်လပ်ရေး'' နေ့ မေမြို့စစ်ရေးပြ အခမ်း အနားကြီး၌ဗမာ့တပ်မတော် မြောက်ပိုင်းတိုင်းမှူး ဗိုလ်မှူးကြီး ကျော်ဇော၏ မိန့်ခွန်း။

★

လွတ်လပ်ရေးနေ့ မိန့်ခွန်း

ရဲဘော်တို့ ဤနေ့ ဤနေ့ရာသို့ ငါတို့လာရောက် စုရုံးကြခြင်းသည် ငါတို့နိုင်ငံသည် အချုပ်အချာ အာဏာပိုင် လွတ်လပ်သော သမတနိုင်ငံတော်ကြီး အဖြစ်တနှစ်မြောက်သော အထိမ်းအမှတ်ပွဲကို ဆင်ယင်ကျင်းပရန် ဖြစ်သည်၊ လူမျိုးခြား တိုင်းတပါးသားနယ်ချဲ့သမားတို့ လက်အောက်တွင် အနှစ်'၁၀၀'(တရာ)ကျော် ကျွန်ဘဝ အဖြစ်ဖြင့်အသက်ပေါင်းများစွာကို "စတေး"ခံပြီးနောက်၊ ၁၉၄၈-ခု၊ ဇန်နဝါရီလ ၄-ရက်နေ့တွင် လွတ်လပ်ရေး အောင်ပန်းကိုဆွတ်ခူးနိုင်ခဲ့ပေသည်။

ဤနေ့သည် ငါတို့သားစဉ် မြေးဆက် မမေ့သင့် မမေ့အပ်သော နေ့ထူး နေ့မြတ်ဖြစ်ပေသည်။ အဘယ်ကြောင့် မမေ့အပ်သည်ကို ပြောပြလိုပေသည်၊ ဤအကြောင်းကို မပြောမီ "လွတ်လပ်ရေးဆိုတာ ဘာလဲ" လွတ်လပ်ရေး၏ အရသာဟာ ဘယ်လောက် မွန်မြတ်သလဲဆိုတာ ပြောပြချင်တယ်။

ယေဘူယျအားဖြင့် လွတ်လပ်ရေး ၃-မျိုးရှိသည်၊ (၁) နိုင်ငံလွတ်လပ်ရေး၊ (၂) လူပုဂ္ဂိုလ် လွတ်လပ်ရေး၊ (၃) စီးပွား ဥစ္စာ လွတ်လပ်ရေး၊ ဒီသုံးမျိုးမှာ နိုင်ငံလွတ်လပ်ရေးသည် အရေးအကြီးဆုံးဘဲ၊ နိုင်ငံလွတ်လပ်ရေးမရဘဲနှင့် အခြား လွတ်လပ်ရေးဆိုတာ အဓိပ္ပါယ်မရှိနိုင်ဘူး။

နိုင်ငံ လွတ်လပ်ရေးဆိုတာ၊ (က) တိုင်းပြည် နိုင်ငံကြီးတခုခု၏ စိုးမိုးချုပ်ချယ်ခြင်းမှ လွတ်ကင်းရမည်၊ (ခ) နိုင်ငံတော်အစိုးရသည်၊ ပြည်သူပြည်သားတို့က စိတ်သဘောကျ၊ လွတ်လပ်စွာ ရွေးကောက်သော အစိုးရဖြစ်ရမည်၊ (ဂ) နိုင်ငံတော်၏ အုပ်ချုပ်ရေး စည်းမျဉ်း ဥပဒေများကို မိမိဖါသာ လွတ်လပ်စွာ ရေးဆွဲနိုင်ရမည်၊ (ဃ) ရေးဆွဲထားသော တရားဥပဒေအရ၊ လက်တွေ့နိုင်ငံတော်ကို၊

အုပ်ချုပ်ရာတွင် မိမိတို့သဘောကျ စိနစ်ဖြင့် အုပ်ချုပ်နိုင်ရမည်။ (င) နိုင်ငံခြား ဆက်သွယ်ရေး လွတ်လပ်ရမည်။ (စ) တိုင်းပြည် ကာကွယ်ရေးတွင် သဘောကျ စီမံဆောင်ရွက်ခွင့်ရှိရမည်။ (ဆ) နိုင်ငံ အုပ်ချုပ်ရေး အဖွဲ့တွင် လူတိုင်းအဆင့်အတန်းအလိုက် ဝင်ရောက် ဆောင်ရွက် နိုင်ရမည်။

လူပုဂ္ဂိုလ်လွတ်လပ်ရေး ဆိုတာ (က) လွတ်လပ်စွာစိတ်ကူး စဉ်းစားခွင့်၊ (ခ) လွတ်လပ်စွာ ပြောဆိုခွင့်၊ (ဂ) လွတ်လပ်စွာ ပြုမူ ဆောင်ရွက်ခွင့်များဖြစ်သည်။ ပြုမူဆောင်ရွက်ခွင့်ဆိုသော လူတို့၏ ငြိမ်းချမ်းရေးကို မထိခိုက်နိုင်သောအခြေအနေအထိကို ဆိုလိုသည်။

စီးပွားဥစ္စာ လွတ်လပ်ရေး ဆိုတာကတော့ နိုင်ငံတိုင်း အမျိုးမျိုး မိမိတို့ကြိုက်နှစ်သက်သလို အဓိပ္ပါယ်ယူကြတယ်။ တရားနည်းလမ်းအကျဆုံး အဓိပ္ပါယ်ကတော့ (က) လူတိုင်း မိမိနိုင်ငံကထွက်သော ပစ္စည်းအင်အား အလျောက်၊ စားသောက်နေထိုင်ရေး အဆင့်အတန်း မြင့်ရမည်။ (ခ) တဦးနှင့်တဦး ပစ္စည်းဥစ္စာ ပိုင်ဆိုင်ရာတွင် များစွာ မကွာခြားရဘူး။ အဲဒါတွေဟာ လွတ်လပ်ရေး၏ အဓိပ္ပါယ် အကျဉ်းချုပ်ဘဲ။

ဒီနေရာမှာ ရဲဘော်တို့က မေးချင်ကြလိမ့်မည်၊ မြန်မာပြည်ယခု လွတ်လပ်ရေးဟာ၊ ဤအချက် သုံးချက်နှင့်ညီညွတ်သလားလို့၊ မှန်ပေသည်၊ငါတို့သည် ၁၉၄၈-ခုနှစ်၊ ဇန်နဝါရီလ ၄-ရက်နေ့တွင် ပဌမ နိုင်ငံလွတ်လပ်ရေးကို ရခဲ့ပေသည်၊ ထိုမှတဆင့် လူပုဂ္ဂိုလ် လွတ်လပ်ရေးသို့ အချိန်အခါနေရာအလိုက် ရခဲ့ပေသည်။ ထိုမှတဆင့် စီးပွားဥစ္စာလွတ်လပ်ရေးသို့ ချီတက်လျက်ရှိပေသည်။သက်သေခံကား ငါတို့ "ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံ ဥပဒေ"များတွင် အတိအလင်းဖေါ်ပြပြီး ဖြစ်ပေသည်၊

အထက်က ပြောခဲ့သည့်အချက်များကို ကြည့်လိုက်တာနှင့် လွတ်လပ်ရေးဟာဘယ်လောက် အရေးကြီးတယ်ဆိုတာသိလောက်ပြီ။ "လူ၏ဘဝ"ကို ရဘို့ရန် ဘာသာတရားတိုင်းမှာရော၊ လောက ဗေဒပညာမှာရော၊ အလွန်ဖြစ်ခဲ့တဲ့ [illegible] ကမှာ

ကသိကြပြီ။ ထို့နောက်တန်ဘိုးမဖြတ်နိုင်သော လူ့ဘဝကို ရကြပြီးနောက်၊ လွတ်လပ်ရေးကိုမရကြလျှင်၊ ဤလူ့ဘဝဟာ အချီးနှီးဘဲဆိုတာ ကမ္ဘာ့ယဉ်ကျေးတဲ့လူမျိုးတိုင်း သိရှိနားလည်ကြပြီးဖြစ်တယ်။

ကမ္ဘာ့ပညာရှင်များက "လွတ်လပ်ခြင်းမရှိက စိုးရိမ်ကြောင့်ကျခြင်းရှိမည်။ စိုးရိမ်မှုရှိက စိတ်ပျော်ရွှင်မှု မရှိနိုင်။ စိတ်မပျော်က ဦးနှောက်မကြည်လင်၊ အမှားအမှန်မခွဲခြားနိုင်။ အမှားအမှန်မသိက ပညာထွန်းကားမှု တိုးတက်ထွန်းကားမှု၊ တိုးတက်ကြီးပွားမှု၊ အသက်ရှည်မှု မရှိနိုင်။ ထိုသို့ဖြစ်က "တိရစ္ဆာန်ဘဝနှင့် ခြားနားမည်မဟုတ်"ဟူ၍၎င်း၊ "လူ၏ အသက်ကို လည်ပင်းခါးတင်၍ သတ်မှသေမည်မဟုတ်၊ မလွတ်လပ်ခြင်းအားဖြင့် တဖြည်းဖြည်း အသက်ကိုသေနိုင်သည်"ဟူ၍၎င်း၊ "လွတ်လပ်ခြင်းကိုပေးပါ၊ သို့မဟုတ်သေခြင်းကိုပေးပါ"ဟူ၍၎င်း လွတ်လပ်ရေး၏ တန်ဘိုးကို ဤသို့ဖြင့် အနက်ဖေါ်ပြခဲ့လေသည်။

လက်တွေ့ပြရလျှင် ဗြိတိသျှနယ်ချဲ့အောက်သို့ ကျွန်ုပ်တို့အနှစ်တရာခန့်ရစဉ်က အဖြစ်အပျက်များနှင့် အခြားကိုလိုနီနိုင်ငံများကို ချိန်ထိုးပြီး ကြည့်ရှုရန်ဖြစ်သည်။ ထို့ကြောင့် လွတ်လပ်ရေးသည် လူ့ဘဝနှင့် ထပ်တူ အရေးကြီးလှသဖြင့် လွတ်လပ်ရေးကို တကမ္ဘာလုံး ဘယ်လောက် ချစ်မြတ်နိုးသည် ဘယ်လောက် ကြိုးပန်းအားထုတ်ခဲ့ကြသည်ကို အနည်းငယ် ပြောပြချင်သည်။

ကမ္ဘာ့သမိုင်းကိုပြန်ကြည့်လိုက်လျှင် ကမ္ဘာတွင် အုပ်စိုးသော လူတန်းစားရေး ပေါ်ပေါက်လာသည်မှစပြီး၊ ယနေ့တိုင် လွတ်လပ်ရေးအတွက် အသက်ပေါင်း ကုဋေချီအသေခံလျက် ခုခံတိုက်ခိုက်ခဲ့ရသည်၊ လွန်ခဲ့သော အနှစ် "၂၀၀၀" (နှစ်ထောင်) ကျော်တွင် ကမ္ဘာ့ယဉ်ကျေးဆုံးဖြစ်သော "ဂရိတ်" တို့ပင်လျှင် "ပါးသျှား" လက်အောက်မှ လွတ်မြောက်ရန်သော်၎င်း၊ "ရောမ"တို့သည် "ကာသေ့"နှင့် "ဩစတေးရီယန်း"တို့လက်မှ၎င်း။ "အမေရိကန်" နိုင်ငံပင်လျှင် ခရာစ်သက္ကရာဇ် "၁၇၀၀" (တောင်ခုနှစ်ရာ) တွင် ဗြိတိသျှအောက်မှ လွတ်မြောက်ရန် ခုနှစ်နှစ်ပါတ်လုံး တိုက်ခိုက်ခဲ့ရခြင်းဖြင့်

၎င်း၊ "ဗြိတိသျှ"တို့ပင်လျှင် "ရောမ"လက်အောက်တွင် အနှစ် "၂၀၀" (နှစ်ရာ) နီးပါး ကျွန်ဘဝ ရောက်ခဲ့၍ လွတ်မြောက်ရန် ကြိုးပန်းခြင်းများနှင့်၊ ၁၈–ရာစုနှစ်တွင် တော်လှန်ရေးကြီးများ ဆင်နွှဲခဲ့ရခြင်းဖြင့်၎င်း၊ '၁၈၀၀' (ထောင့်ရှစ်ရာ) ခုနှစ် ပြင်သစ် အရေးတော်ပုံကြီးများ၊ "၁၉၀၀" (ထောင်ကိုးရာခုနှစ်) ရုရှား အရေးတော်ပုံကြီးများ၊ ယခုအခါ အင်ဒိုနီးရှားပြည်၏ လွတ်လပ်ရေးကို ချုပ်ချယ်ဖိနှိပ်တိုက်ခိုက်လျက်ရှိသော ဟော်လန်၊ ဒတ်ချ်တို့သည် "၁၆၀၀" (ထောင်ခြောက်ရာ) ခုနှစ်လောက်တွင် စပိန်တို့လက်အောက်မှ လွတ်မြောက်ရန် အနှစ် "၄၀" (လေးဆယ်) စစ်ဆင်နွှဲခဲ့ရခြင်းများစသော ထင်ရှားသည့် အဖြစ်အပျက်များအားဖြင့် လူတို့သည် မိမိတို့လွတ်လပ်ရေးကို အဘယ်မျှချစ်မြတ်နိုး၍ ထိုလွတ်လပ်ရေးအတွက် အဘယ်မျှစွန့်စားတိုက်ခိုက်ခဲ့သည်ကို ထင်ရှားခဲ့ပေသည်။ အချုပ်အားဖြင့် ကမ္ဘာ့သမိုင်းသည် လူတို့သည် လူ့ဘဝကို ဘယ်လိုရောက်ရှိလာကြပြီး၊ မိမိတို့ အသက်ရှင်ရေးနှင့် လွတ်လပ်ရေး အဘယ်ကဲ့သို့ တိုက်ခိုက် လုံးပန်းခဲ့ရသည်ကို ဖေါ်ပြခြင်းဖြစ်သည်။

ကမ္ဘာ့သမိုင်းကို မဆိုထားနှင့် ကျွန်ုပ်တို့ ဗမာပြည်ပင်လျှင် နယ်ချဲ့စနစ်မှ လွတ်မြောက်ရန် ဘယ်လောက် ကြိုးစားခဲ့ရသနည်း။

ဗြိတိသျှတို့သည် (၁၈၈၅) ထောင့်ရှစ်ရာရှစ်ဆယ့်ငါးခုနှစ်၊ ဗမာပြည်အားလုံးသိမ်းပိုက်ပြီးသည့်အချိန်မှ '၁၈၉၅' (ထောင့်ရှစ်ရာကိုးဆယ့်ငါး) နှစ်အထိ၊ အထက်ဗမာပြည်၊ မြစ်ဝကျွန်းပေါ်နယ်များတို့တွင် ဗမာတိုင်းရင်းသားတို့က လွတ်လပ်ရေးအတွက် ခုခံတိုက်ခိုက်သည်ကို ဗြိတိသျှတို့က စစ်သားပေါင်း "၄၅၀၀၀" (လေးသောင်း ငါးထောင်) ဖြင့် ၁၀ (ဆယ်) နှစ်ကျော် နှိမ်နင်းခဲ့ရာတွင်၊ ထောင်ပေါင်းများစွာသော ဗမာသားကောင်း ရတနာများဆုံးရှုံးခဲ့ရသည်ကို မမေ့နိုင်ကြမည်မဟုတ်၊ ထိုအရေးတော်ပုံနှင့် ဆက်လျက် "၁၈၉၆" ခုနှစ်တွင်၊ အထက်ဗမာပြည်၌ ချင်းလူမျိုးတို့က ဗြိတိသျှတို့အားပုန်ကန်ထကြွမှုကိုလည်း မမေ့နိုင်ကြမည်မဟုတ်။

"၁၉၃၀"ခုနှစ်၊ သာယာဝတီ ဆရာစံသူပုန်ကြီးတွင် များစွာသော ဆင်းရဲသားတို့ အသက်စည်းစိမ် ပျက်စီးခြင်းနှင့် ရာပေါင်းများစွာ တကျွန်းသို့ အပို့ခံရခြင်းကိုလည်း မမေ့နိုင်မည်မဟုတ်၊ "၁၉၃၆"ခုနှစ်၊ "၁၉၃၉"ခုနှစ်၊ ကျောင်းသား အရေးတော်ပုံများ၊ မန္တလေး ပြည်သူ့အရေးတော်ပုံများတွင် နယ်ချဲ့သမားတို့၏ သေနတ်၊ နံပါတ်ဒုတ်တို့ဖြင့် သေကြေပျက်စီးကြကုန်သော အာဇာနည်များကိုလည်း ငါတို့မမေ့နိုင်မည်မဟုတ်။

နောက်ဆုံးတွင် ပြီးခဲ့သော ဒုတိယ ကမ္ဘာစစ်ကြီးတွင် ငါတို့၏ လွတ်လပ်ရေး ကြိုပမ်းချက်ကား ကမ္ဘာက တုန်လှုပ်လောက်အောင် ငါတို့ရှမ်းခဲ့ပေသည်။ ငါတို့သည် ဤကမ္ဘာစစ်ထဲတွင် အသက်စည်းစိမ်များစွာအနစ်နာအဆုံးရှုံးခံပြီး၊ 'နယ်ချဲ့သမား'ကိုရင်း၊ 'ဖက်ဆစ်'ကိုရင်း၊ ကြောက်ခမန်းလိလိ တော်လှန်ခဲ့သည်ကို ဘယ်မှာ မမေ့နိုင်မလဲ။

ဤကဲ့သို့ ကမ္ဘာ့သမိုင်းတွင်ရင်း၊ ဗမာ့သမိုင်းတွင်ရင်း၊ လူအပေါင်းတို့ဘာကြောင့် ရဲဝံ့စွန့်စားစွာတိုက်ခိုက်ကြပါသနည်း။ ငါတို့သည် တိုက်ချင်တဲ၊ ခိုက်ချင်တ်၊ သတ်ဖြတ်လိုစိတ်ကြောင့်လား။ မဟုတ်ပါ။ လူ့ဘဝတွင် အလွန်မွန်မြတ်လှသော လွတ်လပ်ရေး အတွက်ဖြစ်ပါသည်။

ကျွန်ုပ်သည် လွတ်လပ်ရေးအတွက် ရှည်လျားစွာပြောပြရခြင်းမှာ လွတ်လပ်ရေးသည် အဘယ်မျှအရေးကြီးသည်၊ အဘယ်မျှမွန်မြတ်သည်၊ လူတို့သည် လွတ်လပ်ရေးအတွက် အဘယ်မျှစွန့်စားတိုက်ခိုက်ရသည်တို့ကို သိရှိလေးနက်စေရန်ငှင်း၊ ကျွန်ုပ်တို့သည် ဤစစ်ကြီးတွင် အမျိုးမျိုး အဖုံဖုံ သေကြေပျက်စီးခြင်း၊ စွန့်စားခြင်း လှုပ်ရှားထုတ်ခြင်းတို့ အကြားမှ ပေါ်ထွက်လာသော နိုင်ငံတော် လွတ်လပ်ရေးသည် တနှစ်မျှ မပြည့်မီ အတွင်း အမျိုးမျိုးသော လွတ်လပ်ရေး၏ အန္တရာယ်များကို ကျွန်ုပ်တို့ရင်ဆိုင်နေရသောကြောင့်ရင်း ဖြစ်သည်။

လက်ရှိတိုင်းပြည် အခြေအနေကား ရဲဘော်တို့ သိမြင်သည့်

အတိုင်းပင်ဖြစ်သည်။ ဤအခြေအနေကို ငါတို့မကျော်လွန်နိုင်လျှင်၊ ဤရပြီး လွတ်လပ်ရေးသည် ဆုံးရှုံးရပေမည်၊ ပျက်စီးရပေမည်။

တခေတ်တခါက ငါတို့ဘိုးဘေးများညံ့ဖျင်းသဖြင့် ကျွန်ဖြစ်ခဲ့ရသည်၊ ငါတို့ခေတ်ကျမှ တဖန်ကျွန်အဖြစ်ကိုပြန်ရောက်ရလျှင် ငါတို့လောက်ညံ့ဖျင်း အသုံးမကျသူ ရှိပါအုံးမလား။

ဒီတော့ ငါတို့ရွေးချယ်ရန်–၂–ချက်ရှိသည်၊ ငါတို့သည် လူညံ့ခံပြီး အနှစ်တရာ–၁၀၀–အတွင်း အသက်စည်းစိမ်နှင့်လဲယူထားရသော လူ့လောကတွင် အမွန်မြတ်ဆုံး ဖြစ်သည့် လွတ်လပ်ရေးကြီးကိုဆုံးရှုံးခံကြမလား၊ သို့မဟုတ် ဤလွတ်လပ်ရေးကြီး၏ ရန်သူကို အသက်ပေးပြီး တိုက်ကြမလားဆိုတာ ဖြစ်သည်။

ကျွန်ုပ်တို့ဟာ လွတ်လပ်ရေး ရန်သူကို အသက်ပေးပြီးတိုက်ခိုက်မည့်လမ်းကို ရွေးချယ်ရလိမ့်မည်။ ဘာကြောင့်လည်းဆိုလျှင် လွတ်လပ်ရေးကို မလိုချင်တဲ့လူဟာ၊ မိမိနိုင်ငံ မိမိလူမျိုး ကိုသာမက ကမ္ဘာ့သူ ကမ္ဘာ့သား အားလုံးကိုပါ သစ္စာဖေါက်သူ ဖြစ်တယ်ဆိုတာ အထက်ကပြောချက်များကို စဉ်းစားလျှင် အကွင်းသားမြင်နိုင်သည်။

ဗမာတမျိုးလုံးနှင့်တကွ တကမ္ဘာလုံး လွတ်လပ်ရေးအတွက် တိုက်ခိုက်ခဲ့ရခြင်း၊ တိုက်ခိုက်နေရခြင်းတို့ကို ငါတို့မမေ့ပျောက်မပေါ်ကြစမ်းပါနှင့်။

နိဂုံးချုပ် ပြောလိုသည်မှာ ဤလွတ်လပ်ရေးကြီးကို အစဉ်အမြဲတည်တန့်အောင် ထိန်းသိမ်းဘို့ ဗမာတိုင်းရင်းသားတိုင်း တာဝန်ဖြစ်တယ်။ အထူးသဖြင့် ကျွန်ုပ်တို့–ခင်ဗျားတို့စစ်သားတွေဟာ ဤလွတ်လပ်ရေးကြီးကို ကာကွယ်တဲ့နေရာမှာအရေးကြီးဆုံးသော နောက်ခံကျောရိုးလက်နက်ကြီးတခုဖြစ်တယ်။ ယခုလိုအခါမှာ ကျွန်ုပ်တို့တာဝန်ဟာ တိုင်းပြည်အပေါ်မှာ ဘယ်လောက် ကြီးလေးသည်ဆိုတာ သိစေချင်တယ်။ လေးစားစေချင်တယ်၊ ပြည်သူ၏ အသက်စည်းစိမ်သည်ရင်း၊ ဤလွတ်လပ်ရေးကြီးသည်ရင်း၊ ကျွန်ုပ်တို့သစ္စာရှိကြလျှင်

တာဝန်မကျေပွန်ကြောင်း ဘယ်လောက်ဆိုးဝါးမည် ဆိုတာကိုလည်း နားလည်ကြစေချင်တယ်။

ဤမျှကြီးလေးသော တာဝန်တွေကို ကျေပွန်ဘို့ဟာ ကျွန်ုပ်တို့သည် လူတို့၏ လွတ်လပ်ရေးကို အသက်နှင့်ထပ်တူ ချစ်ခင်တဲ့စိတ် မှန်မြတ်တဲ့စိတ်ရှိမှဖြစ်မယ်။ နို့ပြီးကျွန်ုပ်တို့ စစ်မှုထမ်းခြင်းဆိုင်တဲ့ အလုပ်တာဝန်တွေ အတတ်ပညာတွေကိုလည်း ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ဘို့ ကြိုးစားရမယ်။

နောက်ဆုံးမှာ ဤလွတ်လပ်ရေးနေ့မှာ ငါတို့လွတ်လပ်ရေးကြီးကို ငါတို့မသေမချင်း အသက်နှင့်ထပ်တူကာကွယ်စောင့်ရှောက်ပါမည်။ ငါတို့၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကြီးကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ငါတို့၏ တာဝန်ကို ကျေပွန်စွာ ထမ်းရွက်ပါမည်ဟု—သဒ္ဒိဋ္ဌာန် ချကြပါစို့။ ။

နေ့စွဲ။ ၁၉၄၉-ခုနှစ်၊ ဇန်နဝါရီလ ၄—ရက်။

ဗိုလ်မှူးချုပ် ကျော်ဇော

၏

အာဇာနည်နေ့ မိန့်ခွန်း

၁၉၄၉-ခုနှစ်၊ ဇူလိုင်လ ၁၉—ရက်နေ့၊ နှစ်နှစ်မြောက် ဗိုလ်ချုပ်တို့ ကျဆုံးသော နေ့တွင် အောင်ဆန်း ကစား ကွင်းဝေး၌ ကျင်းပသော စစ်အခမ်းအနားတွင် တပ်ပေါင်းစုအား ဟောပြောသော ဗမာ့တပ်မ တော် တော်ဝင်ဝိုင်း-တိုင်းမှူး ဗိုလ် မှူး ချုပ် ကျော်ဇော ၏ မိန့်ခွန်း။

★

အာဇာနည်နေ့ မိန့်ခွန်း

ရဲဘော်တို့....

ယနေ့ ဤနေရာသို့ တပ်ပေါင်းစုံကိုယ်စားလှယ်များရောက်ရှိကြခြင်းအကြောင်းမှာ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံတော် ခေါင်းဆောင်ကြီးများအား နှစ်ကြိမ်မြောက်ကျဆုံးသောနေ့တွင် ချီးကျူးဂုဏ်ပြုရန် ဖြစ်ပေသည်။ ဗိုလ်ချုပ်သည် ၁၉၄၇-ခုနှစ် ဇူလိုင်လ ၁၉-ရက်နေ့တွင် လုပ်ကြံခြင်းခံရပေသည်။ ကျွန်ုပ်တို့သည် ဘာကြောင့် ဗိုလ်ချုပ်ကြီးအား ချီးကျူးဂုဏ်ပြုရပါသနည်း။ ဗိုလ်ချုပ်ကြီး အပေါ်တွင် ကျွန်ုပ်တို့နှင့်တကွ၊ တနိုင်ငံလုံးကဆပ်၍မကုန်သော ကျေးဇူးများ ရှိ၍နေခြင်းကြောင့်ဖြစ်ပေသည်။ ကျွန်ုပ်တို့ကျေးဇူးတင်ဂုဏ်ပြုရန် များစွာသော ဗိုလ်ချုပ်အသက်ရှိစဉ်က ဆောင်ရွက်ကြိုးပမ်းချက် အထဲတွင်၊ နောင်ရာဇဝင်သမိုင်း၌ထင်ရှားမည့်အချက်နှစ်ချက် ရှိပါသည်။ ပဌမနိုင်ငံတော် စည်းလုံးညီညွတ်ရေး။ ဒုတိယမှာ နိုင်ငံလုံးဝ ကိုယ်ပိုင်လွတ်လပ်ရေးရရှိမှု ဖြစ်ပါသည်။ နိုင်ငံတော်စည်းလုံးညီညွတ်ရေးတွင် ဗိုလ်ချုပ်သည် အဆင့်နှစ်ဆင့် ပြုလုပ်ခဲ့သည်။ ပဌမအဆင့်မှာ ဗမာနိုင်ငံရှိ နိုင်ငံရေးပါတီအသီးသီး ညီညွတ်ရေးနှင့်၊ ဒုတိယမှာ အမျိုးသား ညီညွတ်ရေးကို ကြိုးစားခဲ့သည်၊ ပါတီညီညွတ်ရေး အတွက် ဗိုလ်ချုပ် အဘယ်မျှ အမြော်အမြင်ကြီးစွာပြုလုပ်ခဲ့သည်တို့မှာ၊ ဗြိတိသျှတို့အား တိုက်ခိုက် တော်လှန်ရန်၊ ၁၉၄၁-ခုနှစ် ဂျပန်ပြည်တွင် ရဲဘော်သုံးကျိပ် စစ်ပညာများလေ့ကျင့်စဉ်က စတင်၍ဆောင်ရွက်ခဲ့သည်။ ထိုစဉ်က ရဲဘော်သုံးကျိပ်သည် တဖွဲ့တပါတီမှလူများမဟုတ်၊ ဗမာပြည်တွင် အင်အားအကြီးဆုံး သခင်ဂိုဏ်း ၂-ဂိုဏ်းက လူများ ဖြစ်ခဲ့လသည်။ ဗမာပြည်တွင် တဦးနှင့်တဦး အတိုက်အခံ ဆဲရေးခဲ့သော်လည်း ဗြိတိသျှကို တော်လှန်ရေးအတွက် တခုတည်းသော ရည်ရွယ်ချက်ဖြင့် 'ဟေနံ'ကျွန်းပေါ်တွင် စစ်ပညာသင်ရန် ၁၉၄၁-ခုနှစ်တွင် စုရုံးမိခဲ့ကြသည်။ ထိုဂိုဏ်းနှစ်ခု ဟေနံ ကျွန်းပေါ်ကတည်းက ညီညွတ်မှသာလျှင် ဗမာပြည်တွင်းရှိ ကျန်သခင်ပါတီများ ညီညွတ်မည်။ ထိုသို့ညီညွတ်မှ အခြားပါတီများပူပေါင်းလာမည်။ သို့မှသာ ဗမာပြည်တွင် ဗြိတိသျှတို့နှင့် ရေရှည်တော်လှန်ရေး တိုက်ပွဲကြီးကို အောင်မြင်နိုင်မည်ဟု မြော်မြင်ခဲ့သည်။ ထို့ကြောင့် ရဲဘော်သုံးကျိပ်ကို တဖွဲ့တညြဇာတည်း ဖြစ်ရန် ထိုစဉ်အခါကပင် ပေါင်းစပ် ရွေ့ဆောင်ခဲ့ပေသည်။

၁၉၄၆-ခုနှစ်၊ ဗမာပြည် ဗြိတိသျှလက်မှလွတ်ရန် ကြိုးပမ်းရာတွင် ပဌမဆုံး နိုင်ငံရေးပါတီများစုရုံးညီညွတ်စေ၍၊ လူကြီးလူငယ်၊ လက်ဝဲ လက်ျာ အားလုံး စုပေါင်းစေပြီး ဖက်ဆစ်ဝါဒကိုတိုက်ဖျက်ရေးအဖွဲ့ချုပ်ကြီးကို၊ ခိုင်ခိုင်မြဲမြဲဖွဲ့စည်းခဲ့ပေသည်၊ ထိုသို့ ပါတီအသီးသီး ညီညွတ်ရေးသာမက၊ ဒုတိယ လူနည်းစု ရှမ်း၊ ကရင်၊ ချင်း၊ ကချင်၊ မွန်-စသော လူမျိုးညီညွတ်ရေးကို အားတိုက် အင်တိုက် စွန့်စားပြန်သည်။ ထိုသို့ကြိုးစားသည့်အတိုင်း လွတ်လပ်ရေးပန်းတိုင်သို့ဝင်သောအခါ လူနည်းစုများနှင့်လက်တွဲ၍ ဝင်နိုင်ခဲ့ပေသည်။ ထို့ကြောင့် ဗမာပြည်သမိုင်းတွင် ဗမာတပြည်လုံး အမျိုးသား ညီညွတ်ရေးကို လက်နက်မဆောင်သုံးဘဲ ဆောင်ရွက်ခဲ့ရာ၊ ကျန်စစ်သားနှင့်ဦးအောင်ဆန်းတို့လောက် ဘယ်သူမှထမြောက်အောင်မြင်ခြင်းမရှိဟု သမိုင်းဆရာများက ဆိုပေသည်။ ဒုတိယ ကြိုးပမ်းမှုဖြစ်သော ဗမာပြည်လွတ်လပ်ရေးရရှိအောင် ဆောင်ရွက်မှုနှင့်ပါက်သက်၍ အားလုံးပင် သိရှိပြီးဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ထိုသို့ နိုင်ငံစည်းလုံးရေးနှင့် လွတ်လပ်ရေးကိုကြိုးပမ်းရုံသာမက နိုင်ငံတော်စီးပွားရေးနှင့် ယဉ်ကျေးမှုမြင့်တင်ရေး ကြံစည်ကြိုးပမ်းနေစဉ်တွင် လုပ်ကြံခံရပြီး ကွယ်လွန်ခဲ့ရပေသည်။ ဤကဲ့သို့ပုဂ္ဂိုလ်အား ချီးကျူးဂုဏ်ပြုရန်မှာ ကျေးဇူးသိတတ်သောလူမျိုးတို့၏ ဝတ္တရားပင်ဖြစ်သည်။ ကျွန်ုပ်တို့ကိုယ်တိုင် တိုက်ရိုက်ကျေးဇူးတင်ရှိနေခြင်းမှာ လက်ရှိတပ်မတော်ကြီးကို စတင်အုတ်မြစ် ချပေးခဲ့သောအချက် ဖြစ်ပေသည်။ ဒါကြောင့်ကျွန်ုပ်တို့ ဤနေရာသို့စုရုံးရောက်ရှိလာပြီး၊ ထိုပုဂ္ဂိုလ်ကြီးအား ချီးကျူးဂုဏ်ပြုခြင်းဖြစ်ပေသည်၊ ချီးကျူးဂုဏ်ပြုရုံတွင်မက၊ ကျေးဇူးကိုနားလည်သူတို့ အနေ

နှင့် ချုပ်ငြိမ်းလွတ်လပ်ရေးနှင့် နိုင်ငံတော်ကြီးပြိုကွဲမသွားရန် လက်ရှိအလုပ်တာဝန်တို့တွင် ဆထက်ထမ်းပိုးတိုး၍အမှုထမ်းကြရန် စိတ်အားထက်သန်စွာ သံဒိဋ္ဌာန်ချကြရမည် ဖြစ်သည်။

ဤနေ့ဤအခါတွင် ကျွန်ုပ်တို့ထပ်လောင်းပြီး ရဲဘော်တို့အားပြောလိုသည့်အချက်မှာ လွန်ခဲ့သော ခြောက်လလောက် အတွင်း ဗမာပြည်တွင် အနှစ်တရာအတွင်း တခါဘူးမျှ မကြုံဘူးလောက်အောင် ကြီးမားသော ဘေးအန္တရာယ်ကြီးနှင့် ကြုံတွေ့ရပေသည်။ ထိုဘေးအန္တရာယ်ကြီးကို ကာကွယ်ခဲ့သော ဒီမိုကရေစီအင်အားစုမှာ၊ လက်ရှိတပ်ပေါင်းစုကြီးပင်ဖြစ်ပေသည်၊ ထိုအန္တရာယ်သည် မည်မျှကြီးလေး၍ တပ်ပေါင်းစုကြီးက အဘယ်မျှ အသက်ပေါင်းများစွာ စွန့်ပြီး ကြေပြွန်စွာ ထမ်းဆောင်ခဲ့သည်ကို နောင်ရာဇဝင် သမိုင်းတို့တွင် ထင်ရှားစေလိမ့်မည်။ ကျွန်ုပ်တို့ ဤကဲ့သို့ အောင်မြင်စွာ စွမ်းဆောင်နိုင်ခဲ့သည်မှာ ကျွန်ုပ်တို့တပ်ဖွဲ့အသီးသီး အချင်းချင်း ညီညွတ်မှု၊ တာဝန်ကြေပြွန်၊ စည်းကမ်းရှိမှုတို့ကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့ ဆက်လက် အောင်ပွဲခံနိုင်ရန်မှာ လွန်ခဲ့သော ခြောက်လတုံးကလို စည်းလုံးညီညွတ်ရန်၊ တာဝန်ကြေပြွန်ရန်၊ စည်းကမ်းရှိရန်ဖြစ်လေသည်၊စည်းလုံးညီညွတ်မှုရှိရန်မှာ တပ်ပေါင်းစုကြီးတွင် တပ်ဖွဲ့အမျိုးမျိုးရှိပြီး တခုတည်းသောတာဝန်ကို ထမ်းဆောင်နေရပေသည်။

ဤတပ်ဖွဲ့သည် အချင်းချင်း ယုံယုံကြည်ကြည် ညီညီညွတ်ညွတ်နှင့် မပူးပေါင်းဘဲ တဖွဲ့စီကိုယ့်ဘက် ကိုသာကြည့်ပြီး လုပ်ကြလျှင် ကျွန်ုပ်တို့ရှေ့တွင်တွေ့ကြုံရမည့် ပြဿနာများကို အောင်မြင်စွာ ဖြေရှင်းနိုင်မည်မဟုတ်ပါ၊ စည်းကမ်းရှိရာမှာ ဆိုင်ရာတပ်တွင်း စည်းကမ်းတွင်သာမက၊ အမြင်လူထုနှင့်ဆက်ဆံရာတွင် လူပုဂ္ဂိုလ် လွတ်လပ်မှု မထိခိုက်စေရအောင်နှင့် တရားဥပဒေအမြင် မရောက်ရှိစေအောင် ဂရုစိုက်ရမည်။ တာဝန်ကြေပြွန်ရာမှာ ကျွန်ုပ်တို့သည် ဘယ်လောက်ခက်ခဲသောတာဝန်နှင့် ရင်ဆိုင်ရပေစေ၊ မရှုံမဆုတ် ဖွဲ့နှင့်ကြေပြွန်အောင် ထမ်းရွက်ရမည်။ ကျွန်ုပ်တို့အောင်မြင်ခြင်းမှာ တာဝန်ကြေပြွန်ခြင်းသာဖြစ်သည်။ တာဝန်မကြေပြွန်သူမှာ ဘယ်တော့မှ

အောင်မြင်ခြင်းရှိနိုင်မည်မဟုတ်၊ တာဝန်မကြေပြွန်သူလောက် သူ့ရဲဘောနည်းသူ၊ သတ္တိကြောင်သူ၊ တိုင်းပြည်အား သစ္စာဖေါက်သူမရှိ၊ တာဝန်ကြေပြွန်သူသာလျှင် ရဲစွမ်းသတ္တိရှိသူ၊ တိုင်းပြည်အား သစ္စာရှိသူဖြစ်သည်။ ထို့ကြောင့် အချုပ်အားဖြင့် ပြောလိုသည်မှာ ကွယ်လွန်သူ ခေါင်းဆောင်ကြီးများအား ဂုဏ်ပြုရာတွင် ဂုဏ်ကျေးဇူးသိတတ်သူအနေနှင့်၎င်း၊ မိမိကိုယ်ကိုမိမိ ရိုသေသူအနေနှင့်၎င်း၊ နိုင်ငံတော်တွင်ရင်ဆိုင်လျက်ရှိသော ဘေးအန္တရာယ်တို့ကို အောင်မြင်နိုင်ရန် အောင်မြင်ခြင်းတရား သုံးပါးဖြစ်သော ကျွန်ုပ်တို့ အချင်းချင်း ညီညွတ်ပါမည်၊ စည်းကမ်းရှိပါမည်၊ တာဝန်ကြေပြွန်ပါမည်ဟူ၍၎င်း၊ ဤအခါတွင် ဤနေရာ၌ အဓိဋ္ဌာန်ပြုကြပါစို့....

★

ဗိုလ်မှူးချုပ် ကျော်ဇော

၏

ဗိုလ်သင်တန်းကျောင်းဆင်းပွဲ မိန့်ခွန်း

၁၉၅၆-ခုနှစ်၊ ဩဂုတ်လ ၂၆-ရက်နေ့၊ မှမ္ဘူတပ်မတော် မေမြို့စစ်ဗိုလ်သင်တန်း၊ (O.T.S.) ကျောင်းဆင်းပွဲတရပ် ကျင်းပရာ၊ ယင်းတွင် မြောက်ပိုင်းစစ်ဌာနချုပ်မှူးဗိုလ်မှူးချုပ်ကျော်ဇော တက်ရောက်အလေးပြုခံပြီးနောက်၊ အစဉ်အလာအရ ကျောင်းဆင်းပွဲမိန့်ခွန်းတရပ် ပေးခဲ့သည်။ မိန့်ခွန်းမှာအောက်ပါအတိုင်းဖြစ်သည်။

ဗိုလ်သင်တန်း၊ မိန့်ခွန်း။

ရဲဘော် အရာရှိများနှင့်၊ ကြွရောက်ကြသော ပရိသတ်များ ခင်ဗျား။

ယနေ့ကျစ်ရေးပြ အခမ်းအနားသည် စစ်ဗိုလ်သင်တန်း အမှတ် (၅) သီးတပ်ခွဲ ကျောင်းဆင်းပွဲ အခမ်းအနားဖြစ်တယ်။ ကျွန်တော်သည် နိုင်ငံတော်စစ်သေနာပတိ ကိုယ်စားတက်ရောက်ခြင်းဖြစ်တယ်။ ဒီအခမ်းအနားတွင် ကျွန်တော်မိန့်ခွန်းတရပ်ပြောကြားလိုပါတယ်။

ယခု ကျောင်းဆင်းကြမည့် ဒီသင်တန်းမှာ ပါဝင်ကြသူတွေဟာ စစ်တပ်ထဲကပုဂ္ဂိုလ်တွေသာမက၊ အပြင်ကတိုက်ရိုက် စစ်ထဲဝင်လာတဲ့ ပုဂ္ဂိုလ်များလဲပါဝင်တယ်၊ ရဲဘက်-စစ်ရဲဘက်က ပုဂ္ဂိုလ်အချို့လဲပါဝင်တယ်။ ဒီသင်တန်းရဲ့ ရည်ရွယ်ချက်ကတော့ အဓိကခြေလျင်တပ်ရင်းမှာ အရာရှိငယ်တပ်စုမှူးအဖြစ် တာဝန်ဝတ္တရားထမ်းနိုင်ရန်ဖြစ်တယ်။ သင်တန်းမှာ စစ်ပညာသာမက ရိုးရိုးပညာအခြေခံနဲ့သူတို့အဘို့လဲ ရိုးရိုးပညာရပ်များ သင်ကြားပေးတယ်။

ဒီမှာသင်ပေးတဲ့ စစ်ပညာတွေဟာ အထင်မသေးအပ်ဘူး၊ ဘိလပ်"မွန်"အရာရှိ ကျောင်းမှာထက် မနိမ့်ဘူး၊ အထူးသဖြင့် ခြေလျင်တပ်ပညာဟာ ပိုပြီးပြည့်စုံအောင် သင်ပေးတယ်၊ ဒီသို့ပြောလို့ ငါတို့စစ်ပညာတွေ တတ်လှပြီးလို့လဲ မိမိကိုယ်မိမိ အထင်မကြီးပါနှင့်၊ ဒီပညာဟာ ယခုစစ်လောကထဲဝင်ဘို့ ခြေလှမ်း တလှမ်းသာဖြစ်သေးတယ်။ လက်တွေ့စစ်မှုထမ်းအဖြစ် စတင်ရန် အကူအညီရဘို့နှင့်ရှေ့ဆက်ပြီး စစ်ပညာ ဗဟုသုတ လေ့လာရှာဖွေရန် အခြေခံ ရရုံလောက်သာ ဖြစ်သေးတယ်။

ယခု ခင်ဗျားတို့ဟာ ကျောင်းဆင်းပြီး မကြာမီ တပ်မတော်ကြီးအတွင်းမှာ အရာရှိတယောက်အဖြစ် ဝင်ရောက်ထမ်းရွက်ရတော့မည်၊ အရာရှိတယောက်ဆိုတာ စစ်ခေါင်းဆောင် တယောက်ဘဲ၊

တပ်မတော်ကြီးရဲ့ အဆိုးအကောင်း တိုင်းပြည်ရဲ့ကံကြမ္မာဟာ ဒီပုဂ္ဂိုလ်တွေရဲ့အပေါ်မှာတည်တယ်၊ ဒီပုဂ္ဂိုလ်တွေဟာ နောင်တခါမှာ တိုင်းပြည်ရဲ့ရာဇဝင်ကို ဖန်တီးစေမဲ့ စစ်ပွဲကြီးတွေကို ခေါင်းဆောင်ရမဲ့ပုဂ္ဂိုလ်တွေဘဲ။

ကျွန်တော်ဟာ ခင်ဗျားတို့၏ ရှေ့နေးကို မျှော်တွေးပြီး ဒီကျောင်းဆင်းပွဲမှာ စစ်ခေါင်းဆောင်ဆိုတာ ဘယ်လို အရင်းခံစွမ်းရည်သတ္တိ ရှိသင့်တယ်ဆိုတာကို ကျွန်တော်၏ ကိုယ်တွေ့ စာတွေ့ဗဟုသုတများမှ အနည်းငယ် မှာကြားလိုက်ချင်ပါတယ်။

ပဌမစစ်ဆိုတာ ဘာလဲကို ထပ်လောင်းပြီး သဲသဲကွဲကွဲနားလည်စေချင်တယ်၊ စစ်ဆိုတာအချုပ်ကတော့ လူ-လူချင်း၊ လက်နက်စွဲဆိုင်ပြီး သွေးချောက်သံယို အကြမ်းဘက် ယှဉ်ပြိုင်တိုက်ခိုက်ကြခြင်းဘဲ၊ လူတို့ရဲ့ ကာယ-ဉာဏ စိတ်ဓါတ်အင်အားကို အစွမ်းကုန်ထုတ်ခြင်းဖြစ်တယ်။

ဒီစစ်ပွဲဆိုတဲ့ ယှဉ်ပြိုင်တိုက်ခိုက်မှုမှာ အဓိကလက္ခဏာ ၃ ရပ်ရှိတယ်၊ ပဌမကတော့ တဘက်နှင့်တဘက် တတ်နိုင်သမျှ ခြေမှုန်းချက်ဆီးခြင်း သတ်ဖြတ်ခြင်းတို့ကို နည်းလမ်းရှိသလောက် ကြိုးစားအားထုတ်ကြခြင်းဖြစ်ရာ ဘေးဥပါဒ်အန္တရာယ် ဆိုတဲ့ လူ့-သဘာဝနှင့် ဆန့်ကျင်တဲ့ စွန့်စားမှုတရပ်ကို ရင်းနှီးရတယ်။ စစ်ဆိုတဲ့ကိစ္စကလွဲလို့ တခြားဘယ်ကိစ္စမှ စစ်လောက်ဘေးအန္တရာယ်မများဘူး။ ခေတ်သစ်ရောက်လေ ပစ်ခတ်မှုစွမ်းအား လက်နက်တွေ ထွန်းကားလာလေ ပိုပြီးဘေးဥပါဒ်များလေ၊ စစ်သည်တော်တယောက်ဟာ ရခဲလှတဲ့လူ့ဘဝကြီးကို စက်တလင်းပေါ်မှာ အချိန်မရွေး စွန့်ပစ်ဘို့ အသင့်ဖြစ်ရတယ်၊ ဒါကြောင့်စစ်ဆိုတာဟာ ဘေးဥပါဒ်အန္တရာယ် ဆိုတဲ့မနှစ်မြို့ဘွယ် အချက်ကြီးကို ရင်ဆိုင်ရတယ်။

ဒီလို ဘေးဥပါဒ် အန္တရာယ်ကို ရင်ဆိုင်နိုင်ဘို့ ဘာလိုလာသလဲ။ စိတ်ဓါတ်ကြံ့ခိုင်ဘို့ သူရသတ္တိရှိဘို့ လိုတယ်၊ တော်ရုံတန်ရုံစိတ်သတ္တိမျိုးနှင့် တမျိုးလုံးချီပြီး [illegible] ဘေးအန္တရာယ်တွေအထဲမှာ မိမိတာဝန်ကို ဦးဆောင် [illegible] မပျက်မကွက် ထမ်းဆောင်

နိုင်ဘို့ရန် အလွန်ကြံ့ခိုင်တဲ့ စိတ်ဓါတ်နှင့် သတ္တိရှိဘို့လိုတယ်။ စစ်ခေါင်းဆောင် အနေနှင့်ဘေးဥပါဒ်ဆိုတဲ့ အန္တရာယ်ထဲမှာ ပါဝင်ရုံ မဟုတ်ဘူး၊ မမှားမယွင်းရအောင်တက်မ,ကိုင်ပြီး ရှေ့ဆောင်ရတဲ့အတွက်၊ ပို၍သာ၍ စိတ်ဓါတ်ကြံ့ခိုင်ဘို့၊ သူရသတ္တိရှိဘို့ လိုတယ်။

ဒုတိယစစ်ရဲ့ လက္ခဏာကတော့ စစ်ဆိုတာဘေးဥပါဒ် အန္တရာယ်ကိုသာ ရင်ဆိုင်ရတာမဟုတ်ဘူး စစ်ဆိုတာ ရုန့်ရင်းကြမ်းတမ်းပြီး များပြားလှသော အကြပ်အတည်း၊ အဘားအဆီးများဖြင့် ပြွန်းတီးလျက်ရှိတယ်။ ပြင်းထန်သော ရာသီဥတုဒဏ်အ နေ့ညမရှောင်ဖြစ်ပျက်လာတဲ့ အခြေအနေကို ရင်ဆိုင်နပန်းလုံးရတယ်။ စစ်ဆိုတာ ရသမျှအခွင့်အရေးကို အစွမ်းကုန် အားထုတ်ပြီး၊ ရနိုင်သလောက် အချိန်နှင့် ပေါ့ပ်ရတယ်။ အခြေအနေအလိုက် ပြင်းထန်စွာ အားထုတ်ရတယ်။ ဒါ့ကြောင့် ဒုတိယလက္ခဏာဟာ စစ်ဆိုတာ ကိုယ်ခန္ဓာအင်အားနှင့် ရင်းပြီး ပြင်းထန်စွာ ကြိုးစားအားထုတ်ရတယ်။

ဒီလိုရုန့်ရင်း ကြမ်းတမ်းပြီး၊ ကာယအင်အားနှင့် ပင်ပန်းကြီးစွာ အားထုတ်နိုင်ဘို့အတွက်၊ "ပြင်းထန်သော လုံ့လဝီရိယ"မရှိဘဲနှင့် မဖြစ်နိုင်ဘူး၊ တဖန်လုံ့လဝီရိယကို အမြဲစေ့ဆော်စေဘို့ ကြီးမားသော စိတ်ဆန္ဒပြင်းပြမှုနဲ့ ရှိဘို့လဲလိုအပ်တယ်။

တတိယ လက္ခဏာကတော့၊ စစ်ဆိုတာဟာ ဘယ်တော့မှ ရှင်းရှင်း လင်းလင်းမြင်ရတာမဟုတ်၊ မခရေရာမသေချာတာတွေနှင့် ပိတ်ဖုံးနေတယ်။ မတော်တဆ မမျှော်လင့်ဘဲဖြစ်တတ်တဲ့ အရေးအခင်းတွေနှင့် ပြည့်နှက်နေတယ်။ အထူးသဖြင့် စစ်ဆိုတာမှာ၊ အလွန်ထူးဆန်းအံ့သြဘွယ်ကောင်းတဲ့ လူတို့ရဲ့စိတ်နှင့်ဉာဏ်ပညာတွေ ပါဝင်တယ်၊ စစ်မှာမှန်းဆရန် အခက်ဆုံးဟာ တဘက်ရန်သူရဲ့စိတ်နှင့်ပတ်သက်ပြီး ဘယ်လိုပြောင်းလဲ နိုင်သလဲဆိုတာ အခက်ဆုံးဘဲ၊ ဒါကြောင့် မမျှော်လင့်တာတွေ ရုတ်တရက်ရှောင်တခင် တွေ့ရတာတွေဟာ ဘယ်ကိစ္စမှာမှ စစ်မှာလောက်မရှုတ်ထွေးဘူး။

စစ်မှာမမျှော်လင့်ဘဲ အခရေးတကြီး အားထားရတဲ့ တပ်မှူးတယောက် ကျဆုံးသွားခြင်းဖြင့် အခြေအနေကို များစွာထိခိုက်နိုင်

တယ်။ နောက်ပြီး ယခုခေတ်မှာ ရာသီဥတုကို အတော်ခန့်မှန်းနိုင်တယ်ထားအုံးမပြည့်စုံဘူး၊ မမျှော်လင့်ဘဲ၊ ရာသီဥတု တိမ်ခဲဘောင် တိမ်ခဲပြောင်းလဲရုံနှင့် တမျိုးတဖုံ အခြေဆိုး အနေဆိုး ဖြစ်စေတယ်၊ နောက်ပြီး တဘက် သတင်းရရှိခြင်းဟာလဲမပြည့်စုံ၊ မမှန်ကန်၊ အချိန်လဲနောက်ကျ–စသည်ဖြင့် မရေမတွက်နိုင်သောမမျှော်လင့်တာတွေ မသေချာတာတွေ ပြည့်နှက်နေတယ်၊ တဖန်တဘက်ရန်သူရဲ့ လက်ဦးမှုကြောင့်ဖြစ်လာတဲ့ ခြိမ်းခြောက်မှုများ၊ နှောက်ယှက်မှုများရဲ့ လွှမ်းမိုးခြင်းလဲခံရတယ်။ ဒါကြောင့် မကြာခဏ မှန်ကန်တဲ့လမ်းမှသွေဖီပြီး၊ ခြောက်ကမ္ဘားကို ကျရောက်နိုင်တယ်။

ဒီလိုရှုတ်ခထွေးပွေလီပြီး အရာရာအမြဲပြောင်းလဲဖြစ်ပေါ်နေတဲ့ လေမုန်တိုင်းကြီးထဲက အောင်ပွဲတည်းဟူသော တဘက်ကမ်းကို ကူးခတ်သွားနိုင်ဘို့ရာ၊ စစ်ခေါင်းဆောင်မှာ “ကြွယ်ဝတဲ့ အတွေ့အကြုံကို အရင်းခံတဲ့ လျှင်မြန်ဖြတ်လတ်သည့် အသိပညာဆိုတဲ့ အလင်းရောင်”မရှိဘဲ၊ အမှန်ဘက်ကို အနီးကပ်ဆုံးပေးနိုင်မဲ့ ဆုံးဖြတ်ချက်မျိုးကို ချနိုင်မှာမဟုတ်ဘူး။

ပြဿနာတွေဟာ ရှုတ်ထွေးပြီး၊ မရေမရာမသေချာ မတော်တဆဖြစ်တာတွေ ဘယ်လောက်ဘဲရှိပါစေ၊ အဖြစ်အပျက်တို့ဟာ မသိနိုင်လို့သာ၊ ခက်ခဲ နက်နဲခြင်းဖြစ်တယ်။ တကယ်တော့၊ သူ့သဘာဝအတိုင်းဖြစ်နေကြတာဘဲ၊ ဒီသဘာဝတရားကို အတွေ့အကြုံ ပညာဗဟုသုတရင့်ကြက်ပြီး နက်နဲစွာစံနစ်တကျစဉ်းစားတတ်တဲ့ စစ်ခေါင်းဆောင်ဟာ၊ ရသမျှသတင်း အခြေအနေပေါ်မှာ မူတည်ပြီး အမှန်ကို ရှာဖွေရမှာဘဲ၊ တွေးကြည့်လျှင် ပြေးကြည့်တာထက် မှန်တယ်ဆိုတဲ့ ပညာရှိလိုဖြစ်ရမှာဘဲ၊ ပညာရှိပြီးသကင်းကောင်းကောင်းရလေ၊ အမှန်ဘက်ကို မြင်လေလေ ဖြစ်ရမှာဘဲ။

တဖန် အသိပညာရှိရုံနှင့် မလုံလောက်သေးဘူး၊ သံသယဖြစ်ချက်တွေ၊ မသေချာမရေရာမှုတွေ သွေဖီမှုကို သွေးဆောင်နေတဲ့ အခြေအနေတွေ အကြားထဲက မိမိရဲ့မှန်ကန်လိမ့်မည်လို့ ယူဆရတဲ့ ထင်မြင်ချက်ကို ရဲရင့်စွာ လျှင်မြန်သော အချိန်အတွင်း ဆုံးဖြတ်

ချက်ချနိုင်ဘို့ အင်အားကြီးမားတဲ့စိတ်ဓါတ်နှင့် သတ္တိရှိဘို့လိုတယ်။ ဘာကြောင့်ဆိုလျှင် စစ်ကိစ္စမှာ ဆုံးဖြတ်ချက်တခုဆိုတာ သေခြာတာမဟုတ်၊ အနဲအများစွန့်ပြီးဆုံးဖြတ်ရတယ်။ ဒီနေရာမှာစစ်ဆိုတာ ဘေးဥပါဒ်အကြားထဲမှာ အနာဂါတ် ကြားမှာ အဆိုးအကောင်းကို ဖန်တီးမဲ့ဆုံးဖြတ်ချက်ကို မရေရာမသေချာဘဲနဲ့ ‘ချ’လိုက်ရတာဟာ လွယ်လာမဟုတ်၊ အတွေ့အကြုံ အရင်းခံတဲ့ ပညာနဲ့ သတ္တိကြီးမားဘို့လိုတယ်။

ထို့ကြောင့် စစ်ပွဲကို ဦးစီးခေါင်းဆောင်နိုင်ဘို့ရာ ပြန်၍ချုပ်ကြည့်လျှင်။

(က) စစ်ဆိုတာ ဘေးဥပါဒ် အန္တရာယ်နှင့် ရင်နှီးရတဲ့အတွက် စိတ်ဓါတ်ကြံ့ခိုင်မှု သူရသတ္တိရှိမှုလိုတယ်။

(ခ) နောက်–စစ်သည် ရုန့်ရင်းကြမ်းတမ်းသောဘဝနှင့် အကြပ်အတည်း အခက်အခဲများကို ရင်ဆိုင်ရတယ်။ ဒါကြောင့် လုံ့လဝီရိယရှိဘို့ စိတ်ဆန္ဒ အင်အားကြီးမားဘို့ လိုတယ်။

(ဂ) တဖန်စစ်ဆိုတာ မသေချာမရေရာမတော်တဆ မမျှော်လင့်ရတဲ့ အရေးအခင်းတွေစတဲ့ လေမုန်တိုင်းကြီးထဲမှာ ကျင်လည်ရတယ်၊ ဒီအထဲမှာ အမှန်ဘက်ကို များတဲ့ဆုံးဖြတ်ချက်ကို ချနိုင်ဘို့ရာ အတွေ့အကြုံကို အရင်းခံတဲ့ ထိုးထွင်းရှုနိုင်စွမ်းရှိတဲ့ အသိပညာနှင့် ရဲရင့်စွာ စိတ်ပြဋ္ဌန်းနိုင်စွမ်းမှု ရှိဘို့လိုတယ်။ ချုပ်လိုက်လျှင် (က) စိတ်ဓါတ်ကြံ့ခိုင်မှု (ခ) လုံ့လဝီရိယကြီးမားဘို့ (ဂ) ပညာဗဟုသုတ ရှိဘို့လိုတယ်။

တဖန် ဒီ ၃-ချက်ဟာ တဦးနှင့်တဦး၊ မှီခိုရောထွေးရှက်စပ်နေတယ်။ (က) စိတ်ဓါတ်ကြံ့ခိုင်မှု၊ သူရသတ္တိရှိမှုဟာ ဘေးဥပါဒ်ကို သာ ရင်ဆိုင်နိုင်ရုံသာမက၊ လုံ့လ ဝီရိယကို စေ့ဆော်စေတယ်။ တာဝန်ကိုယူရဲသော စိတ်ဓါတ်ကို ပွားများစေတယ်၊ အမျိုးမျိုးသော စစ်ရဲ့သွေဖီမှု၊ သွေးဆောင်မှုနောက်ကို မပါဘဲ တည်ငြိမ်မှုကို ဖြစ်စေတယ်။ ရှုပ်ထွေးပွေလီသော စစ်ပွဲအတွင်းမှ မှန်ကန်တယ်ထင်တဲ့ဆုံးဖြတ်ချက်ကို ရဲရင့်လျှင်မြန်စွာ ချနိုင်စေတယ်။

(ခ) လုံ့လ ဝီရိယကြီးမားခြင်းဟာ စစ်ရဲ့ကြပ်တီး ရုန်းရင်းကြမ်းတမ်းသော ဘဝကို ရင်ဆိုင်နိုင်ရုံမက၊ လုံ့လရှိသူသည် ကျရောက်သော တာဝန်ကို ကြေပြွန်စေနိုင်တယ်။ တာဝန်လေးစားသော စိတ်ဓါတ်ရှိသူသာ သူရသတ္တိရှိသူဖြစ်နိုင်တယ်၊ အောင်ပွဲကို ပါ-ရနိုင်တယ်။ တဖန်ပညာရှိဘို့ဆိုတာ၊ စစ်မတိုက်မီရော စစ်အတွင်းမှာရော လုံ့လအားထုတ်ပြီး ကြိုးစားရှာဖွေရတယ်။ အမှန်အားဖြင့် သူရသတ္တိရော၊ ပညာရော၊ အရင်းခံဟာ လုံ့လဝီရိယ ရှိမှသာရနိုင်တယ်။

(ဂ) အတွေ့အကြုံအရင်းခံတဲ့ အသိပညာ စူးရှမှုဆိုတာဟာ လေမှုန်တိုင်းထဲက အလင်းခရောင်လမ်းစကို ရှာပေးနိုင်စွမ်းရှိရုံမက၊ လုံ့လထုတ်ရာမှာ မလိုတဲ့လမ်းမှားကို သွေဖီမသွားအောင် အမြဲထိန်းသိမ်းပေးတယ်။ ပညာရှိသူသည် အတွေ့အကြုံ ရှိသူလည်းဖြစ်ရာ၊ ကြောက်ခမန်း၊ လန့်ခမန်း၊ ဘေးဒုက္ခပင်လယ်ကြီးထဲမှာ အမြဲဖြစ်ပေါ်နေတဲ့ အန္တရာယ် အတိမ်အနက်ကို တွေးခေါ် မျှော်နိုင်မှုရှိ၍၊ ခြေမကိုင်မိ လက်မကိုင်မိဖြစ်လိမ့်မည်မဟုတ်၊ စိတ်တည်ငြိမ်စွာ ပြဿနာကို ရှာဖွေရှေ့ဆောင်လိမ့်မည်။ တဖန်ပညာရှိလေ တာဝန်ကိုလေးစားသော အထက်တန်း စိတ်ဓါတ်ရင့်ကြက်လေဖြစ်တယ်၊ လုံ့လ ဝီရိယရှိလေဖြစ်တယ်။

ထို့ကြောင့် အထက်ကပြောခဲ့တဲ့ စိတ်ဓါတ်ကြံ့ခိုင်ပြီး သူရသတ္တိရှိဘို့၊ လုံ့လဝီရိယရှိဘို့၊ အတွေ့အကြုံအရင်းခံတဲ့ ပညာဗဟုသုတရှိဘို့ဆိုတဲ့ ၃-ချက်ဟာစစ်ခေါင်းဆောင်ကောင်းတယောက်ဖြစ်ဘို့ မရှိမဖြစ်၊ လိုအပ်တဲ့ အချက်တွေဘဲ။ စစ်အရှုံးအနိုင်ဟာ ၂-ဦး ၂-ဘက်တည်ရှိနေတဲ့ ရုပ်ပစ္စည်းအင်အားစွမ်းပကား အပေါ်မှာတည်ရှိနေတဲ့ အချက်ကို မငြင်းနိုင်ဘူး၊ ဒါပေမဲ့ ဒီအချက်ဟာ မပြည့်စုံဘူး၊ စစ်အင်အားသာမကဘူး၊ စစ်ကိုညွှန်ကြားနေတဲ့ခေါင်းဆောင်ပေါ်မှာလဲတည်တယ်။ စစ်ခေါင်းဆောင်တယောက်ကို မဖြစ်နိုင်တဲ့ ကိစ္စကိုစွမ်းခဆောင်ပေးနိုင်ဘို့ မမျှော်လင့်နိုင်သော်လည်း၊ ၎င်း

ဟာ ဖြစ်နိုင်သော အလားအလာအတွင်းမှာ ဖြစ်အောင်ရှေ့ဆောင်နိုင်စွမ်းရှိရမည်သာဖြစ်တယ်။

ကဲ-ရဲဘော် အရာရှိများခင်ဗျား၊ အထက်က ၃-ချက်ကို ဘယ်လိုတိုးတက် ဖွံ့ဖြိုးလာအောင် ကျွန်တော်တို့ ကြိုးစားရမလဲဆိုတာဆက်ပြီး ထပ်ခလောင်း ပြောလိုပါတယ်။

ပဌမစိတ်ဓါတ်ကြံ့ခိုင်ပြီး သူရသတ္တိရှိဘို့ကို ပြောလိုတယ်။ သူရသတ္တိ ၂-မျိုးရှိကြောင်း အားလုံးလက်ခံကြတယ်။ ပဌမက **Physical Courage** ခေါ်တဲ့ ကာယ သတ္တိနဲ့ **Moral Courage** ခေါ်တဲ့နှစ်လုံးရည်သတ္တိဖြစ်တယ်။ ကာယ သတ္တိဆိုဘာ မွေးဇာတိပါသတ္တိဖြစ်တယ်၊ ကျရောက်လာတဲ့ဘေးဥပါဒ်အန္တရာယ်မှ ရဲရင့်ခြင်းဖြစ်တယ်။ ဒီလိုသတ္တိမျိုးကို အများအားဖြင့် သဘာဝနှင့်ခက်ခဲစွာ ရင်ဆိုင်ပြီး၊ အသက်မွေးဝမ်းကြောင်းရှာကြရတဲ့ နေရာဒေသက လူတွေမှာ ပိုပြီးတွေ့နိုင်တယ်။ ရှေးခေတ်လူရိုင်းများမှာ တော်ရုံတန်ရုံ ဘေးအန္တရာယ်ကို နေ့စဉ် လုပ်ငန်းကိုင်ငန်းလိုဘဲ သဘောထားကြတယ်။ အချို့သော လူယဉ်ကျေးထဲမှာလဲ ဒီလိုကာယသတ္တိရှိတဲ့ ပုဂ္ဂိုလ်တွေလဲရှိတာ တွေ့ရတယ်။ ဒီကာယသတ္တိဟာ စစ်မှာ အလွန်လိုတတ်တဲ့ သတ္တိဘဲ၊ ခဏတဖြုတ်၊ ဂမူးရှူးထိုး သတ္တိမျိုးမဟုတ်ဘူး။ ထာဝရတည်မြဲတဲ့သတ္တိတမျိုးဘဲ။

ဒုတိယ **Moral Courage** ဆိုတဲ့ နှစ်လုံးရည်သတ္တိကတော့ အထက်တန်းကျတဲ့ အသိပညာနှင့်ယှဉ်ပြီး မိမိတာဝန်ကို နားလည်ခြင်း၊ တာဝန်မှ ရဲရင့်ခြင်းနှင့် **Sense of Duty** တာဝန်ကို မဖြစ်မနေ မည်သည့်ဘေးအန္တရာယ်မှ မမှုဘဲဆောင်ရွက်ခြင်းဖြစ်တယ်။ ဒီလိုသတ္တိမျိုးဟာ ပညာပါရမီရင့်သူ၊ မျိုးချစ်စိတ်ပြင်းထန်သူ၊ စာရိတ္တကြံ့ခိုင်သူတို့မှာသာ ပေါ်ပေါက်နိုင်တယ်၊ ပညာပါရမီဟာ အရေးကြီးသော်လဲ၊ ပညာရှိဘိုင်းလဲ ဒီသတ္တိမရှိနိုင်ဘူး၊ ကျွန်တော့အယူအဆအရ မျိုးချစ်စိတ်နှင့် ကိုယ်ကျင့်သိက္ခာဟာ ပိုပြီးအရေးကြီးဘယ်လို့ယူဆတယ်။

ဒီ **Moral Courage** နှစ်လုံးရည် သတ္တိဟာ ကာယ

သတ္တိထက် မြင့်မြတ်တယ်၊ လမ်းမှန်ကို ပို့ဆောင်တယ်။ ဒါပေမဲ့ ကာယသတ္တိဟာ ထာဝစဉ်ပိုင်ဆိုင်ထားနိုင်တယ်။ ရာထူးငယ်သူများမှာ ကာယသတ္တိပိုလိုတယ်။ ကြီးမြင့်သူများဟာ နှလုံးရည် သတ္တိပိုလိုတယ်။ ဒါပေမဲ့ ကြီးမြင့်သူများဟာ ကာယရော၊ နှလုံးရည်သတ္တိပါ ၂-ခုစလုံးရှိဘို့လိုတယ်။

ဒီနေရာမှာသူရသတ္တိလို့ထင်ရတဲ့ အချက်တချက်ရှိသေးတယ်၊ ဒါကတော့ "ခေါင်းမာမှု" Obstinacy ဖြစ်တယ်။ ခေါင်းမာမှုဟာ သတ္တိရှိခြင်း၊ စိတ်ဓါတ်ကြံ့ခိုင်ခြင်းကို တမျိုးဖြစ်စေတာကတော့ မှန်တယ်။ ဒါပေမဲ့ သူရဲ့အန္တရာယ်များလှတဲ့ ချို့ယွင်းချက်ကတော့ ကောင်းမွန်မှန်ကန်တဲ့၊ ကြိုးကြောင်းဆီလျော်ဘို့ အယူအဆများကို ဘေးဖယ်တွန်းလှန်ဘို့သဘောရှိတယ်။ သိနားလည်မှုနှင့် ချင့်ချိန်မှု မဟုတ်၊ သက်သက်ခေါင်းမာမှု အယူသည်းမှုသာဖြစ်တယ်၊ ဒါကို ကျွန်တော်တို့မလိုလားအပ်ဘူး။ အထူးသဖြင့် စစ်ခေါင်းဆောင်တွေ မလိုလားအပ်ဘူး။ စစ်ခေါင်းဆောင် တွေဟာ လာမဲ့ဘေး ပြေးတွေ့ခဲ့ရမယ်။ တဖန် ကျွန်တော်ဟာ ကာယသတ္တိနဲ့နှလုံးရည်သတ္တိကို စေ့ဆော်ပို့ဆောင်စေဘို့အချက်တွေကို အနည်းငယ်ပြောပြချင်တယ်။ လူတိုင်းမှာ ကာယသတ္တိရော၊ နှလုံးရည်သတ္တိရော၊ အနဲအများရှိကြတယ်၊ ဒါကို ရင့်ကြက်သထက် ရင့်ကြက်လာအောင်စေ့ဆော်စေတဲ့ အချက်တွေရှိတယ်။

ပဌမကတော့ လူတဦးတယောက်ရဲ့၊ လောဘ–ဒေါသ-မောဟ–မာန၊ မုန်းတီးရွံရှာမှုနှင့် ဂုဏ်ပကာသနကို တပ်မက်မှုအချက်တွေဟာ သူ့နေရာနှင့်သူအခိုက်အတန့် သတ္တိပွားစေတယ်။ ဒါပေမဲ့ဒီနေရာတွေဟာ ကာယသတ္တိကိုသာ ပွားစေတယ်။ ပင်ရင်းကာယသတ္တိလောက်လဲ မြတ်တာမဟုတ်ဘူး။ ဂမ္ဘီးရှုံးထိုးဆန်တယ်။ လမ်းမှားစေတယ်။ စစ်ခေါင်းဆောင်အနေဖြင့် မလိုလားအပ်ပေမဲ့ နောက်လိုက်များအဘို့ သူ့နေရာနှင့်သူအထိမ်းအအုပ်နှင့် လိုသင့်သလောက်လိုတာဘဲ။

ဒုတိယတော့ မျိုးချစ်စိတ်နှင့် မိမိဂုဏ်သိက္ခာကိုရိုသေမှု၊ ဒီ ၂ ချက်ဟာ ကာယရော၊ နှလုံးရည်သတ္တိပါ တိုးပွားစေတယ်၊ မြင့်မြတ်တဲ့စိတ်ထားလဲ ဖြစ်စေတယ်။ ဒီ ၂–ချက်မှာ မျိုးချစ်စိတ်ဟာ ပိုပြီးအရေးကြီးတယ်၊ သဘာဝကျတယ်၊ လူဘို့မှာ မျိုးချစ်စိတ်ဟာ မွေးကထဲကပါလာတဲ့ စိတ်ဓါတ်ဖြစ်တယ်။ ဒီစိတ်သာမရှိရင် ဤကမ္ဘာဟာ ဤမျှစည်ပင်သာယာမှာ မဟုတ်ဘူး။ ကမ္ဘာ့သမိုင်းမှာ အားကြီးသူဟာ အားနဲသူကို အမြဲဖိနှိပ် ညှင်းဆဲခဲ့တာဘဲ။ အားနဲသူ လူမျိုးငယ်တွေ တိမ်ကောပျောက်ပျက် မသွားတာကတော့ ကြီးကျယ်လှတဲ့ လူဘို့ရဲ့ ဇာတိပါမျိုးချစ်စိတ်ဓါတ်ကြောင့်ဖြစ်တယ်။ ဒီစိတ်နှင့်တလျောက်လုံးခုခံကာကွယ်ခဲ့လို့ယခုကမ္ဘာကြီး ဒီအခြေရောက်နေတာဘဲ၊ အားကြီးသူဟာအားနဲသူကို ထင်သလိုမစော်ကားရဲတာဟာ မျိုးချစ်စိတ်ကြောင့်ဘဲ၊ မျိုးချစ်စိတ်ဟာ ဘေးအန္တရာယ်မှ ရဲရင့်ခြင်းကိုလဲ ဖြစ်စေတယ်။ ကျရောက်လာတဲ့ တာဝန်မှလဲ ရဲရင့်စေတယ်။ ကျွန်တော့ အယူအဆအရ ကာယသတ္တိရော၊ နှလုံးရည်သတ္တိရော၊ အကျိုးပြုရာ မဏ္ဍိုင်ဟာ မျိုးချစ်စိတ်လို့ယူဆတယ်။ ဒါကြောင့်စိတ်ဓါတ်ကြံ့ခိုင် သတ္တိပြည့်ဖြိုးဘို့ နည်းလမ်းမှာ အကြီးဆုံးအချက်ဟာ မျိုးချစ်စိတ်မွေးမြူဘို့ အရေးအကြီးဆုံးလို့ယူဆတယ်။

တတိယစိတ်ဓါတ်ကြံ့ခိုင်ပြီး သူရသတ္တိပွားစေတဲ့ အချက်ကတော့ အတွေ့အကြုံဗဟုသုတဖြစ်တယ်။ အတွေ့အကြုံရှိသူဟာ အန္တရာယ်တိုင်းကို ကြောက်မည်မဟုတ်ဘူး။ အန္တရာယ်ရဲ့ အတိမ်အနက်ကိုလဲ ထိုးဖေါက်မြင်နိုင်စွမ်းရှိတယ်။ ဒါကြောင့်စိတ်တည်ငြိမ်မှုကိုလဲဖြစ်စေတယ်။ ဥပမာ-သေနပ်သံကြားရတဲ့ စစ်သားတယောက်နှင့် အရပ်သားတယောက်ဟာ ထိတ်လန့်ကြောက်ရွံ့ခြင်း စိတ်ဟာခြားနားလိမ့်မယ်၊ စစ်သားအဘို့ သေနပ်သံဟာ ဘယ်လိုသေနပ်မျိုး၊ ဘယ်နေရာကဘယ်လိုပစ်သည်၊ ဘာကြောင့်ပစ်လိမ့်မယ်၊ မိမိအတွက် အန္တရာယ်ရှိနိုင် မရှိနိုင်၊ ရှိနိုင်လျှင် ဘယ်လောက်သာ ဘယ်လိုအန္တရာယ်မျိုးဖြစ်နိုင်မယ်၊ ဒီအန္တရာယ်ကို ဘယ်လိုရှောင်တိမ်းနိုင်သည်တို့ကို တမုဟုတ်ခြင်း မိမိအတွေ့အကြုံနှင့် စဉ်းစားနိုင်စွမ်းရှိလို့ ရဲလွန်အ

မင်းကြောက်ရွံ့ထိတ်လန့်လိမ့်မယ် မဟုတ်ဘူး။ အရပ်သားမှာတော့ အတွေ့အကြုံနှင့်ခစဉ်းစားနိုင်လို့ အလွန်အမင်းကြောက်ရွံ့လိမ့်မယ်၊ အလားတူ စစ်အတွေ့အကြုံရှိသူဟာ တော်ရုံတန်ရုံ-အကြပ်အတည်းနှင့် ဘေးဥပါဒ်များကို ရင်ဆိုင်နိုင်ရုံမက၊ လေမုန်တိုင်းထဲက အလင်းရောင်ကို ရှာဖွေရာမှာစိတ်တည်ငြိမ်မှုကိုရော၊ ပညာအလင်းကိုရော ထောက်ပံ့လိမ့်မယ်။

စတုတ္ထစိတ်ဓါတ်ကြံ့ခိုင်ဘို့စေ့ဆော်စေတဲ့အကြောင်းကတော့ အရေးအကြီးဆုံးဖြစ်တဲ့ Moral Courage နှင့် ယှဉ်တဲ့တာဝန်ကို လေးစားမှုဖြစ်တယ်၊ အတွေ့အကြုံရှိသူတယောက်ဟာ သူတွေ့ကြုံတဲ့ အသိုင်းအဝိုင်း အတွင်းလောက်မှာသာ ရဲရင့်ပေမည်။ မျိုးချစ်စိတ်ရှိသူ တာဝန်နားလည် လေးစားသူများမှာ နေရာတကာ ကျရောက်သော တာဝန်မှာ ရဲရင့်ကြံ့ခိုင်မှုရှိလိမ့်မည်။

ပြန်ကြည့်ရင် ကာယသတ္တိနဲ့ နှလုံးရည်သတ္တိကို စေ့ဆော်စေတဲ့ အကြောင်းတွေမှာ (က) ဇာတိပါ ကာယသတ္တိ၊ (ခ) လောဘ၊ ဒေါသ၊ မာန၊ မုန်းတီးမှု၊ ဂုဏ်ပကာသန တပ်မက်မှု၊ (ဂ) အတွေ့အကြုံ၊ (ဃ) ဂုဏ်သိက္ခာ၊ (င) မျိုးချစ်စိတ်၊ (စ) တာဝန်ရှိသေစိတ်စသည်တို့ဖြစ်တယ်။ ဇာတိကာယသတ္တိနှင့် အတွေ့အကြုံအရ ရင့်ကျက်ဘို့ဆိုတာတွေကို စစ်လေ့ကျင့်ခန်းများမှာ တစိပ်တဒေသ ထည့်သွင်း လေ့ကျင့်ပေးနိုင်တယ်။ စစ်လေ့ကျင့်ခန်းမှာ အခနအထိုင်ရော လေ့ကျင့်ရေးပါ ခက်ခဲကြမ်းတမ်းပြီး စနစ်တကျလေ့ကျင့်ပေးခြင်းဖြင့် ဇာတိပါကာယသတ္တိရှိတဲ့လူတွေလို တော်ရုံတန်ရုံ ဘေးဒုက္ခကို မမှုတဲ့စိတ် တိုးပွားနိုင်တယ်။အလားတူ အတွေ့အကြုံကြောင့် တိုးပွားရရှိနိုင်တဲ့ သတ္တိရှိဘို့လဲ စစ်လေ့ကျင့်ခန်းတွေမှာ တတ်နိုင်သမျှ စစ်ပွဲနှင့်တူအောင် စနစ်တကျ တကဲ့အတွေ့အကြုံနှင့် နီးစပ်နိုင်သမျှ နီးစပ်အောင် စစ်မြူဟာ ခင်းကျင်းသင်ကြားပေးခြင်းနှင့်လဲ တစိပ်တဒေသ ရနိုင်တယ်။

နောက်အရေးအကြီးဆုံးဖြစ်တဲ့ တာဝန်ကို ရိုသေဘို့-တာဝန်အပေါ်မှာ မတွန့်မဆုတ်ဘို့-ဆိုတာကို မျိုးချစ်စိတ်ဓာရိတ္တ ပညာတို့

ဖြင့်သါမက တစုံတခုသောါတွန်းထိုးမောင်းနှင်သော (Force) အါးဖြင့် ရစေနိုင်တယ်။ ၎င်းမှာအလေ့အကျင့် လုပ်ပေးခြင်းဖြစ်တယ်။ ဒါကတော့ စစ်တပ်မှာ မရှိမဖြစ်တဲ့ စည်းကမ်းပဲ၊ စည်းကမ်းဆိုတာဟာ တာဝန်ခွဲဝေပြီး မိမိဝေငုကျရာ တာဝန်က ဦးလည်မသုံဆောင်ရွက်ဘို့ဘဲ၊ ဒါကိုသတိထားပြီး လုပ်လေ့လုပ်ထဖြစ်နေအောင် ကြပ်မတ်ပေးရမယ်။ နောက်-မျိုးချစ်စိတ်,မိမိဂုဏ်သိက္ခာရှိသေမှု,စာရိတ္တကောင်းမှု,စတဲ့ အချက်တွေကလဲ၊ တပ်တွင်းမှာ ပညာပေးခြင်းဖြင့်ရနိုင်တယ်။ အထူးသဖြင့်၊ ကျွန်တော်တို့ တပ်မတော်ကြီးဟာ မျိုးချစ်စိတ်ကပေါက်ဖွားလာတဲ့ တပ်ဖြစ်လို့ ဒီအရေးကြီးတဲ့ စိတ်ကိုသွင်းပြီးထိန်းသိမ်းခိုင်မြဲစေဘို့ မခဲယဉ်းဘူး။

ဒုတိယစစ်ရဲ့ အခက်အခဲအကြပ်အတည်း ရှုန်းရင်းကြမ်းတမ်းမှုကို ရင်ဆိုင်နိုင်ဘို့ရန် ပြင်းထန်သော လုံ့လဝိရိယရှိဘို့ လိုတယ် ဆိုတာပြောခဲ့တယ်။ ဘယ်လိုလုံ့လဝိရိယကို တိုးပွားအောင် လုပ်ရမယ်ဆိုတာပြောလိုတယ်။လုံ့လဝိရိယဆိုတာ Moral Courage အရင်းခံတဲ့ တာဝန်ကိုသိနားလည်ပြီး တာဝန်ရှိသေ လေးစားမှုနှင့် စိတ်ဆန္ဒကြီးမားတက်ကြွမှုများမှ ပေါက်ဖွားလာတယ်။ တာဝန်ရှိသေပြီး လုံ့လထုတ်ဘို့ကတော့ အထက်ကပြောခဲ့သလို ပညာတည်းဟူသော သိနားလည်မှုဖြင့်၎င်း၊ တပ်တွင်းမှာ စည်းကမ်းရှိသေလေးစားအောင် လုပ်သော အလေ့အကျင့်ဖြင့်၎င်း၊လုံ့လဝိရိယအကျင့်စွဲမြဲလာအောင် လုပ်နိုင်တယ်။အမှန်-လူတယောက်ဟာ လုံ့လဝိရိယလဲရှိ၊ စိတ်ဆန္ဒအင်အားလဲကြီးလျှင်၊ ဘယ်ပြဿနာမဆို ဖြေရှင်းနိုင်ဘို့ မခဲယဉ်းဘူး။

စိတ်ဆန္ဒဓါတ်အားကြီးဘို့ကလဲ ပဌမတာဝန်ကိုသိရှိနားလည်မှုဖြင့် ရိုသေလေးစားတဲ့စိတ်နှင့် မျိုးချစ်စိတ်တို့မှာ အခြေခံတယ်။ ဒီနေရာမှာ ဂုဏ်သိက္ခာ,စာရိတ္တ,ဂုဏ်ပကာသန,စတဲ့အချက်တွေလဲ တစိပ်တဒေသပါဝင်မယ်။ ဒါပေမဲ့ တာဝန်ရိုသေမှုနှင့် မျိုးချစ်စိတ်ဟာ အခရာဘဲ။

နောက် တတိယစစ်ရဲ့ အကျဉ်းအကြပ်-မရေရာ မသေချာ မမျော်လင့်တာတွေ၊မတော်တဆ အရေးအခင်းတွေစတဲ့ ရှုတ်ထွေးလှတဲ့ လေမုန်တိုင်းကြီးထဲမှာ ဘေးကိုသွေဖီမသွားဘဲ၊ အမှန်ဘက် အများဆုံး နီးစပ်တဲ့ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ရန်မှာဆိုလျှင် အတွေ့အကြုံအရင်းခံတဲ့ အသိပညာစုံးရှာဘို့ လိုတယ်။ ဒါကိုဘယ်လိုရှာဖွေရလဲဆိုတာ ပြောဘို့လိုတယ်။

အသိပညာဆိုတာ ရှာဖွေလေ့လာခြင်း (Learning) ဖြစ်တယ်။ ပညာရှာဖွေရာမှာ ၂-ငှာနရှိတယ်။ ပဌမက ကျောင်းများကဖြင့်တယ်။ ဒုတိယက (Self Study) ဆိုတဲ့ မိမိဖါသာ လေ့လာခြင်းဖြစ်တယ်။ လူအများက စစ်ပညာရှာဖွေရေးဟာ ကျောင်းလို့ယူဆတယ်။ စစ်ကျောင်းသည် လေ့လာရှာဖွေးခရေးရဲ့ အဓိကမဖြစ်နိုင်ဘူး၊စစ်သည်တော်တယောက်ရဲ့သက်တန်းဟာ စစ်ကျောင်းတက်ရတဲ့အချိန်ကနဲနဲကလေးဖြစ်တယ်၊ ထိုအချိန်လေးနှင့် ရောင့်ရဲတင်းတိမ်လို့မဖြစ်ဘူး၊ ကျန်သက်တန်း အချိန်အားလုံးမှာ နား၊မျက်စေ့၊ အမြဲဖွင့်ပြီး ရှာဖွေမှသာ ပညာရှိဖြစ်နိုင်မည်။

နောက်တကြောင်းကတော့ စစ်ပညာဆိုတာဟာ အခြားပညာတွေလိုကျောင်းမှာ အတော်အတန်ကြီး တတ်မြောက်အောင် သင်ကြားနိုင်တာမဟုတ်ဘူး၊ တခြားဆေးပညာ၊ အင်ဂျင်နီယာစတဲ့ အတတ်ပညာတွေဟာ ကျောင်းစာသင်ခန်းထဲမှာ လက်တွေ့ခွဲစိတ် (Operation) သင်ကြားလေ့ကျင့်နိုင်တယ်။ စစ်ပညာကတော့ တကယ်စစ်ပွဲကြီးလို ခွဲစိတ်လေ့ကျင့်ပေးနိုင်တာ မဟုတ်ဘူး၊ တတ်နိုင်သမျှစစ်ပွဲအတု လေ့ကျင့်ရေးကိုသာ လုပ်နိုင်ကြတာဖြစ်တယ်။ ဒါကြောင့် ဘယ်စစ်ကျောင်းမှ တခါတည်း ရာထူးကြီးများကို မဖန်တီး မထုတ်လုပ်နိုင်ဘူး။

စစ်ကျောင်းများသည် အငယ်ဆုံးခေါင်းဆောင် တပ်စုမှူး အထိသာဖန်တီးနိုင်တယ်၊ပြီးနောက် အတွေ့အကြုံတလျှို့၊ စစ်ကျောင်းတလျှို့နှင့် အတန်းမြင့်အောင် တဖြည်းဖြည်း မွေးလုပ်ရခြင်းဖြစ်တယ်။ ဒါကြောင့် အများဆုံးပညာလေ့လာ ရမှာကတော့ ကိုယ့်ဟာကိုယ်

လေ့လာခြင်း (Self Study) ကိုအားထုတ်ရမည်။ ဒီလိုလေ့လာရေးမှာ ပဌမက "လက်တွေ့" ဒုတိယက "စာတွေ့" အဓိကနှစ်ပိုင်းရှိပြီး၊ နှစ်ပိုင်းစလုံးအရေးကြီးတယ်။ လက်တွေ့ဆိုတာဟာ သွေး၊ ချွေး၊ ငွေ၊ ပစ္စည်းတို့ဖြင့် ပင်ပန်းကြီးစွာ ရင်းနှီးပြီးယူရတဲ့ ပညာဖြစ်တယ်။ကိုယ်တိုင် အပြန်ပြန်အလှန်လှန် ဝေဘန်သုံးသပ်ပြီး၊ သုံးသပ်ချက်ကိုလဲ လက်တွေ့ချလုပ်ပြီး၊ ကိုယ်တိုင်အဆိုးအကောင်းရဲ့ ရိုက်ပုတ်ခြင်းကို သိတွေ့ခံစားပြီးမှ ရယူထားတဲ့ ပညာဖြစ်တယ်၊ ပိုမိုစွဲလန်းပြီး အနာဂါတ်ပြဿနာတွေ ဖြေရှင်းဘို့အတွက်၊ မိမိကိုယ်ကို မိမိဒိုပြီး ယုံကြည်စိတ်ချတယ်။ ပိုပြီးလျင်မြန်စွာအမှန်ကို စူးရှစွာ ထိုးဖေါက်မြင်နိုင်စွမ်းရှိတယ်။

စာတွေ့ကတော့ စာအုပ်,နေရာ, အချိန်နှင့် မီးတိုင်ရှိလျှင်ရနိုင်တယ်၊ဒါပေမဲ့စစ်ကိုလက်တွေ့ တွေ့ရတဲ့အချိန်ဟာ အလွန်နည်းတယ်၊ စစ်မဖြစ်လျှင် လုံးဝကိုယ်တွေ့ ပညာရနှာမဟုတ်ဘူး၊ စစ်ဖြစ်နေတာတောင် လူတယောက်ဟာ စစ်ပွဲအတွေ့အကြုံကို အမြဲလစဉ် တွေ့ကြုံနေရတာမဟုတ်ဘူး၊ ဒါကြောင့်ကိုယ်တွေ့နည်းနည်းကို စာတွေ့ ဗဟုသုတများများနှင့် တိုးချဲ့ယူရမယ်။

တဖန်ကိုယ်တွေ့ဆိုတာ နယ်ကျဉ်းကျဉ်းကလေးဖြစ်တယ်။ အလွန်ကျဉ်းမြောင်းတယ်၊ စာတွေ့နှင့် တိုးချဲ့ပြီးမယူလျှင် ကျဉ်းမြောင်းသောအတွေးအခေါ်ထဲမှာ အောက်တန်းကျတဲ့လူရိုင်းစစ်ဗိုလ်တွေလို ဖြစ်နေမှာဘဲ။စစ်တိုက်ကြတာဟာ လူရိုင်းခေတ်ကတည်းက တိုက်ကြတာဘဲ၊ ဒါပေတဲ့ ကမ္ဘာကျော် စစ်ခေါင်းဆောင်တွေဟာ ယဉ်ကျေးမှု အဆင့်မြင့်တဲ့ တိုင်းပြည်-အချိန်ကာလမှာမှ ပေါ်ပေါက်တာဘဲ။

တဖန်အချို့ပုဂ္ဂိုလ်တွေက ကိုယ်တွေ့ အရေးမကြီးဘူး၊ စာတွေ့သာ အရေးကြီးတယ်၊ ငါတို့ဟာကိုယ်ပိုင်သွေး၊ ချွေးနှင့်ရင်းနှီးပြီး ပညာမရှာဘူး၊ သူတို့သွေး ချွေးတို့မှ ထွက်လာတဲ့ ပညာအနှစ်ကိုသာ အေးအေး ခံယူမည်ဟုဆိုခဲ့တယ်။ ဒီပုဂ္ဂိုလ်တွေဟာ ဒီစကားတလုံးထဲနဲ့ ပညာမဲ့နေပြီဆိုတာ ထင်ရှားတယ်။ ပြဿနာတခုရဲ့ အဖြေကို ရှာရာမှာ၊ တယောက်သည် မိမိ၏ကိုယ်ပိုင်ညာဏ် လို့လ

ဝိရိယ, သွေး, ချွေး, အချိန်, တို့ဖြင့် ရင်းနှီးအားထုတ်(Struggle)ပြီး၊ရှာဖွေရရှိတယ်။ တယောက်ကတော့ ပြဿနာရဲ့ "အဖြေ"စာအုပ်ကို လှန်ကြည့်ပြီး ရရှိခဲ့တယ်။ ဘယ်သူဟာ တကယ့်ပညာရှိ ဖြစ်မဖြစ်၊ ထိုသူနှစ်ယောက်ကို အလားတူ ပြဿနာသစ်ကြုံသည့်အခါ၊ ဘနည်းအားဖြင့် လက်တွေ့စစ်ပွဲ ကြုံလာတဲ့အခါ၊ ကိုယ်ပိုင်ကြိုးစား အားထုတ်ရတဲ့အခါမှာ လက်ခံတွေ့ရဲ့ အကျိုးကျေးဇူးကြီးမားပုံကို မြင်တွေ့ရပေမည်။

ဤမျှနှင့် ကိုယ်တွေ့နှင့် စာတွေ့၊ တပြန်စီ အကျိုးကျေးဇူးရှိပုံ၊ ပညာရှာဖွေရာမှာ ၂—ဦးစလုံး အသုံးကျပုံတို့ကိုသိလောက်ပြီ၊ ဒါကြောင့်ရှုတ်ထွေးပွေလီတဲ့ စစ်မှန်တိုင်းကြီးကို ကျော်လွှားနိုင်ဘို့ဟာ ဉာဏ်ပညာထက်မြက်ဘို့ အခရေးကြီးကြောင်း၊ ဉာဏ်ပညာကို စာသင်ကျောင်းနှင့် ကိုယ့်ဟာကိုယ် လေ့လာခြင်း အပေါ်မှာမှီရမယ်၊ ကိုယ့်ဟာကိုယ်လေ့လာရေးသည် အဓိကဖြစ်ပြီး၊ တသက်ပတ်လုံးလုပ်ရမည်ဖြစ်ကြောင်း၊ ကိုယ့်ဟာကိုယ် လေ့လာရေးမှာ၊ ကိုယ်တွေ့ရော၊ စာတွေ့ပါ အရေးကြီးတယ်၊ ကိုယ်တွေ့ဟာ ပိုပြီးအရေးကြီးတယ်။

တဖန် ပညာဆိုတာ စာတွေ့ရော၊ ကျောင်းမှာရောရှာဖွေလျှင်ရနိုင်တယ်၊ အတွေ့အကြုံကြွယ်ဝအောင် ဘယ်လိုလုပ်မလဲဆိုတာ ပြဿနာတရပ်ဖြစ်တယ်။ လက်တွေ့ဟာ တန်ဘိုးလဲကြီး၊ ခဲလဲခဲယဉ်းတယ်။ ဒါကြောင့်အခွင့်အရေး ရသလောက်အတွေ့အကြုံကိုယူရမည်။ ရသလောက်အတွေ့အကြုံကို စာတွေ့ဖြင့်တိုးချဲ့ခြင်း၊ ပြန်လှန်စဉ်းစားဝေဘန်ခြင်းဖြင့်၊ ချဲ့ထွင်ခြင်းများပြုလုပ်ရမည်။ လက်တွေ့အ တော်အသင့်ရှိတဲ့လူဟာ စာဘတ်တဲ့အခါ သာခန်လူထက်ပိုပြီး သဘောပေါက်နိုင်တယ်။ ပိုပြီးထိုးထွင်းမြင်နိုင်တယ်။ တဖန်အတွေ့အကြုံရှိသူ၊ ဗဟုသုတကြွယ်ဝသူထဲမှာ အရှက်အကြောက် ဂုဏ်ရာထူးမငဲ့ကွက်ဘဲ၊ ပွင့်ပွင့်လင်းလင်းလေ့လာခြင်း၊ ဆွေးနွေးခြင်းပြုလုပ်ရမည်။ ယခု ခင်ဗျားတို့တပ်တွေ ရောက်တဲ့အခါ ကိုယ်တွေ့အတော်အတန်ရှိကြတဲ့ အရာရှိတွေ၊ အထက်တပ်မှူးတွေနှင့် တွေ့ကြရမည်၊ သူတို့ထံကဆည်းပူးရမည်၊ ဒိပြင်သတိပြုဘို့က လက်အောက်တပ်ကြပ်တွေ၊ တပ်သားတွေထဲမှာ၊ သူတို့ဆိုင်ရာ အတွေ့အကြုံတွေရှိတယ်။ ၎င်းဒီမှာလဲ မရှက်မကြောက် လေ့လာဆည်းပူးကြပါ။

တဖန်စာတွေကတော့ လွယ်ကူစွာ ရနိုင်တယ်ဆိုပေမဲ့၊ မလေ့လာလျှင်မရနိုင်ဘူး၊ တပ်မှူးတွေအဘို့ ဒီအချက်ဟာ အရေးအကြီးဆုံးဘဲ၊ စာဘတ်ပျင်းသူဟာ ဘယ်လောက်ကိုယ်တွေ့ရှိရှိ အထက်တန်းစစ်ပညာရှင်ခေါင်းဆောင် မဖြစ်နိုင်ဘူး။

ယခုအခါ ကျွန်တော်တို့စစ်ခေါင်းဆောင် အရည်အချင်းကို နိဂုံးချုပ်နိုင်ပါပြီ၊ အချိန်လဲနဲလို့ တိုဘိုနိဂုံးချုပ်ပြောပါမယ်၊ စစ်ဆိုတာ ဘာလဲဆိုဟာ လေ့လာ ခဲ့တယ်။ ပဌမ (က) ဘေးဥပါဒ်အန္တရာယ်၊ (ခ) ရုန့်ရင်းကြမ်းတမ်းတဲ့ဘဝ၊ (ဂ) မရေရာမသေချာ ရှုတ်တွေး ပွေလီတယ်။ ဒီလက္ခဏာ ၃-ရပ်ကိုရင်ဆိုင်ပြီး အောင်ပွဲ တည်းဟူသော တဘက်ကမ်းကို ကူးခပ် ရွှေ့ဆောင်နိုင်ဘို့ အတွက်၊ (က) စိတ်ဓါတ် ရဲရင့်ကြံ့ခိုင်ဘို့၊ (ခ) ပြင်းထန်သော လုံ့လဝိရိယ ရှိဘို့၊ (ဂ) ကိုယ်တွေ့အရင်းခံသော လျှင်မြန်ထက်မြက်တဲ့ အသိပညာရှိဘို့လိုတယ်ဆိုတာကို စစ်ထုတ်ပြီး ပြောခဲ့ပြီ။

တဖန်—ဒီ ၃—ချက်ကိုဘယ်လိုရအောင်လုပ်ရမလဲဆိုတာ ခွဲခြမ်းစိပ်ဖြာပြီး စစ်တမ်းထုတ်ကြည့်တော့၊ (က) မျိုးချစ်စိတ်ဓါတ် ကြီးမားအောင်လုပ်ဘို့၊ (ခ) ကျရောက်လာတဲ့တာဝန်ကို လေးစားဘို့၊ (ဂ) အသိပညာကို ပွင့်လင်းစွာရှာဖွေဘို့၊ အမြဲတန်းရှာဖွေနေဘို့ပြောခဲ့ပြီး ဖြစ်တယ်။

စစ်တည်းဟူသော လေမုန်တိုင်းကြီးထဲမှာ အောင်ပွဲခံယူနိုင်ဘို့ လက်နက် ၃—ပါးကို ကိုင်စွဲရမည်။ (က) စိတ်ဓါတ်၊ (ခ) လုံ့လ (ဂ) ပညာ ဖြစ်တယ်။ ဒီလက်နက် ၃ ပါးကိုပိုင်နိုင်ဘို့ရာနည်းကတော့၊

(က)မျိုးချစ်စိတ်၊ (ခ)တာဝန်သေးစားမှု၊ (ဂ)အမြဲဝညာရှာဖွေလေ့လာမှုဖြစ်တယ်။

ဒါတွေဟာ စစ်ခေါင်းဆောင် တယောက်အတွက် အရင်းခံလိုအပ်တဲ့ အချက်တွေဘဲ။

ကဲ–ဒါလောက်ဘဲ ကျွန်တော်ပြောချင်တယ်။ ခင်းဗျားတို့ဟာ အနာဂါတ် ဗမာပြည်အတွက် အားထားရတဲ့ ရာဇဝင်ကပေးတဲ့ စစ်ရေးတာဝန်တွေကို အောင်မြင်စွာဖြေရှင်းနိုင်တဲ့ စစ်ခေါင်းဆောင်တွေ ဖြစ်ပါစေ။

ချောမောစွာ မိမိတာဝန်ကျရာဘပ်စခန်းဌာနများကို ရောက်ကြပါစေဟု ဆုတောင်းပါတယ်။

★

ဗိုလ်မှူးချုပ် ကျော်ဇော

၏

မျိုးချစ်ပြည်သူ့တပ်နှင့် ခါးပိုက်ဆောင်တပ်

၁၉၅၇–ခုနှစ်၊ စက်တဘ်ာလ (၉) ရက်နေ့တွင် ဗမာ့တပ်မတော်တပ်မှူးများညီလာခံတွင် ဝန်းကြီးချုပ်ဦးနုက ပြည်သူ့တပ်နှင့် ခါးပိုက်ဆောင်တပ် ခွဲခြားပြပြီး၊ တပ်မတော်အား တဖွဲ့တပါတီ တပုဂ္ဂိုလ်၏ လက်ကိုင်ဒုတ် ခါးပိုက်ဆောင်စစ်တပ် မဖြစ်စေနှင့်။ ပြည်သူ့ တပ်မတော်အဖြစ် နိုင်မြဲအောင်လုပ်ကြဟူသောမိန့်ခွန်းတရပ် ပေးခဲ့သည်၊ ယင်းမိန့်ခွန်းမှာ အချိန်အခါ အခြေအနေ အရများစွာတန်ဘိုးရှိးသည်။ ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်ကျဆုံးပြီးကထဲက တပ်မတော်တွင် ဤကဲ့သို့ မိန့်ခွန်းမျိုး မရှိခဲ့ပေ။

ထိုမိန့်ခွန်းကိုအကြောင်းပြု၍ ဗိုလ်မှူးချုပ်ကျော်ဇောက ၁၆–၉–၅၇ နေ့တွင်၊ ဆောင်းပါး တစောင် ရေး၍ တိုင်းပြည်နှင့် တပ်မတော်သို့ သတင်းစာများမှ တင်ပြခဲ့သည်။ ဆောင်းပါးမှာ အောက်ပါအတိုင်းဖြစ်သည်။

★

မျိုးချစ်ပြည်သူ့တပ်နှင့် ခါးပိုက်ဆောင်တပ်။

၁၉၅၇-ခုနှစ်၊ စက်တင်ဘာလ(၉)ရက်နေ့ ဗမာ့တပ်မတော် တပ်မှူးများညီလာခံတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏မိန့်ခွန်းသည် အရေးကြီး၍ အချက်အခြာကျလှပေသည်၊ ကျွန်တော်တို့အဘို့ရာ တပ်မတော်ကြီး အတွက် တပါတီ တပုဂ္ဂိုလ် သံသယဇဉ် ကင်းသော မျိုးချစ် ပြည်သူ့တပ်မတော်အဖြစ် ထာဝစဉ်လိုလားခဲ့ရာ၊ ဝန်ကြီးချုပ်၏ မိန့်ခွန်းသည် မျိုးချစ်တပ်မတော် အဖြစ် လိုလားကြသော ပုဂ္ဂိုလ်တိုင်း ဆန္ဒနှလုံးကို တိုက်ရိုက်နှိုးဆော်ပေးရာကျပေမည်။တာဝန်နားလည်ရှိသေသော ပြည်သားတယောက် အနေဖြင့် ဓမ္မဓိဋ္ဌာန်ဖြင့် ကျွန်တော်၏အာသီသကို တင်ပြလိုပါသည်။

သတိရှိဘို့လိုပြီ

ဝန်ကြီးချုပ်၏မိန့်ခွန်းတွင် တပ်မတော်အား တဖွဲ့ တပါတီ တပုဂ္ဂိုလ်တဦး၊တယောက်၏ ဩဇာခံခါးပိုက်ဆောင်စစ်တပ် မဖြစ်စေနှင့်၊စည်းကမ်းဥပဒေကိုရိုသေကြ၊ပြည်သူလူထုကိုချစ်မြတ်နိုးသေါပြည်သူ့တပ်မတော်ကြီး အဖြစ်ကို ခံယူကြဟူသော ဩဝါဒစကားသည် တပ်မတော်ကြီးအတွက် အချိန်အခါ အခြေအနေနှင့် ကိုက်ညီဟပ်မိလှရုံသာမက၊ ထာဝစဉ်လမ်းညွှန်တိုင်း (Sign Post)သဘွယ် သဘောထား၍ ဆောင်ရွက်သွားအပ် ပေသည်။ တပ်မတော်သားတိုင်း ထိုမိန့်ခွန်း၏အဆီအနှစ်ကို နားလည် လေးစားကြရန် လိုအပ်ပေသည်။ တိုင်းပြည်ကလည်း နားလည်သတိရှိဘို့ လိုအပ်ပေသည်။

အကြောင်းမဲ့မပြော

ဤထူးခြားသောမိန့်ခွန်းကိုယခုလိုအချိန်အခါတွင်အကြောင်းမဲ့ပေးခည်မဟုတ်ပေ၊ အကြောင်းစုံကိုမြင်တွေ့နေရသော နိုင်ငံခေါင်းဆောင်တယောက်အနေဖြင့် အချိန်အခါ အခြေအနေအရ ပြောသင့်ပြောထိုက်၍သာ ပြောခြင်းဖြစ်ပေလိမ့်မည်။

ခါးပိုက်ဆောင်တပ်

တဖွဲ့တပါတီ တပုဂ္ဂိုလ်၏လက်ကိုင်ဒုတ်၊ ခါးပိုက်ဆောင်စစ်တပ်သဘောမှာ ပြည်သူလူထုအကျိုးအတွက် ကာကွယ်မည် မဟုတ်၊ ကိုယ်စားပြုရာ အဖွဲ့ ပါတီနှင့်ပုဂ္ဂိုလ်အကျိုးကို ကာကွယ်ပေလိမ့်မည်။ ကိုယ်စားပြုရာပါတီပုဂ္ဂိုလ်သည် ပြည်သူလူထုကိုဆန့်ကျင်ပေလိမ့်မည်၊ မည်သို့သောအကြောင်းကြောင့် ဖြစ်စေ၊ တိုင်းပြည်၏ကြီးမားသော လက်နက်ကိုင်အင်အားစုဖြစ်သည့် ပြည်သူပိုင် တပ်မတော်ကြီးသည်၊ တဖွဲ့တပါတီ တပုဂ္ဂိုလ်၏ ခါးပိုက်ဆောင်တပ်အဖြစ် အကောင် အထည် ရုပ်လုံးပေါ်လာခဲ့သော်၊ ဤတိုင်းပြည်တွင် ဒီမိုကရေစီဆိတ်သုဉ်းပြီး လူဘိုင်း၏လည်ဂုတ်ပေါ် ဒါးဝဲခြင်းခံရဘို့သာ ရှိပေမည်။

ဖက်ဆစ်နိုင်ငံအဖြစ်

တဖွဲ့တပါတီတပုဂ္ဂိုလ်၏လက်ကိုင်ဒုတ် ခါးပိုက်ဆောင်စစ်တပ်သဘောမှာ ပြည်သူလူထု၏အကျိုးအတွက် ကာကွယ်မည် မဟုတ်၊ ကိုယ်စားပြုရာအဖွဲ့ပါတီနှင့်ပုဂ္ဂိုလ်အကျိုးကိုသာကာကွယ်ပေးလိမ့်မည်။ ကိုယ်စားပြုရာ ပါတီပုဂ္ဂိုလ်သည်ပြည်သူလူထုအကျိုးကိုဆန့်ကျင်လျှင်၊ထိုတပ်မတော်သည်လည်း ပြည်သူလူထုကိုဆန့်ကျင်ပေလိမ့်မည်၊ နောက်ဆုံးတွင် တဖွဲ့တပါတီ ပုဂ္ဂိုလ်တဦးအကျိုးအတွက် ဘာမဆိုလုပ်ကြရလိမ့်မည်။ ဤနည်းဖြင့် တစတစ စစ်ဝါဒလွှမ်းမိုးသော ဖက်ဆစ်နိုင်ငံအဖြစ်သို့ ကူးရောက်နိုင်လေသည်။

ဂျပန်ပြည်တွင်

အနီးကပ်ဆုံး မြင်ခဲ့ရသော သာဓကတခုမှာ ဂျပန်ပြည်တွင် စစ်ဘက်က တံခိုးအာဏာတစတစကြီးမားလာပြီး နိုင်ငံရေး အာဏာကိုပါ စစ်ဝါဒလွှမ်းမိုးလာကြ၍ ဖက်ဆစ်နိုင်ငံအဖြစ် ရောက်ခဲ့သဖြင့် ဂျပန်ပြည်အတွက်ငှင်း၊ အာရှတိုက်တတိုက်လုံးအတွက်ငှင်း၊ မည်ကဲ့သို့ အတိဒုက္ခ ရောက်ခဲ့ရသည်ကို မြင်တွေ့ရလေသည်၊ ထို့ကြောင့် ဤအရေးကို သတိပေး ဟန့်တားသော ဝန်ကြီးချုပ်၏မိန့်ခွန်းသည် လူဘိုင်းလေးစားဂရုပြုရန် အရေးကြီးပေသည်။

၁၆-နှစ်သက်တမ်း

တပ်မတော်ကို ပြန်ကြည့်လျှင် လက်ရှိတပ်မတော်ကြီး ပေါ်ပေါက်လာသောသက်တမ်းသည် ၁၆-နှစ်ရှိပေပြီ၊ ထို ၁၆-နှစ်သက်တမ်းကာလအတွင်း တပ်မတော်၏ဘဝဖြစ်စဉ်ကို ဆန်းစစ် ကြည့်စေလိုသည်။

လက်ရှိတပ်မတော်ကြီးသည် ဘေးဘိုးအစဉ်အဆက်က စတင်ပြီး ကျွန်တော်တို့ အမွေရခဲ့သော တပ်မတော်ကြီးမဟုတ်ခဲ့ပေ။ တဖွဲ့တပါတီ၊ တဦးတယောက်က တည်ထောင်ဖွဲ့စည်းခဲ့သော ခါးပိုက်ဆောင် စစ်တပ်လည်းမဟုတ်ခဲ့ပေ၊ ကျွန်တော်တို့ ပြည်ထောင်စုကြီးသည် ဗြိတိသျှလက်အောက် အနှစ် ၁၀၀-ကျော်၊ ကျွန်ဘဝခွေရာက်နေရာမှ ရုန်းထွက်လွတ်မြောက်ရန် လွန်ခဲ့သော ၁၆-နှစ်ကျော်က ပြည်သူလူထု တရပ်လုံးလက်နက်စွဲကိုင်တော်လှန်ကြသော ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီးမှ အဆင့်ဆင့်ပေါက်ဖွားလာပြီး ယခုလက်ရှိတပ်မတော်ကြီး အဖြစ်ကို ရောက်ခဲ့ရပေသည်။

တိုက်ပွဲကြီးများ

တပ်မတော်ကြီးသည် သူ၏ ၁၆-နှစ် သက်တမ်းတွင် ဗမာ့လွတ်လပ်ရေးအတွက်၎င်း၊ လွတ်လပ်ရေးရပြီးနောက် လွတ်လပ်ရေးကို ထိန်းသိမ်းရေး အတွက်သော်၎င်း၊ ရာဇဝင်ပြောင်သော များစွာသော တိုက်ပွဲကြီးများကို ကျော်ဖြတ်ခဲ့ရပေသည်။

အောင်ပွဲခံခဲ့ပြီ

၎င်းတိုက်ပွဲကြီးများတွင် သူ၏သက်တမ်းနှင့်မလိုက်၊အရွယ်ပမာဏ အရည်အချင်းအတွေ့အကြုံတို့နှင့် မျှလောက်အောင် ခက်ခဲလှသော တိုက်ပွဲများကိုလည်း ကျော်ဖြတ်အောင်ပွဲဆင်ခဲ့ပေသည်၊

တပ်မတော်ကြီး ကျော်ဖြတ်ခဲ့ရသော တိုက်စစ်တလင်းများတွင် ပြည်သူလူထုထဲမှ များစွာသော မျိုးချစ်ပုဂ္ဂိုလ်များ၊ လူငယ်လူရွယ်များ ကျဆုံးခဲ့ရပေသည်။ တပ်မတော်၏ ဘခင်ဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းပင်လျှင် ကျဆုံးခဲ့ရပေသည်။

သို့ဖြင့် တပ်မတော်ကြီးသည် သူ၏သက်တမ်းအတွင်း ဗမာ့လွတ်လပ်ရေးအတွက် ရာဇဝင်ကဝေးသော စစ်ရေးတာဝန်ကြီးများကို များစွာသောအသက်၊ သွေး၊ ချွေးတို့ဖြင့် လဲ၍အောင်မြင်စွာကျော်ဖြတ်ခဲ့ပေသည်။

တပ်မတော်ကြီးပေါ်ခဲ့ပုံ

ထို့ကြောင့် နောက်ကြောင်းပြန်ကြည့်ခဲ့သော်၊ ၎င်းတပ်မတော်သည် အဘယ်ကဲ့သို့ ပေါ်ပေါက်လာသနည်း။ တဖွဲ့တဝါတီ တပုဂ္ဂိုလ်အကျိုးအတွက်၊ တဖွဲ့တပါတီက တည်ထောင်ဖွဲ့စည်းခဲ့သော တပ်မတော်ကြီးမဟုတ်ခဲ့ပေ။ တပ်မတော်ကြီးသည် ပြည်သူတို့တို့၏ လွတ်လပ်ရေးအတွက် ပြည်သူတို့ထံမှ ပေါ်ထွက်လာခဲ့သော ပြည်သူတို့၏ တပ်မတော်သာဖြစ်သည်။ မျိုးချစ်ပြည်သူတို့ အဘယ်ကြောင့်မိမိတို့၏ ကိုယ်ကျိုးစွန့်၍ အသက်သွေး ချွေးတို့ကိုစွန့်၍ လက်နက်ကိုင်ပြီး တိုက်ပွဲဝင်ခဲ့ပါသနည်း။ ရာဇဝင်သမိုင်းနှင့်ချီ၍ ပင်ကိုရိစိတ်ဓါတ်ခံဖြစ်သော မိမိတို့၏ လွတ်လပ်ရေးကို ချစ်မြတ်နိုးသည့် မျိုးချစ်စိတ်ဓါတ်ခံဖြစ်ပေသည်။ တပါတီပုဂ္ဂိုလ်တဦးတယောက် အကျိုးအတွက် အသက်စည်းစိမ်ကို စွန့်လွှတ်ခဲ့ကြခြင်း မဟုတ်ပေ။

ပုဂ္ဂိုလ်ကိုချစ်၍မဟုတ်

တဖန် အဘယ်ကြောင့်သက်တမ်းနုလှသော တပ်မတော်သည် အင်အားပမာဏ မမျှသော ရန်သူတို့အပေါ် အောင်ပွဲဆင်နိုင်ခဲ့ပါသနည်း။ ယခုအထိ မမောမပန်း ဇက်တိုက်—တိုက်ပွဲဝင်နိုင်ခဲ့ပါသနည်း။ အကြောင်းမှာ လူသုတွင် ခွန်အားအကြီးဆုံးဖြစ်သော မျိုးချစ်စိတ်ဓါတ်ကြောင့်သာဖြစ်ပေသည်။ တဖွဲ့—တပါတီ-တပုဂ္ဂိုလ်ကိုချစ်မြတ်နိုးသော သံယောဇဉ်စိတ်ဓါတ်ကြောင့် မဟုတ်ပါပေ။

မျိုးချစ်စိတ်ဓါတ်

သို့ဖြင့် တပ်မတော်ကြီး ပေါ်ပေါက်လာခြင်း၊ အောင်ပွဲများခံယူခြင်း၊ အောင်ပွဲအတွက် ကိုယ်ကျိုးစွန့်လွှတ်ခဲ့ကြခြင်းစသည်ဝ

သည်၊ တဖွဲ့တပါတီတပုဂ္ဂိုလ်ကို ချစ်မြတ်နိုး၍ မဟုတ်ပေ။ မိမိတို့လွတ်လပ်ရေးကိုမြတ်နိုးသော မျိုးချစ်စိတ်ဓါတ်ကြောင့်သာ ဖြစ်ပေသည်။

လူတို့တွင် မျိုးချစ်စိတ်သည် တန်ခိုးစွမ်းအားကြီးမားလှပေသည်။ ကမ္ဘာ့သမိုင်းတလျှောက်တွင် ကြီးနိုင်ငယ်ညှဉ်းခဲ့သော စစ်ပွဲများဖြင့် မြွမ်းတီးလျက်ရှိရာ၊ လူမျိုးတိုင်းမည်မျှဝင်သေးလင့်ကစား မိမိလူမျိုး မပပျောက်အောင် ထိန်းသိမ်းလာနိုင်ခဲ့သော စွမ်းအားမှာ မျိုးချစ်စိတ်ဓါတ်ပင်ဖြစ်ပေသည်။

ခါးပိုက်ဆောင်တပ်ဖြစ်လျှင်

ဤကဲ့သို့ သဘာဝလည်းကျ၊ အစဉ်အလာလည်း ဖြစ်သော အောင်ပွဲတို့၏ အရင်းခံလည်းဖြစ်သော မျိုးချစ်စိတ်ကိုကျော်လွှားပြီး၊ တနည်းအားဖြင့် တိုင်းပြည်လူထုကို ချစ်မြတ်နိုးသော စိတ်ဓါတ်ကို ဘေးဖယ်ပြီး၊ တဖွဲ့တပါတီပုဂ္ဂိုလ် တဦးတယောက်၏ လက်ကိုင်ဒုတ် ခါးပိုက်ဆောင် စစ်တပ်အဖြစ် ဖန်တီးရပ်လုံးဖေါ်ပြမည်ဆိုလျှင် တပ်မတော်ကြီး၏ ရာဇဝင်ပြောင်းခဲ့သော အစဉ်အလာကိုလည်း ပယ်ဖျက်ရာကျလေသည်။

တိုင်းကျိုး ပြည်ကျိုးဆောင်၊ တိုင်းချစ် ပြည်ချစ် တပ်မတော်ကြီးအဖြစ်မှ လျှောကျနိမ့်ဆင်းရပေမည်။

မျိုးချစ်စိတ်ခေါင်းပါးပြီးကျဉ်းမြောင်းသော ကိုယ်ကျိုးစီးပွားကိုသာ ရှေ့ရှုမည့် တပ်မတော်အဖြစ်သို့ ကျရောက်သွားရပေမည်၊

ဤတပ်မျိုးသည် စည်းကမ်းစံနစ်ကိုငင်း၊ တရားဥပဒေကိုငင်း၊ အများဆန္ဒဒီမိုကရေစီတရားကိုငင်း၊ ပြည်သူလူထုကိုငင်း၊ ရိုသေလေးစားကြမည်မဟုတ်။ မိမိတို့ ကိုယ်စားပြုရာ တဖွဲ့တပါတီတပုဂ္ဂိုလ်၏ အမိန့်ဩဇာကိုသာ နာခံလေးစားကြလိမ့်မည်။

တိုင်းပြည် ရန်သူအဖြစ်

ဤသို့သောတပ်မျိုးသည် တစတစ စွမ်းရည်သတ္တိလျော့ကျပြီး ယခင်ကကဲ့သို့ အောင်ပွဲများကို ပေးနိုင်တော့မည်မဟုတ်ပေ။ အရေးကြုံချင် တိုင်းပြည်အားငင်း၊ ထို့ပြင် ၎င်းတို့ကိုယ်စားပြုရာ တ

ဖွဲ့တပါတီတဦးတယောက်ကိုငင်း၊ ၎င်းတို့ကိုယ်တိုင်ပင်ငင်း၊ ကာကွယ်ပေးနိုင်မည်မဟုတ်ချေ။ နောက်ဆုံးတွင် မည်သူ့ကိုမှ ကာကွယ်ပေးနိုင်မည်မဟုတ်ဘဲ၊ လက်ကိုင်ဒုတ်ခါးပိုက်ဆောင်တပ်အဖြစ် တိုင်းပြည်ရန်သူ အဖြစ်သို့ ကျရောက်သွားနိုင်ပေသည်။

ပြည်ချစ်မျိုးချစ်စိတ်

အထက်ပါတို့ကို ထောက်ထားပြီး ဤလွတ်လပ်ရေးကို အကြောင်းပြု၍ ပေါ်ပေါက်လာရသော တပ်မတော်၏ သမိုင်းစဉ်လာနှင့် မူရင်းရည်မှန်းချက်များကိုထောက်ထား၍ငင်း၊ လွတ်လပ်ရေးအတွက်ကိုယ်ကျိုးစွန့်ခဲ့ရသော အာဇာနည်ပြည်သူတို့ကို ထောက်ထား၍ငင်း၊ ယခုအထိ တပ်မတော်က အောင်ပွဲများ ထူလာနိုင်ခဲ့သော တန်ခိုး စွမ်းအားကြီးသည့် မျိုးချစ်စိတ်၏ ကျေးဇူး အာနိသင်ကို နားလည်ကြခြင်းဖြင့်ငင်း၊ ခါးပိုက်ဆောင် စစ်တပ် ရုပ်လုံးဒပေါ်ခဲ့သော်၊ ဖြစ်ပျက်လာနိုင်မည့် တိုင်းပြည်နှင့် တပ်မတော်အပေါ် ကျရောက်လာနိုင်သော ဘေးအန္တရာယ် တို့ကို ထောက်ထား၍ငင်း၊ လက်ရှိတပ်မတော်ကြီးသည် တပါတီတပုဂ္ဂိုလ်၏ ဩဇာခံခါးပိုက်ဆောင်စစ်တပ်အဖြစ် ရုပ်လုံးပေါ်ထွက်မလာစေအောင် ကာကွယ်ရန်အတွက်ငင်း၊ အစဉ်အလာဖြစ်လာသော တိုင်းချစ် ပြည်ချစ် မျိုးချစ်စိတ်ဓါတ်ကို အစဉ်အမြဲထိန်းသိမ်းရန်ငင်း မည်မျှအရေးကြီးသည်ကို သိမြင်နိုင်ကြပေသည်။

ဤတာဝန်မှာ တပ်မတော်တွင်သာမက လူတိုင်းတွင် အနဲအများတာဝန်ရှိပေသည်။

တာဝန်ရှိသူများ

ထိပ်ဆုံးတာဝန်ခံအစိုးရတွင်ငင်း၊ တပ်မတော်စစ်ခေါင်းဆောင်များတွင်ငင်း၊ တပ်မတော်တွင်းရှိ အဆင့်အတန်းအမျိုးမျိုးရှိကြသည့် ရဲဘော်တိုင်းတွင်ငင်း၊ တိုင်းသူ ပြည်သားများတွင်ငင်း၊ တာဝန်ရှိပေသည်။

အရေးကြီးသော မိန့်ခွန်း

ထို့ကြောင့် ဝန်ကြီးချုပ်၏ တဖွဲ့တပါတီ တပုဂ္ဂိုလ်၏ဩဇာခံ ခါးပိုက်ဆောင်တပ်မဖြစ်စေနှင့်၊ ပြည်သူ့ တပ်မတော်အဖြစ် နိုင်မြဲအောင်လုပ်ဟူသော ယခုနှစ် တပ်မှူးညီလာခံမိန့်ခွန်းသည်၊ တပ်မတော်တွင်သာမက တိုင်းပြည်အတွက်ပါ အရေးကြီးသော မိ ခွန်း ဖြစ်ပေသည်။

ကျွန်ုပ်တို့သည်အန္တရာယ်ကြီးလှသော ခါးပိုက်ဆောင်စစ်တပ် မဖြစ်ရအောင် ကာကွယ်ရန်၎င်း၊ မျိုးချစ် ပြည်သူ့တပ်မတော်ကြီး အဖြစ် ထိန်းသိမ်းရန်၎င်း၊ အရေးကြီးသော တာဝန်ဖြစ်ကြောင်း လူတိုင်းသိရှိသတိပြုကြရန် အထူးသဖြင့် တပ်မတော်ကြီးက ပိုမိုဂရုပြုကြစေရန်၊ ပြည်သူပြည်သား တယောက်အနေဖြင့် ထပ်မံနှိုးဆော်သတိပေး ရေးသားတင်ပြရသည်။

ဝေဘန်မှု အရေးကြီးသည်

ဤနေရာတွင် ရေးသားလိုသော အကြောင်းတချက်မှာ ကျွန်တော်ဗြိတိန်သို့ရောက်စဉ်က ပုဂ္ဂိုလ်တဦးကပြောဘူးပါသည်။ ဗြိတိသျှ တပ်မတော်ကြီးတိုးတက်ပြောင်းလဲလာခြင်းမှာ သူတို့၏စစ်ဗိုလ်ချုပ်ကြီးများနှင့် အစိုးရ ခေါင်းဆောင်ကြီးများက ပြုပြင် ဖန်တီးခြင်းကြောင့်သာမဟုတ်၊ ဗြိတိန်ပြည်သူပြည်သားများနှင့်ဗြိတိသျှပါလီမန်တို့၏ လွတ်လပ်စွာ ဝေဘန်ပဲ့ပြင်ပေးမှုကြောင့်လည်း ဖြစ်သည်ဟု ဆို၏။

ဝေဘန်တိကပြုခြင်း၊ အကြံပေးခြင်းတို့သည် ပြုပြင်တိုးတက်ရေးတို့အတွက် လက်နက်အင်အားပင်ဖြစ်လေသည်။

ကျွန်တော်တို့တိုင်းပြည်တွင် ကိုလိုနီခေတ်၏ အငွေ့အသက် အရှိန်အစော် ကျန်ရစ်ခဲ့မှုကြောင့် ဖြစ်ဟန်တူသည်။ စစ်တပ်ဆိုလျှင် ဘေးဖယ်လျစ်လျူရှုချင်ကြသည်။ အစိုးရခေါင်းဆောင်များပင်လျှင်၊ စစ်တပ်ကိုခပ်ခွါခွါဆက်ဆံခဲ့သည်။ ထင်ရှားသည်မှာ အထက်ပါဝန်ကြီးချုပ်မိန့်ခွန်းတနေရာတွင် "အစိုးရအနေဖြင့် တပ်မတော်ကြီးအတွက်

လိုသောငွေရှာပြီး၊ ကောင်းအောင် လုပ်ကြကွာဟု ပြောရုံမှတပါး၊ဘာမျှမတတ်နိုင်"ဟု ဖေါ်ပြထားသည်။

ဗြိတိန်တွင် ထိုသို့မဟုတ်ပေ။ သူတို့သည် တပ်မတော်ကို ချီးကျူးစရာရှိလျှင် ချီးကျူး၍၊ ဝေဖန်စရာရှိလျှင် ဝေဖန်ကြသည်။ ဤသို့ ဝေဖန်ခြင်း၊ အကြံပေးခြင်းတို့ကို တပ်မတော်အနေဖြင့်လည်း မိမိတို့ ကောင်းရာ ကောင်းကျိုး အတွက်နာယူသင့်သည်တို့ကို နာယူကြစမြဲ ဖြစ်လေသည်။

ယခုအခါ ဗမာပြည်တွင် တပ်မတော်အား ပါလီမန်၌၎င်း၊ သတင်းစာများတွင်၎င်း၊ စတင်ပြီး အတော်ပင်ဝေဖန်ခြင်း၊ အကြံပေးခြင်းများ တစတစ ပြုလာကြပေပြီ။

ဤအခြင်းအရာတို့သည် ကျွန်တော်တို့၏ ကာကွယ်ရေး တပ်မတော်ကြီးအဘို့ တိုးတက်ရာ တိုးတက်ကြောင်း အတွက် အင်အားတရပ်အဖြစ် စတင်ဖြစ်ထွန်းလာခြင်းဖြစ်၍၊ ကျေးဇူးတင်ဘွယ်ပင် ဖြစ်လေသည်။

" တိုင်းပြည်သည်
တပ်မတော်အတွက် မဟုတ်"
" တပ်မတော်သည်
တိုင်းပြည်အတွက်သာ ဖြစ်သည်"

(ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းဆောင်ပုဒ်)